# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၆၉]


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ကနေဒါအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ အမျိုးသားနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ဒေးဗစ် ဂျွန်စတန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်သမ္မတ၏ မွန်ဂိုလီးယားနိုင်ငံ ချစ်ကြည်ရေးခရီးတွင် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ သဘောတူညီခဲ့

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာရာ မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.L. Purevsuren၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယား သံအမတ်ကြီး H.E. Mr. Ch. Battumur၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာရှ-အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန ညွှန်ကြားရေးမှူး Mr. N. Naranbat၊ သံတမန်ရေးရာဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Chinggis Khan အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ Chinggis Khan အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

## နိုင်ငံတကာ

**ကမ်းခြေဟိုတယ်တိုက်ခိုက်ခံရမှုကြောင့် ယခုနှစ်အတွင်း တူနီးရှား၏ ခရီးသွားလုပ်ငန်းဝင်ငွေ ဒေါ်လာ ၅၁၅ သန်းခန့် ဆုံးရှုံး**

စာမျက်နှာ ❖ ၄

## ဆောင်းပါး

**မဏ္ဍိုင်ကြီးများ ဟန်ချက်ညီ၍ ကြံ့ခိုင်စေချင်သည်**

စာမျက်နှာ ❖ ၆

## ဥပဒေကြမ်း

**ငွေစာရင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

စာမျက်နှာ ❖ ၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အရည်အသွေးမှန်ကန်ရေးအလေးထား

မည်သည့်ပစ္စည်းမဆို မျှတသော ဈေးနှုန်းကို လူတိုင်းနှစ်သက်သည်။ တန်ဖိုးဈေးကြီးကြီးပေးပြီး တန်ဖိုးနှင့်ညီမျှသော အရည်အသွေးနှင့်ပမာဏကို ပြည့်မီစွာ မရလျှင် မည်သူမျှ ထိုကုန်ပစ္စည်းအပေါ် ကျေနပ်နှစ်သက်ကြလိမ့်မည်မဟုတ်ချေ။ ဒီမိုကရေစီ စီးပွားရေးစနစ်သည် ပွင့်လင်းမြင်သာမှုရှိသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချပြီး ဈေးကွက်ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်းသည် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သည်နှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ဖော်ဆောင်နေပြီဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များကို ၂၀၁၀ ပြည့်နှစ် ဇွန်လအတွင်းစတင်ဖွင့်လှစ်ရောင်းချခွင့်ပြုသည့် အချိန်မှစ၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်ကဏ္ဍအတွက်သာ စက်သုံးဆီများ တာဝန်ယူဖြန့်ဖြူးပြီး အခြားပုဂ္ဂလိကကဏ္ဍများကို ပုဂ္ဂလိကစက်သုံးဆီဆိုင်များက ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ သို့သော် အချို့သောစက်သုံးဆီအရောင်းဆိုင်များသည် သတ်မှတ်ထားသော စံသတ်မှတ်ချက်အရည်အသွေးပြည့်မီမှုမရှိခြင်း၊ အခြင်အတွယ်မှန်ကန်မှုမရှိခြင်း၊ တရားဝင်ရောင်းချခွင့်နှင့် တရားဝင် စက်သုံးဆီသိုလှောင်ခွင့်ဆိုင်ရာ အချက်အလက်အထောက်အထားများမရှိခြင်းတို့ကို တွေ့ရှိနေရသည်။ ဤသို့ လုပ်ဆောင်မှုများသည် ဈေးကွက်စီးပွားရေးစနစ်နှင့် ဆန့်ကျင်လျက်ရှိပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းက ကြီးကြပ်၍ ပုဂ္ဂလိကစက်သုံးဆီဆိုင်များအား အရည်အသွေးပြည့်မီရေးနှင့် အခြင်အတွယ် မှန်ကန်ရေးတို့အတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ခြင်ခွက်များ၊ **Mobile Fuel Lab** ကားများဖြင့် လှည့်လည်စစ်ဆေးအရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။ အရေးယူမှုအပိုင်းအနေဖြင့် ဦးစွာ ပထမသတိပေးခြင်း၊ ဆက်လက်၍ စည်ကမ်းချိုးဖောက်ပါက တစ်လပိတ်သိမ်းခြင်း၊ သုံးလပိတ်သိမ်းခြင်း၊ ခြောက်လပိတ်သိမ်းခြင်းနှင့် နောက်ဆုံးလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်များကို သတ္တုတွင်း ဝန်ကြီးဌာနက ခွင့်ပြုပြီး စက်သုံးဆီရောင်းချခွင့် လိုင်စင်များကို စွမ်းအင်ဝန်ကြီးဌာနက စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး၌ ပုဂ္ဂလိကထံ လွှဲပြောင်းပေးခဲ့သည့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်အပါအဝင် ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း ၁၄၀၂ ဆိုင် ခွင့်ပြုထားပြီး နိုင်ငံပိုင် ၁၂ ဆိုင်သာရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနက ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများတွင် ဖော်ပြသည်။

ဤသို့ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် အများအပြားဖြစ်လာသော်လည်း ဈေးနှုန်းမှာ တစ်နိုင်ငံလုံး တစ်ပြေးညီ မဖြစ်သေးပေ။ အချို့ဆိုင်များမှာ ဈေးပိုရောင်းနေကြသည်။ အချို့သောဆိုင်များက ဈေးပို မရောင်းသော်လည်း အရည်အသွေးနှင့် အခြင်အတွယ်ပေါ်တွင် လျှော့ချနေကြသည်။ စက်သုံးဆီအရောင်းဆိုင်တိုင်းသည် အရည်အသွေးမှန်ကန်ရမည်၊ အခြင်အတွယ်ပြည့်ဝရမည်၊ ဈေးနှုန်းမျှတရမည်ဖြစ်ပါသည်။ သို့မှသာ ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီမှုရှိမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အလွန်အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ချိန်တွင် အာဆီယံဒေသတွင်းနိုင်ငံများက အပြိုင်အဆိုင် ဈေးကွက် ယှဉ်ပြိုင်မှုဖြင့် ဝင်ရောက်လာတော့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကတည်းက မည်သည့်ကုန်ပစ္စည်းကိုမဆို အရည်အသွေးပြည့်မီစွာ၊ မျှတမှန်ကန်စွာ ရောင်းချရေးအတွက် အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

သင့်မဲဖြင့် အနာဂတ်အား
ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

# ဒေါက်တာမောင်မောင်ကွယ်လွန်ခြင်း(၂၁)နှစ်မြောက်အထိမ်းအမှတ် ဝတ်စုံနှင့် လက်နှိပ်စက်တို့ကို လှူဒါန်း

**နေပြည်တော် ဇွန် ၃၀**

ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတ၊ အငြိမ်းစား) ကွယ်လွန်ခြင်း (၂၁) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ၎င်းသက်ရှိထင်ရှားရှိစဉ် ပထမတစ်ကြိမ် Doctorate in International Law (LLD), Utrecht University, The Hague Netherlands နှင့် ဒုတိယတစ်ကြိမ် Doctor of Juridical Science (JSD),Yale University, New Haven, Connecticut, U.S.A တို့အတွက် ပါရဂူဘွဲ့ နှစ်ကြိမ် ဆွတ်ခူးရယူနိုင်ရန် ပညာဆည်း ပူးသင်ယူခဲ့သည့်ကာလကလည်းကောင်း၊ ဥပဒေပညာနှင့်ပတ်သက်၍ အမိမြန်မာနိုင်ငံတော်အတွက် ရာထူးအဆင့်ဆင့်ဖြင့် နိုင်ငံ့တာဝန်များကို ထမ်းရွက်ခဲ့ရာတွင်လည်းကောင်း ဝတ်ဆင်ခဲ့သည့် ဝတ်စုံနှင့် ဒေါက်တာမောင်မောင်သည် စာရေးဆရာတစ်ဦးဖြစ်သည်နှင့်အညီ စာမူများကို ကိုယ်တိုင်ရေးသားရိုက်နှိပ်ရာတွင် အသုံးပြုခဲ့သော အင်္ဂလိပ် လက်နှိပ်စက်တစ်လုံးတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ အမျိုးသား ပြတိုက်တွင် မှတ်တမ်းတင်ထားရှိနိုင်ရန်အလို့ငှာ သက်ရှိထင်ရှား ကျန်ရစ်သူဇနီး ဒေါ်ခင်မြင့်၏ကိုယ်စား သားကြီးဖြစ်သူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ဇွန် ၂၃ ရက်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့သည်။




အဆိုပါ လှူဒါန်းပွဲသို့ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ အမြဲတမ်း အတွင်းဝန် ဒေါ်နန္ဒာမွန်းနှင့်အဆင့်မြင့် အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီချင်းရေးစပ်ခြင်း သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၃၀**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာပေနှင့် အနုပညာအသင်းမှ ကြီးမှူး၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအထောက်အကူပြု သီချင်းရေးစပ်ခြင်းအတွက် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ (ဂီတ) ဦးမောင်မောင်ဇော်ထက် (အကယ်ဒမီဒီရာမို)ပို့ချသည့် ပညာပေးသင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အားကစားခန်းမ၌ ဇွန် ၂၉ ရက်နှင့် ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**




## နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သဗြေ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၄၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

၂၂-၆-၂၀၁၅မှ ၂၆-၆-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၇၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၂၀ ကျပ်ဖြစ်ပြီး လက်လီဆိုင် များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (စွမ်းအင်ဝန်ကြီးဌာန)

◆ *ရှေ့ဖုံးမှ*
တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကိုကိုနိုင်နှင့် နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့ ပြန်လည်လိုက်ပါလာကြသည်။

မြန်မာ-မွန်ဂိုလီးယား သံတမန်ဆက်သွယ်မှုကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် သာမန်ဆက်ဆံမှုသာရှိခဲ့သော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းတွင် ပိုမိုရင်းနှီးနွေးထွေးသည့် ဆက်ဆံမှုများရှိလာခဲ့ရာ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံသို့ မွန်ဂိုလီးယားနိုင်ငံ အကြီးအကဲတစ်ဦး၏ ပထမဆုံးခရီးစဉ်ဖြစ်ခဲ့သည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အကြီးအကဲတစ်ဦး၏ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း မွန်ဂိုလီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်အားပေးထောက်ပံ့သွားရန် အသင့်ရှိကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ပြောင်းလဲမှု ကာလများအတွင်း တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများနှင့်သင်ခန်းစာများ မျှဝေရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်သွားရန်နှင့် မွန်ဂိုလီးယားနိုင်ငံမှ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ မြန်မာနိုင်ငံသို့စေလွှတ်ရန် နှစ်ဖက်သက်ဆိုင်ရာ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သူများဖလှယ်ရေး၊ ကုန်သွယ်ရေး၊ သတ္တုကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့်စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝသယံဇာတများကို သင့်လျော်စွာအသုံးချရေး၊ ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘူမိဗေဒဆိုင်ရာ တူးဖော်မှုတွင် ကျွမ်းကျင်မှုဖလှယ်ရေးနှင့်အရင်းအမြစ်တူးဖော်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ငန်းစဉ်(EITI) မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်သွားရေး စသည့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို သဘောတူညီခဲ့ကြပြီး အောက်ပါစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခဲ့ကြသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊
(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်ကောင်စီနှင့် မွန်ဂိုလီးယားနိုင်ငံ၊ အူလန်ဘာတာမြို့တော်ကောင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မွန်ဂိုလီးယားနိုင်ငံအမျိုးသားကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့အကြား နားလည်မှုစာချွန်လွှာ။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် မွန်ဂိုလီးယားနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် လာမည့် ၂၀၁၆ ခုနှစ်တွင် နှစ်(၆၀) ပြည့်မြောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



၂၀၁၃ ခုနှစ် နိုဝင်ဘာလက မွန်ဂိုလီးယားသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို ဤသို့ စစ်ဆေးခဲ့ကြသည်။ (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*
အလားတူ ဇူလိုင် ၁ ရက်တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ အမျိုးသားနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စတီဗင်ဂျိုးဇက်ဟာပါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကနေဒါနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ အမျိုးသားနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရောဘတ် ဒီ နီကိုလ်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စာပေမြင့်မှ
လူမျိုးတင့်မည်

# ကမ်းခြေဟိုတယ်တိုက်ခိုက်ခံရမှုကြောင့် ယခုနှစ်အတွင်း တူနီးရှား၏ ခရီးသွားလုပ်ငန်းဝင်ငွေ ဒေါ်လာ ၅၁၅ သန်းခန့်ဆုံးရှုံး

**တူးနစ် ဇွန် ၃၀**

ပြီးခဲ့သည့် သောကြာနေ့က ဖြစ်ပွားခဲ့သော ကမ်းခြေဟိုတယ်တစ်ခုတိုက်ခိုက်ခံရမှုတွင် ဗြိတိသျှလူမျိုး အားလပ်ရက်အပန်းဖြေသူ အများစုပါဝင်သည့် လူ ၃၉ ဦးသေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် တူနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုနှစ်အတွင်း ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၅၁၅ သန်း ထက်မနည်း ဆုံးရှုံးသွားရကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေကြောင်း၊ ဆုံးရှုံးမှုပမာဏမှာ ကြီးမားလိမ့်မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဆယ်လ်မာလိုမီက ယမန်နေ့က ခန့်မှန်းပြောကြားသည်။

မြောက်ပိုင်းအာဖရိကနိုင်ငံတစ်ခုဖြစ်သော တူနီးရှားသည် ယမန်နှစ်က ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံရရှိခဲ့သည်။ ခရီးသွားလုပ်ငန်းသည် တူနီးရှား၏ အဓိကကျသော နိုင်ငံခြားဝင်ငွေရှာဖွေသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး အလုပ်အကိုင်အများအပြားကိုလည်း ဖန်တီးပေးနိုင်ကာ အမျိုးသားထုတ်ကုန်ပမာဏ၏ ခုနစ်ရာခိုင်နှုန်းရှိသည့်ကဏ္ဍဖြစ်သည်။

**(ရိုက်တာ)**

# အီဂျစ်ရှေ့နေချုပ် တိုက်ခိုက်ခံရပြီးသေဆုံး

**ကိုင်ရို ဇွန် ၃၀**

အီဂျစ်ရှေ့နေချုပ်သည် တနင်္လာနေ့က ကိုင်ရိုမြို့ ဗုံးခွဲတိုက်ခိုက်မှုအတွင်း ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း မီနာသတင်း အေဂျင်စီက ဖော်ပြသည်။

အသက် ၆၅ နှစ်အရွယ်ရှိ ဟက်ရှန်ဘာရာကတ်သည် ဒဏ်ရာပြင်းထန်စွာရပြီး သေဆုံးသွားခဲ့ကြောင်း၊ သေဆုံးပြီးမကြာမီ ခွဲစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အစိုးရရှေ့နေချုပ်ကို ပစ်မှတ်ထားတိုက်ခိုက်သည့် ယင်းတိုက်ခိုက်မှုအတွင်း နောက်ထပ်ကိုးဦးလည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တိုက်ခိုက်မှုတွင် ကားဗုံးကို အဝေးထိန်းခလုတ်သုံးပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလွန်ပြင်းထန်ပြီး ရှေ့နေချုပ်၏ကားမှာ အဝေးသို့လွင့်စဉ်သွားခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုသည် သမ္မတဟောင်းမော်စီအား ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် အီဂျစ်စစ်ဘက်က ဖြုတ်ချခဲ့ပြီး ဒုတိယမြောက် နှစ်ပတ်လည်မရောက်မီ တစ်ရက်အလိုတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာ အိုင်အက်စ်စစ်သွေးကြွများက အစိုးရတာဝန်ရှိသူများအား ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိရာ မေလအတွင်းကလည်း တရားသူကြီးနှစ်ဦးနှင့် ရှေ့နေတစ်ဦးတိုက်ခိုက်မှုများအတွင်း သေဆုံးသွားခဲ့သည်။ **(ဆင်ဟွာ)**

# ဂျပန် ရှင်ကန်ဆန်ကျည်ဆန်ရထားပေါ်တွင် လူတစ်ဦးကိုယ့်ကိုယ်ကိုယ် မီးတင်ရှို့




**တိုကျို ဇွန် ၃၀**

ဂျပန် ရှင်ကန်ဆန် ကျည်ဆန်ရထားတစ်စင်းပေါ်တွင် ခရီးသည်တစ်ဦး မိမိကိုယ်ကို ဆီများလောင်းချကာ မီးရှို့ခဲ့ရာမှ နောက်ထပ်ခရီးသည်တစ်ဦး အပါအဝင် စုစုပေါင်းနှစ်ဦး သေဆုံးသွားခဲ့သည့်ဖြစ်ရပ် ယနေ့ဖြစ်ပွားကြောင်း မီဒီယာများက ဖော်ပြသည်။

ဂျပန်နိုင်ငံမြို့တော် တိုကျိုမှ နိုင်ငံအနောက်ပိုင်းရှိ မြို့တော် အိုဆာကာသို့ ခုတ်မောင်းသည့် ကျည်ဆန်ရထားတစ်တွဲထက်မနည်း မီးခိုးလုံးများ ဖုံးအုပ်ပြည့်နှက်သွားခဲ့ပြီးနောက် ခရီးသည် ၁၀၀၀ ခန့်လိုက်ပါလာသည့် အဆိုပါရထားကို အရေးပေါ်ရပ်တန့်ခဲ့ရကြောင်း မီးသတ်ဌာနတာဝန်ရှိသူများက ပြောကြားသည်။

မျက်မြင်သက်သေတစ်ဦး၏အဆိုအရ အမျိုးသားတစ်ဦးသေဆုံးသွားကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ ယင်းအမျိုးသားသည် ကိုယ့်ကိုယ်ကို ဆီများလောင်းချကာ မီးတင်ရှို့ခဲ့ခြင်းဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ မည်သည့်အကြောင်းကြောင့် ယင်းအမျိုးသား ကိုယ့်ကိုယ်ကို မီးတင်ရှို့ခဲ့ခြင်းဖြစ်သည်ကို လတ်တလောတွင် မသိနိုင်သေးဟု ဆိုသည်။

အဆိုပါဖြစ်ရပ်တွင် အမျိုးသမီးခရီးသည်တစ်ဦးလည်း သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေ ရုပ်မြင်သံကြား သတင်းဌာနက ထုတ်လွှင့်ခဲ့ပြီး အခြားခရီးသည်တစ်ဦးမှာလည်း စိုးရိမ်ဖွယ်အခြေအနေဖြင့် ဒဏ်ရာရရှိသွားကာ ခရီးသည်အများအပြားမှာလည်း အသေးအဖွဲထိခိုက်မှုများရှိခဲ့ကြောင်း မီးသတ်တာဝန်ရှိသူများက ပြောကြားသည်။

ရထားတွဲအတွင်း မီးခိုးလုံးများ ထွက်ပေါ်လာသည်နှင့် ခရီးသည်အများစုမှာ အခြားတွဲများသို့ ကူးပြောင်းသွားခဲ့ကြောင်း သတင်းများက ဆိုသည်။

အဆိုပါ ကျည်ဆန်ရထားကို ဂျေအာရ် တိုကိုင်းကုမ္ပဏီက တာဝန်ယူပြေးဆွဲနေခြင်းဖြစ်ပြီး လျင်မြန်မှုနှင့် လုံခြုံစိတ်ချရမှုများကြောင့် လူသိများကျော်ကြားသည်။ **(ရိုက်တာ)**

# အင်ဒိုနီးရှားစစ်လေယာဉ်ပျက်ကျ လူ ၄၉ ဦး ထက်မနည်းသေဆုံး

**ဂျကာတာ ဇွန် ၃၀**

အင်ဒိုနီးရှား စစ်သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း ဆူမားတြားမြောက်ပိုင်း မြို့တော်၌ ပျက်ကျရာ လူ ၄၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီတစ်ခု၏ ထုတ်ပြန်ချက်အရ သိရသည်။

ဘာဆာနား(စ်)အေဂျင်စီမှ ဟီဆာတာနစ်က "ဒါ နောက်ဆုံးရသတင်းပဲ၊ အရေအတွက်ကတော့ တိုးလာနိုင်တယ်" ဟု ရိုက်တာသို့ ပြောကြားသည်။


C-130 အမျိုးအစားလေယာဉ်ပေါ်၌ အမှုထမ်း ၁၂ ဦးနှင့် လေယာဉ်မောင်းတစ်ဦး လိုက်ပါကြပြီး သေဆုံး သူငါးဦး၏ အလောင်းများကို တွေ့ရှိခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ် ဖူအတ်ဘာဆာရာက ပြောသည်။

လေယာဉ်ပျက်ကျရာဝန်းကျင်ရှိ အိမ်များနှင့် ဟိုတယ်များမှာ မီးတောက်မီးခိုးများ ဖုံးလွှမ်းနေသည်ကို ပြည်တွင်း ရုပ်မြင်သံကြားတွင် တွေ့ရသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အင်ဒိုနီးရှား စစ်ဘက်နှင့် ရဲဘက်ရဟတ်ယာဉ်ပျက်ကျမှု ဆယ်ခုဖြစ်ပွားခဲ့ကြောင်း လေကြောင်းလုံခြုံရေး ကွန်ရက်မှ သိရသည်။

အင်ဒိုနီးရှားလေကြောင်းလုံခြုံရေးမှတ်တမ်းများအရ ပျက်ကျလေယာဉ်၏ သက်တမ်းကို စစ်ဆေးရာ အဆိုပါလေယာဉ်သည် ၁၉၆၄ ခုနှစ်လုပ် လေယာဉ်ဖြစ်သည်ဟု သိရသည်။ လေယာဉ်သည် မီဒန်အခြေစိုက်လေတပ်မှ နာတူ နာကျွန်းသို့ ပျံသန်းစဉ် မိနစ်အနည်းငယ်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဘာဆာရာက ပြောသည်။ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် လေယာဉ်ကို ပြန်လှည့်လာရန် လေယာဉ်မောင်းကို ပြောထားပြီးဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

"လေယာဉ်ဟာ နိမ့်နိမ့်လေးနဲ့ အပေါ်မှာ ခဏလေး ဝဲနေတာ" ဟု ဂိုးဒင်းအလဲဗင်းဟိုတယ် ဧည့်ကြိုဌာနမှ အယ်(လ်) ဖရီဒါအက်(ဖ်)ဖီက ပြောသည်။ "တတိယတစ်ကြိမ်မှာတော့ ဟိုတယ်အမိုးကို တိုက်မိပြီး ချက်ချင်းပေါက်ကွဲမှု ဖြစ်တော့တာပဲ" ဟု ၎င်းက ရိုက်တာသို့ ပြောသည်။ လေယာဉ်သည် လူစည်ကားသည့် အနှိပ်ခန်းတစ်ခုကိုလည်း တိုက်မိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။ **(ရိုက်တာ)**



# ယီမင်၌ အမျိုးသမီးတစ်ဦး အသေခံကားဗုံးခွဲ အနည်းဆုံးလူ ၂၀ ကျော် ထိခိုက်ဒဏ်ရာရ

**ဆာနား ဇွန် ၃၀**

ယီမင်မြို့တော်ဆာနား၌ တနင်္လာနေ့ ညပိုင်းက ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် ဆာဘားသတင်းအေဂျင်စီက ဖော်ပြသည်။

တိုက်ပွဲအတွင်း ရှီးယိုက်ဟူသီတိုက်ခိုက်ရေးသမားတစ်ဦးသေဆုံးသော အခမ်းအနားကျင်းပရာ နေအိမ်အနီး အမျိုးသမီးတစ်ဦးကကားဖြင့်ဝင်ရောက်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆာဘားသတင်းအေဂျင်စီမှ မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

တိုက်ခိုက်မှုအတွင်း အနည်းဆုံး လူ ၂၀ ဒဏ်ရာရခဲ့ကြောင်း၊ အချို့မှာ စိုးရိမ်ရကြောင်း၊ ယင်းအသေခံတိုက်ခိုက်မှုမဖြစ်ပွားမီ ခန္ဓာကိုယ်ပေါ် ဖောက်ခွဲရေးပစ္စည်းပတ်ထားသူသုံးဦးကို အစိုးရစစ်သည်များက ပစ်သတ်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဟူသီရုံးနှင့် စစ်ဘက်ဆေးရုံအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဟူသီခေါင်းဆောင်များ အစည်းအဝေးပြုလုပ်နေသည့် ဟူသီရုံးကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး နှစ်ပတ်မပြည့်မီအတွင်း တတိယအကြိမ်တိုက်ခိုက်သည့် တိုက်ခိုက်မှုဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# အမေရိကန်ရှိ သမိုင်းဝင်ဘေ့စ်ဘောအားကစားရုံ မီးလောင်ကျွမ်း

**ပို့တ်လန်းဒ် ဇွန် ၃၀**

သမိုင်းဝင် အော်ရီဂွန်ဘေ့စ်ဘောအားကစားရုံတစ်ခု ဇွန် ၂၉ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနီးအနားရှိ အိမ်ခြေများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဇွန် ၂၉ ရက် ညနေဘက်တွင် မီးသတ်သမားများ ရောက်လာသောအချိန်၌ ဘေ့စ်ဘော အားကစားရုံကြီးကို မီးစွဲလောင်နေပြီဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်။

ဖြစ်ပွားရသည့်အကြောင်းရင်းကို သုံးသပ်နေကြောင်း၊ အဆောက်အအုံကိုယ်ထည်၏ ခြောက်သွေ့နေပြီဖြစ်သော သစ်သားများကြောင့် မီးလောင်ခြင်းဖြစ်နိုင်ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒေသတွင်းမီဒီယာသို့ ပြောကြားခဲ့သည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူမရှိကြောင်း ၎င်းက ထပ်လောင်းပြောဆိုခဲ့သည်။

ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသူများကို နေရပ်သို့ပြန်ရန် ခွင့်မပြုမီ အရေးပေါ် မီးဘေးကယ်ဆယ်ရေးအဖွဲ့ဝင်များက မီးလောင်ရာဒေသကို အန္တရာယ်ကင်းအောင် ပြုလုပ်လျက်ရှိကြောင်း၊ မီးသတ်သမား ၃၈ ဦးဖြင့် နှစ်နာရီကျော်ကြာအောင် ငြိမ်းသတ်ခဲ့ရကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်။

ဒေသတွင်း သတင်းမီဒီယာများက အွန်လိုင်းပေါ်သို့ လွှင့်တင်ခဲ့သောပုံများတွင် အဆိုပါ သမိုင်းဝင်ဘေ့စ်ဘောအားကစားရုံ မီးလောင်ကျွမ်းနေပုံကို ပြသထားသည်။

၎င်းဘေ့စ်ဘောအားကစားရုံကို ၁၉၃၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး နိုင်ငံ၏ သမိုင်းဝင်အားကစားရုံကြီးလည်းဖြစ်ကြောင်း အမေရိကန်အမျိုးသားသမိုင်းဝင်အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနက ပြောကြားသည်။

**(ရိုက်တာ)**

# တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသည့် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့

ထွန်းတောက်



ဇွန်လ ၃ ရက်နေ့က ကာတာနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အိုင်အက်စ်ချေမှုန်းရေးဆိုင်ရာ အထူးညှိနှိုင်းအစည်းအဝေးတွင် အထူးသံတမန် အမေရိကန်ဗိုလ်ချုပ်ကြီးဟောင်း ဂျွန်အာလန်က အိုင်အက်စ်အစွန်းရောက်များသည် ဆီးရီးယား၊ အီရတ်နှင့် အရှေ့အလယ်ပိုင်းဒေသကိုသာမက တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးရန် ခြိမ်းခြောက်နေပြီဟု ညွန့်ပေါင်းအဖွဲ့ခေါင်းဆောင်များအား သတိပေးပြောကြားလိုက်သည်။

လူ့အခွင့်အရေးများကို ဆန့်ကျင်ချိုးဖောက်နေသည့် ရက်စက်ကြမ်းကြုတ်သော အိုင်အက်စ်အစွန်းရောက်များသည် အရှေ့အလယ်ပိုင်း၊ အာဖရိက၊ ဥရောပ၊ ဗဟိုအာရှပစိဖိတ်ဒေသသို့တိုင် နယ်ပယ်ချဲ့ထွင် တည်ဆောက်၍ ခြိမ်းခြောက်နေပြီဖြစ်ကြောင်း၊ ၎င်းတို့ကို မဟန့်တားနိုင်ပါက ကမ္ဘာ့ပြည်သူများအပေါ် ဘေးဆိုးအန္တရာယ်များ ကျရောက်လာနိုင်ကြောင်း အမေရိကန်အထူးသံတမန် မစ္စတာ ဂျွန်အာလန်က အလေးအနက်သတိပေးပြောဆိုသည်။

ထို့ပြင် အိုင်အက်စ်အဖွဲ့သည် ဖျက်အားပြင်းသည့် ကလိုရင်းဓာတုလက်နက်များကို ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည့် အထောက်အထားများကို တွေ့ရှိနေရကြောင်း ဩစတြေးလျနိုင်ငံခြားရေးဌာနက ဇွန်လ ၆ ရက်နေ့တွင် ပြောဆိုသတိပေးခဲ့သည်။

အိုင်အက်စ်အဖွဲ့ကို ဘာသာရေးရှုထောင့်မှ မကြည့်ဘဲ လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်နေသည့် ရာဇဝတ်သားများဟု သတ်မှတ်ကာ ဝိုင်းဝန်းချေမှုန်းတိုက်ခိုက်ရန် လိုအပ်နေပြီဖြစ်သည်ဟု ၎င်းကပြောဆိုသည်။

ဆီးရီးယားအာဏာရှင် အာဆတ်သည် ဆီးရီးယားလွတ်မြောက်ရေးအတိုက်အခံသူပုန်များနှင့် အိုင်အက်စ်အစွန်းရောက်များကြားတွင် အခက်အခဲတွေ့နေပြီဖြစ်ကြောင်း၊ အာဆတ်အနေနှင့် အတိုက်အခံများနှင့် ပူးပေါင်းကာ အိုင်အက်စ်များကို ဆန့်ကျင်တိုက်ခိုက်ခြင်းအားဖြင့် မိမိကိုယ်ကို ဆယ်မသင့်ပြီဖြစ်ကြောင်း မစ္စတာ ဂျွန်အာလန်က ဝေဖန်ပြောဆိုသွားခဲ့သည်။

**ကာလီဖိတ်နိုင်ငံ တရားမဝင်**

အယ်ဂျာဇီးယား ရုပ်သံသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ဆီးရီးယား၊ အယ်လ်နူစရာ၊ အယ်လ်ခိုင်ဒါ တပ်ဦးအဖွဲ့ခေါင်းဆောင် အဘူမိုဟာမက် အယ်လ်ဂျိုလာနီက အိုင်အက်စ်တို့၏ ကာလီဖိတ်အစ္စလာမ်မစ် အင်ပါယာနိုင်ငံထူထောင်မှုမှာ လုံးဝတရားမဝင်ကြောင်း ဇွန်လ ၄ ရက်နေ့က ပြောဆိုခဲ့သည်။

> **လူ့အခွင့်အရေးများကို ဆန့်ကျင်ချိုးဖောက်နေသည့် ရက်စက်ကြမ်းကြုတ်သော အိုင်အက်စ်အစွန်းရောက်များသည် အရှေ့အလယ်ပိုင်း၊ အာဖရိက၊ ဥရောပ၊ ဗဟို အာရှပစိဖိတ်ဒေသသို့တိုင် နယ်ပယ်ချဲ့ထွင်တည်ဆောက်၍ ခြိမ်းခြောက်နေပြီဖြစ်။ ၎င်းတို့ကို မဟန့်တားနိုင်ပါက ကမ္ဘာ့ပြည်သူများအပေါ် ဘေးဆိုး အန္တရာယ်များ ကျရောက်လာနိုင်**

ဆီးရီးယားနိုင်ငံတွင် အယ်လ်နူစရာ၊အယ်လ်ခိုင်ဒါ တပ်ဦးအဖွဲ့နှင့် အိုင်အက်စ်တို့သည် အားပြိုင်နေကြသည့် ရန်သူများဖြစ်ပြီး အစ္စလာမ်မစ် အယူဝါဒကို ကိုင်စွဲထားသူချင်း တူညီသော်လည်း သင့်မြတ်ရန် လမ်းမမြင်တော့ပါဟု တပ်ဦးခေါင်းဆောင် မစ္စတာ အယ်လ်ဂျိုလာနီက ရုပ်သံမေးမြန်းခန်းတွင် ပြောဆိုသွားသည်။

၂၀၁၄ ခုနှစ် ဇွန်လတွင် အိုင်အက်စ်တို့က အီရတ်နှင့် ဆီးရီးယားနယ်မြေများကို သိမ်းပိုက်ပြီးနောက် ကာလီဖိတ် အစ္စလာမ်မစ်အင်ပါယာနိုင်ငံ ထူထောင်ကြောင်း တရားဝင်ကြေညာချိန်မှစတင်ကာ ဂျီဟတ်အုပ်စုနှစ်ခုကြားတွင် တင်းမာမှုမြင့်တက်လာခဲ့သည်။

တပ်ဦးခေါင်းဆောင် အယ်လ်ဂျိုလာနီက အိုင်အက်စ်အစွန်းရောက်များသည် အယ်လ်နူစရာတပ်ဦးအဖွဲ့ဝင် ၇၀၀ ကျော်နှင့် ၎င်းတို့၏ မိသားစုအမျိုးသမီး၊ ကလေးငယ်များကို ရက်စက်စွာဖြင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း ပြောဆိုခဲ့သည်။

အယ်လ်နူစရာ တပ်ဦးအဖွဲ့၌ နိုင်ငံခြားသားတိုက်ခိုက်ရေးသမား ဂျီဟတ်ဒစ်များ ၃၀ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး ၎င်းတို့အထဲတွင် အမေရိကန်နိုင်ငံသားများလည်း ပါဝင်နေသည်။

လွန်ခဲ့သည့် သီတင်းပတ်၌ အယ်လ်နူစရာတပ်ဦးအဖွဲ့သည် အဓိကကျသော ဆီးရီးယားမြို့ကြီးများကို ပြန်လည်သိမ်းပိုက်လာနိုင်သည်။ အယ်လ်နူစရာ၏ မဟာဗျူဟာရည်မှန်းချက်မှာ အာဆတ်အစိုးရကို ဖြုတ်ချ၍ ဆီးရီးယားအစ္စလာမ်မစ်နိုင်ငံ ထူထောင်ရေးပင်ဖြစ်သည်။

**အာဆတ်ကိုထောက်ခံသည့် အီရန်**

ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်၏ အစိုးရအဖွဲ့ကို နောက်ဆုံးအချိန်အထိ ဆက်လက်ထောက်ခံသွားမည်ဟု အီရန်အစိုးရက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားသူပုန်များနှင့် အခြားသော အစ္စလာမ်မစ်စစ်သွေးကြွများက အစိုးရခြေကုပ်စခန်းများကို ဆက်လက်တိုက်ခိုက်နေ၍ ဆီးရီးယားစစ်တပ်မှာ အရေးနိမ့်လုမတတ်ဖြစ်နေပြီး ဖိအားပေးခံနေရချိန်တွင် အီရန်က ထိုသို့ ထောက်ခံကြောင်း ထပ်မံပြောကြားလိုက်ခြင်းဖြစ်သည်။

တိုက်ပွဲများတွင် အရေးနိမ့်လာသည်နှင့်အမျှ ဆီးရီးယားအစိုးရသည် ဘဏ္ဍာရေးနှင့် စစ်ရေးအင်အားများစွာလိုအပ်လာနေပြီး ထိုလိုအပ်ချက်များကို အီရန်က အဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိသည်။

ဇွန် ၂ ရက်က တီဟီရန်မြို့တွင် သမ္မတ ဟာဆန်ရိုဟာနီနှင့် ဆီးရီးယားပါလီမန်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးစဉ် အီရန်သမ္မတက အထက်ပါအတိုင်း သန္နိဋ္ဌာန်ပြုပြောဆိုခဲ့ခြင်းဖြစ်သည်။

အီရန်သည် ဆီးရီးယားအစိုးရကို အားပေးထောက်ခံရာတွင် ပျက်ကွက်မှုလုံးဝမရှိခဲ့ဟု အီရန်သမ္မတကဆိုသည်။ အီရန်အစိုးရသည် ဘာသာတူ ရှီးယိုက်များကြီးစိုးသည့် ဆီးရီးယားအစိုးရနှင့် ၎င်း၏ မဟာမိတ်ဟစ်ဇ်ဘိုလာအဖွဲ့ကို အစဉ်တစိုက်ပင် ဒုံးကျည်စသည့် လက်နက်များ ထောက်ပံ့ပေးလျက်ရှိသည်။

**နိုင်ငံခြားတိုက်ခိုက်ရေးသမား ၇၀၀၀**

မကြာမီက အီရတ်နှင့် ဆီးရီးယားနိုင်ငံတွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် အခြားသောအစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့များက အရေးကြီးသော မြို့ကြီးများကို ပြန်လည်သိမ်းပိုက်လာခဲ့သည့်အတွက် ဆီးရီးယားတပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့များကို ကူညီပေးရန် နိုင်ငံခြားသားတိုက်ခိုက်ရေးသမား ၇၀၀၀ သည် ဒမတ်စကတ်နှင့် ဘဂ္ဂဒတ်မြို့များသို့ ဝင်ရောက်လာကြသည်ဟု သိရှိရသည်။

မကြာမီက ကုလသမဂ္ဂအဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ဆီးရီးယား၊ အီရတ်နှင့် မြောက်အာဖရိကနိုင်ငံများရှိ အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းရန်အတွက် နိုင်ငံခြားသား ဂျီဟတ်တိုက်ခိုက်ရေးသမားများသည် ဖြောင့်ကျကျ ခရီးလမ်းကြောင်းအတိုင်း မသွားရောက်တော့ဘဲ ကြားခံလူများဖြင့် ခရီးစဉ်ဝေ့ဝိုက်သွားကာ ထောက်လှမ်းရေးအေဂျင်စီများ မသိရှိစေရန် ရှောင်ရှားသွားလာနေကြပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က မေ ၂၉ ရက်တွင် ပြောဆိုခဲ့သည်။

ထို့ပြင် အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်သည့် နိုင်ငံခြား ဂျီဟတ်ဒစ် တိုက်ခိုက်ရေးသမားများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာနေသည်ကို တွေ့ရှိနေရသည်ဟု ကုလသမဂ္ဂ၏ လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် စက်တင်ဘာလတွင် လုံခြုံရေးကောင်စီက ကမ္ဘာ့နိုင်ငံများအနေဖြင့် အိုင်အက်စ်နှင့် ပူးပေါင်းသည့် သို့မဟုတ် ပူးပေါင်းရန်ကြိုးပမ်းသည့် ၎င်းတို့၏ နိုင်ငံသားအသီးသီးကို ပြင်းထန်သော ပြစ်မှုကျူးလွန်သူများအဖြစ် သတ်မှတ်ရန် ပြောင်မြောက်သော ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

ဂျီဟတ်တိုက်ခိုက်ရေးသမားများကို အိုင်အက်စ်အဖွဲ့ထံသို့ အရောက်ပေးပို့နိုင်ရန်အတွက် ဂျီဟတ်စစ်သားစုဆောင်းသူများသည် ရာဇဝတ်မှုများ ကျူးလွန်သည့် လူဆိုးဂိုဏ်းများနှင့် ဆက်သွယ်ထားပြီး အိုင်အက်စ်အဖွဲ့သို့ ဂျီဟတ်ဒစ်များကိုပေးပို့သည့် ကွန်ရက်များကိုလည်း အဆင့်ဆင့်ဖွဲ့စည်းထားသည်ဟု ကုလသမဂ္ဂ၏ လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

**ရေကာတာတံခါးများကိုပိတ်ပစ်ပြီ**

အိုင်အက်စ်စစ်သွေးကြွများ မကြာမီက သိမ်းပိုက်ထားသည့် အန်ဘာပြည်နယ် ရာမာဒီမြို့တွင် ဇွန်လ ၄ ရက်နေ့က ၎င်းမြို့အနီးတွင်ရှိသည့် ဆည်ရေတံခါးများကို အိုင်အက်စ်စစ်သွေးကြွများက ပိတ်ဆို့ပစ်ကာ အစိုးရတပ်ဖွဲ့များ အခြေစိုက်ထားသည့်မြို့များကို ရေဖြတ်တောက်လိုက်သည့်အတွက် လူသားချင်းစာနာထောက်ထားမှုနှင့် လုံခြုံရေးဆိုင်ရာအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်ဟု အီရတ်အာဏာပိုင်များက စိုးရိမ်စွာ ပြောဆိုသည်။

ပြီးခဲ့သည့် မေလတွင် ရာမာဒီမြို့ကို အိုင်အက်စ်အဖွဲ့သိမ်းပိုက်ပြီးနောက် ရေကာတာအားလုံးကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ရာမာဒီမြို့တော်ကောင်စီအုပ်ချုပ်ရေးမှူးက ရာမာဒီရေကာတာများကို ပိတ်ခြင်းဖြင့် ယူဖရစ်တီးမြစ်ရေကို နိမ့်ကျသွားစေနိုင်သည့်အပြင် အန်ဘာပြည်နယ်ရှိ အစိုးရတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် ခါလီဒီယာမြို့နှင့် ဟာဘန်နီယာမြို့များသို့ သွားသည့် ရေကိုလည်း ဖြတ်တောက်နိုင်မည်ဖြစ်သည်။ ရေပြတ်လပ်သည့်အတွက် အစိုးရတပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားနိုင်မှုကိုလည်း နှေးကွေးစေနိုင်သည်ဟု သုံးသပ်ပြောဆိုခဲ့သည်။

သို့သော် အိုင်အက်စ်စစ်သွေးကြွများ၏ ရည်ရွယ်ချက်မှာ စစ်ရေးအသာစီးရရှိစေရန်အတွက် ရေပေးဝေမှုကို လျှော့ချလိုက်ခြင်းဖြစ်ဟန်ရှိသည်ဟု အီရတ်ရေပေးဝေရေးဆိုင်ရာ အရာရှိများက ဝေဖန်ပြောဆိုသည်။

ရာမာဒီမြို့ကို ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်နေသည့် အီရတ်တပ်ဖွဲ့များနှင့် ရှီးယိုက်ပြည်သူ့စစ်များသည် စစ်သွေးကြွများ၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်နိုင်ရန် ကြိုးပမ်းနေရသည့်အတွက် ရာမာဒီမြို့တွင်းသို့ ဝင်ရောက်တိုက်ခိုက်နိုင်စွမ်း မရှိသေးပေ။

**လေကြောင်းစစ်ဆင်ရေး**

ကိုးလတာမျှကြာပြီဖြစ်သည့် အမေရိကန်နှင့် ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းစစ်ဆင်ရေးတွင် အိုင်အက်စ်စစ်သွေးကြွ ၁၀၀၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ပြီဟု အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဇွန်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

သို့သော်ညွန့်ပေါင်းအဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုများသည် အီရတ်နှင့် ဆီးရီးယားတွင် အိုင်အက်စ်တို့ သိမ်းပိုက်ထားသည့်နယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ရန် ခြေလှမ်းစတင်ခြင်းသာဖြစ်ပြီး အိုင်အက်စ်တို့ကို ချေမှုန်းနိုင်ရန်မှာ အချိန်ခုနစ်နှစ်မျှ ကြာမြင့်နိုင်ပါသည်ဟု မစ္စတာ ဘလင်ကန်က ပြင်သစ်တွင်ပြုလုပ်သည့် ညွန့်ပေါင်းနိုင်ငံခြားရေးဝန်ကြီးများ ညှိနှိုင်းဆွေးနွေးပွဲတွင် သုံးသပ်ပြောဆိုခဲ့သည်။

*စာမျက်နှာ ၁၀ သို့*

*ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မဏ္ဍိုင်ကြီးများ ဟန်ချက်ညီ၍ ကြံ့ခိုင်စေချင်သည်

ပြည်ချစ်သား

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သမ္မတစနစ်ကို ပုံဖော်ခြင်းဖြစ်ပြီး နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် သီးခြားစီရပ်တည်ကာ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုပြုသည်ဟု အခြေခံမူ အခန်းပုဒ်မ ၁၁(က)တွင် ကျွန်တော် တွေ့ရှိမိသည်။ ဆောင်းပါးရှင် မောင်မင်းခေါင် ရေးသားသော "သမ္မတက လွှတ်တော်အမတ်ဖြစ်ရမယ်တဲ့လား" ဆောင်းပါးပါ သမ္မတနှင့် သမ္မတအုပ်ချုပ်သော နိုင်ငံအမျိုးမျိုးအကြောင်းကို ဖတ်ရှုသိရှိခွင့်ရသည့်အတွက်လည်း အထူးကျေးဇူးတင်ရပါသည်။

အချုပ်အခြာအာဏာ၏ အဓိကမဏ္ဍိုင်ကြီး ၃ ရပ်တို့အပြင် စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကဏ္ဍနှင့်ပတ်သက်၍ ဦးစွာတင်ပြလိုသည်။ ယနေ့ခေတ်မီဒီယာသည်ကား လျင်မြန်လှသည်။ ပြည်သူ့ထံသို့ စက္ကန့်ပိုင်းအတွင်း သတင်းအမှန်လည်းဖြစ်စေ၊ သတင်းအမှားလည်းဖြစ်စေ ပျံ့နှံ့အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ ဒေါက်တာမောင်မောင်ရေးသားသော "တို့ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ" စာအုပ်သည် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူအများ လွယ်ကူစွာလေ့လာနိုင်အောင် ရှင်းလင်းတင်ပြထားသည်။ စတုတ္ထမဏ္ဍိုင်နှင့်စပ်လျဉ်း၍ **"စတုတ္ထမဏ္ဍိုင်ဟုခေါ်သော ပြည်သူတို့၏နား၊ မျက်စိနှင့်တူသည့် သတင်းစာ၊ မဂ္ဂဇင်း၊ စာအုပ်စာတမ်း၊ ပညာပေးစာစောင်များလည်း ရှိသေးသည်။ ဒီမိုကရေစီနိုင်ငံတွင် အရင်းခံမဏ္ဍိုင်ကြီးက ပြည်သူတို့ပင်ဖြစ်သည်။ ပါလီမန်အမတ်တို့ကို ပြည်သူတို့က ရွေးချယ်တင်မြှောက်ရသည်။ ထို့ကြောင့် ရွေးကောက်ပွဲများတွင် လူတော် လူကောင်းတို့ကိုသာ ရွေးချယ်နိုင်ဖို့ ပြည်သူတို့က လူကောင်းနှင့်လူဆိုး၊ တိုင်းပြည်အပေါ်တွင် သစ္စာရှိသူနှင့် သစ္စာမဲ့သူ၊ ပြည်သူ့ဝန်ထမ်းစိတ်ရှိသော နိုင်ငံရေးသမားနှင့် ကိုယ်ကျိုးရှာသက်သက် နိုင်ငံရေးသမားတို့ကို ခွဲခြားတတ်ဖို့လိုသည်။ နိုင်ငံရေးဝါဒတို့ကိုချင့်ချိန်၍ တန်ဖိုးဖြတ်တတ်ဖို့လိုသည်။ လိမ္မာ၍ အသိဉာဏ်တရားရှိသော တာဝန်သိသော ပြည်သူတို့သည် ဒီမိုကရေစီနိုင်ငံ၏ အဓိကမဏ္ဍိုင်ကြီးဖြစ်သည်။ ပြည်သူကိုလိမ္မာ၍ အသိဉာဏ်တရားရှိအောင် တာဝန်သိအောင် ပညာအလင်းရောင်ပေးနိုင်သော သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များသည်လည်း အရေးကြီးသော မဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်ပေသည်။"** ဟု လှပကျစ်လျစ်သောစကားလုံးများဖြင့် ဖွဲ့စည်းရေးသားထားသည်။

ထို့ပြင် ဒေါက်တာမောင်မောင်က ဆက်လက်၍ **"မြန်မာနိုင်ငံ၏ အဓိကမဏ္ဍိုင်ကြီးများ ကြံ့ခိုင်ဖို့လိုသည်။ ယိမ်းယိုင်လဲပြိုခြင်းမရှိရအောင် အမြဲတစေ ကာကွယ်ဖို့လိုသည်။ ဥပဒေပြုမဏ္ဍိုင် ကြံ့ခိုင်ပါစေ၊ အုပ်ချုပ်မှုမဏ္ဍိုင်ကြံ့ခိုင်ပါစေ၊ တရားရေးမဏ္ဍိုင် ကြံ့ခိုင်ပါစေ၊ စတုတ္ထမဏ္ဍိုင်ကြံ့ခိုင်ပါစေ၊ ပြည်သူ့မဏ္ဍိုင် ကြံ့ခိုင်ပါစေ။"** ဟု စေတနာကို ဖော်ပြရေးသားထားသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မဏ္ဍိုင်ကြီး ၃ ရပ်တို့ ကြံ့ခိုင်စေရေးအတွက် အပြန်အလှန်ထိန်းကျောင်းမှုပြုသည့်ပုံစံကို ဤသို့ ကျွန်တော်နားလည်မိသည် -

(၁) **ဥပဒေပြုမဏ္ဍိုင်။** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ဥပဒေပြုရေးကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီရန် ထိန်းပေးရသည်။ သမ္မတသည် လွှတ်တော်က အတည်ပြုပြီး လက်မှတ်ရေးထိုးရန်ပေးပို့သောဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီရန် ပြုပြင်ပေးရေး သဘောထားမှတ်ချက်ပေးနိုင်သည်။ ဥပဒေပြုသူ လွှတ်တော်ကိုယ်စားလှယ်များသည် ရည်မှန်းချက်တာဝန်ထမ်းဆောင်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်မှုမရှိလျှင်သော်လည်းကောင်း၊ မိမိမဲဆန္ဒရှင်၏ဥပဒေနှင့်ညီသောအခွင့်အရေးကို မျက်ကွယ်ပြုလျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။ အမှားအယွင်းရှိသည်ဟု သံသယရှိလျှင် စတုတ္ထမဏ္ဍိုင်မီဒီယာများက ထောက်ပြဝေဖန် တည့်မတ်ပေးနိုင်သည်။

(၂) **အုပ်ချုပ်ရေးမဏ္ဍိုင်။** လွှတ်တော်များတွင်အဆိုများတင်သွင်း၍ မေးမြန်း ဝေဖန်တည့်မတ်နိုင်သည်။ အုပ်ချုပ်ရေးအာဏာပိုင်တို့၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ-မညီ၊ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**က စိစစ်နိုင်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထိန်းသိမ်းနိုင်သည်။ နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် ထိန်းသိမ်းနိုင်သည်။ အမှားအယွင်းရှိသည်ဟု သံသယရှိလျှင် စတုတ္ထမဏ္ဍိုင်မီဒီယာများက ထောက်ပြဝေဖန် တည့်မတ်ပေးနိုင်သည်။

(၃) **တရားရေးမဏ္ဍိုင်။** လွှတ်တော်များတွင်အဆိုများတင်သွင်း၍ မေးမြန်းဝေဖန် တည့်မတ်နိုင်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထိန်းသိမ်းနိုင်သည်။ နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် ထိန်းသိမ်းနိုင်သည်။ အမှားအယွင်းရှိသည်ဟု သံသယရှိလျှင် စတုတ္ထမဏ္ဍိုင် မီဒီယာများက ထောက်ပြဝေဖန် တည့်မတ်ပေးနိုင်သည်။

မဏ္ဍိုင်ကြီးများ ညီညွတ်မှ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်လာမည်။ မဲဆန္ဒရှင်များမျှော်လင့်သည့် ဆင်းရဲသောနိုင်ငံဘဝမှ လွတ်မြောက်နိုင်မည်။ ဤသို့သုံးသပ်မိပြီးနောက် နိုင်ငံတည်ငြိမ်အေးချမ်းရေး အဓိကဒေါက်တိုင်ကြီး ၃ ခုတို့ ညီညွတ်မှုရှိစေရန် အထူးလိုလားမိသည်။

ယခုဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် တိုင်းရင်းသားများ၊ နိုင်ငံသားများ၏လိုလားချက်များကို အဓိကထားခြင်း ဟုတ်-မဟုတ်က အစပြုသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသော သမ္မတအုပ်ချုပ်ရေးစနစ်ကို ပုံစံမကျစွာဖြင့် တစ်ပိုင်းတစ်စပြင်ဆင်၍ ပါလီမန်အုပ်ချုပ်ရေးစနစ်သို့ပြောင်းရန် ဆောင်ရွက်နေသည်ဟု ထင်မြင်မိသည်။ ဤမှအစပြု၍ ဒေါက်တိုင်ကြီး ၃ ခုတို့၏ညီညွတ်မှုကို ထိခိုက်လာမည်ဖြစ်ကြောင်း ကြိုတင်မျှော်တွေးမိသည်။ နိုင်ငံတော်ကို ပြည်သူ့ဆန္ဒနှင့် ပုံဖော်ရမည့်အစား လူနည်းစုသဘောထားဖြင့် လမ်းလွဲရောက်မည့်ရည်မှန်းချက်ထား ပုံဖော်လိုသည်ကို ဝိုင်းဝန်းထိန်းကျောင်း တည့်မတ်ပေးကြရန် မလွဲမသွေလိုအပ်ပေသည်။ အာဏာသည် ပြည်သူ့ထံမှ ဆင်းသက်လာသည်ကို ဤအခြေခံဥပဒေ၌ ရှင်းလင်းစွာ ဖွင့်ဆိုပြီးဖြစ်သည်။

ဥပဒေပြုအဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးအဖွဲ့အစိုးရတို့၏ ဆောင်ရွက်မှုများကိုတည့်မတ်စေရန် အရေးပါသောထိန်းကျောင်းမှုပြုရန် တာဝန်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ပကတိအခြေအနေ၊ ယင်းတို့ကိုင်တွယ်ကျင့်သုံးသည့် လက်စွဲဥပဒေပြုပြင်မှုဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် ဖြစ်စဉ်များသည်လည်း အရေးပါလှသဖြင့် ပြည်သူများ သိသင့်သည်။

အစဉ်အလာရှိသည့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဝင် ၉ ဦးပါဝင်သည့် ပထမဦးဆုံးခုံရုံးသည် ဘက်လိုက်မှုကင်းရှင်းပြီး ပညာဉာဏ်ကို အခြေခံကာ ဆုံးဖြတ်ခဲ့သော်လည်း ၂၄-၈-၂၀၁၂ ရက်နေ့တွင် စွပ်စွဲပြစ်တင်မှုကိုခံရသည်။ ပြည်သူများ အံ့ဩစိုးရိမ်မှုအတိဖြင့် သိခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် ပညာရှိတို့ထုံးကို နှလုံးမူ၍ ရန်အေးရန်အတွက် သမ္မတထံ ကိုယ်တိုင်တင်ပြစာများအသီးသီးတင်သွင်း၍ နုတ်ထွက်သွားသည်ဟု ထိုစဉ်က စိတ်မကောင်းစွာဖြင့် သိခဲ့ရသည်။

ခုံရုံးအသစ် မဖွဲ့မီ ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၈-၁၁-၂၀၁၂ ရက်နေ့၌ သမ္မတ လက်မှတ်ရေးထိုးရန် ပေးပို့ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ယင်းဥပဒေကြမ်းသည် ခုံရုံးအသစ်ဖွဲ့စည်းရန်အတွက် ကြိုတင်မျှော်တွေးကာ ပြင်ဆင်စီမံထားခြင်း ဖြစ်ပုံရသည်။ အဆိုပါဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ နှင့် ညီညွတ်ခြင်းမရှိသဖြင့် ပြင်ဆင်ပေးစေလိုသည့်အချက်များကို သမ္မတက ဥပဒေနှင့်အညီ လွှတ်တော်သို့အကြောင်းကြားခဲ့သည်ဟု သိရသည်။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟုဆိုသည်ကို လက်မခံဘဲ မူလအတိုင်းပင် ပြဋ္ဌာန်းလိုသည်ဟုပြန်ကြားခဲ့ရာ သမ္မတအနေဖြင့် မဏ္ဍိုင် ၂ ရပ်ကြား ညီညွတ်မှုပျက်ပြားမည်ကိုမလိုလား၍ လက်မှတ်ရေးထိုးပေးခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ နှင့် မညီကြောင်း

**နိုင်ငံတော်ကို ပြည်သူ့ဆန္ဒနှင့် ပုံဖော်ရမည့်အစား လူနည်းစုသဘောထားဖြင့် လမ်းလွဲရောက်မည့်ရည်မှန်းချက်ထား ပုံဖော်လိုသည်ကို ဝိုင်းဝန်းထိန်းကျောင်း တည့်မတ်ပေးကြရန် မလွဲမသွေလိုအပ်ပေသည်။ အာဏာသည် ပြည်သူ့ထံမှ ဆင်းသက်လာသည်ကို ဤအခြေခံဥပဒေ၌ ရှင်းလင်းစွာ ဖွင့်ဆိုပြီးဖြစ်**

ကိုလည်း တစ်ပါတည်းအကြောင်းကြားခဲ့သည်ဟု ဆိုသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈(က) တွင် "လွှတ်တော်တစ်ရပ်ရပ်က ပြဋ္ဌာန်းလိုက်သော ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်သည် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်" ဟု ရှင်းလင်းတိကျသော ပြဋ္ဌာန်းချက်ကိုလည်း တွေ့မိသည်။ ဤရှင်းလင်းသော ပြဋ္ဌာန်းချက်များသည် အငြင်းပွားမှုမရှိစေရန် ကြိုတင်မျှော်တွေး၍ ဥပဒေပြုသူတို့က ထည့်သွင်းရေးဆွဲခဲ့သည်ဟု ယူဆမိသည်။ **ပထမအကြိမ် ခုံရုံးဥပဒေကိုပြင်ဆင်သော ထိုပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သောပြဋ္ဌာန်းချက်ဖြစ်ကြောင်း ယခုဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမူကြမ်း ပေါ်ပေါက်လာသောအခါ ပေါ်လွင်ထင်ရှားလာသည်ကို ရှင်းပြချင်ပါသည်။**

(၁) **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ (လက်ရှိပြဋ္ဌာန်းချက်)**
"နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း**လျက်** သဘောတူညီချက် ရယူ ရမည်။" ဟု ပြဋ္ဌာန်းထားသည်။

(၂) **၂၁-၁-၂၀၁၃ ရက်တွင် ပထမအကြိမ် ပြင်ဆင်လိုက်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂ (ခုံရုံးအသစ်မဖွဲ့မီ ကာလ)**
"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင်-
(က) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်- ၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း **ရွေးချယ်ထားသည့်အဖွဲ့ဝင်** ၉ ဦး၏အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့်**အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။
(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်- (ဈ)။ မိမိတို့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အားရွေးချယ်သည့် သက်ဆိုင်ရာနိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီးအစီရင်ခံခြင်း။"

(၃) အထက်စာပိုဒ်ခွဲ ၂(က) နှင့် (ခ) ပါ လွှတ်တော်၏ ပြင်ဆင်ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းချက် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော ပြဋ္ဌာန်းချက်များဖြစ်သည်ဟု ထိုစဉ်မှ ယခုထိတိုင် အငြင်းပွားဆဲဖြစ်သည်။

(၄) လတ်တလော လူအများ စိတ်အဝင်စားဆုံးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ဆိုင်ရာ ဒုတိယဥပဒေမူကြမ်း စာပိုဒ် ၂၂ တွင် အောက်ပါအတိုင်း ပြင်ဆင်ရန် ဖော်ပြထားသည်ကို တွေ့ရသည်-

- "နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်း **ရွေးချယ်ထားသည့်အဖွဲ့ဝင်**ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် **နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့်** အဖွဲ့ဝင်တစ်ဦး၏အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။"

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၂၁ ကို ဆန့်ကျင်သော ပြဋ္ဌာန်းချက်ကို ပထမအကြိမ် ခုံရုံးဥပဒေပြင်ဆင်ရာတွင် အထက်စာပိုဒ်ခွဲ ၂ ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးမှ ယခုဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် ၎င်းအတိုင်း ပြန်လည်ပြင်ဆင်ရန် ထည့်သွင်းလာခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က **ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန် သို့မဟုတ် ဆန့်ကျင်နေသော ပြဋ္ဌာန်းချက်ဖြစ်ကြောင်း သမ္မတ၏ ဥပဒေနှင့်အညီ ဝေဖန်ထောက်ပြမှုကို လွှတ်တော်က လက်မခံဘဲ ဥပဒေပြဋ္ဌာန်းခဲ့သော်လည်း သမ္မတ ထောက်ပြသော အမှန်တရားကို ယခုအထင်အရှား ဝန်ခံရာရောက်တော့သည်။**

လွှတ်တော်သည် ရည်ရွယ်ချက်တစ်စုံတစ်ရာရှိသဖြင့် ဆန္ဒပြင်းပြ စွာ လုပ်ဆောင်ခဲ့ပုံရသည်။ ထိုမမှန်မကန် ဆောင်ရွက်ခဲ့သော အရင်းအမြစ်ကြောင့် အရှုပ်အထွေးများ စတင်ပေါ်ပေါက်လာတော့သည်။ ထို့ပြင် ဒုတိယပေါ်ပေါက်လာမည့် ခုံရုံး၏ လွတ်လပ်စွာတရားစီရင်ခွင့်ကိုသာမက စွမ်းဆောင်ရည်ကိုပါ ထိခိုက်စေတော့သည်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး(၂/၂၀၁၅) ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၁၂ ဦးနှင့် ဒုတိယဥက္ကဋ္ဌ ၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌက မိမိတို့ MPU အနေဖြင့် ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်း အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်၍ လက်ဆင့်ကမ်းနိုင်မည်ဆိုပါက နောက်လွှတ်တော်များအတွက် အထောက်အကူများစွာရရှိမည်ဖြစ်၍ ယခုကဲ့သို့ အစည်းအဝေး၌ ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခု ပထမအကြိမ် လွှတ်တော်သက်တမ်းကာလသည် နိုင်ငံတော်အတွက် ပထမခြေလှမ်းဖြစ်ပြီး ဒုတိယအကြိမ် သက်တမ်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် သက်တမ်းမှ တတိယအကြိမ် သက်တမ်းစသဖြင့် တစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်ခိုင်မာစေရန် ကြိုးစားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၅) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်ဆောင်ရွက်နိုင်မှုအခြေအနေ၊ လွှတ်တော်ရုံးများအလိုက် လက်စွဲစာအုပ်ထုတ်ဝေရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် လွှတ်တော်ဆိုင်ရာ အခြားလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

---

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်းပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ)နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ၁၉၆၆ တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် လွှတ်တော်က အတည်ပြုခြင်း၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကိုဖတ်ကြားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၏ ၂၀၁၅ ခုနှစ် ဇွန်လ နောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်အချို့၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည် ရောက်ရှိရေးအတွက် ပြည်ထောင်စုအစိုးရက အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ထိရောက်သည့် ပံ့ပိုးမှု၊ ကာကွယ်မှု၊ ကူညီဆောင်ရွက်မှုများနှင့် ပြုပြင်တည်ဆောက်မှုများ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးနိုင်ရေးတိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက နိုင်ငံတော်အနေဖြင့် သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် လက်ရှိရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့် ဒေသများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြန်လည်ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်၌ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအဖြစ် ရငွေ၊ သုံးငွေစာရင်းများ ပြောင်းလဲပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှင်းလင်းတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အလားတူ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီးစီးမှုနှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ကတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၆၂)၊ (၆၃) နှင့်(၆၄) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၃၌ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်၊ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်ဟု ပြဋ္ဌာန်းထားသဖြင့် မလိုအပ်တော့သည့်အတွက် ပယ်ဖျက်လိုခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၃၂(ဂ)၏ မူလပြဋ္ဌာန်းချက်ကို နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက်ရယူရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းလိုပါကြောင်း ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ-၁၁(က)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အသက်ဝိညာဉ်ဖြစ်ပါကြောင်း၊ ပုဒ်မ-၃၀၃ ၌ ပြည်ထောင်စုတရားသူကြီးများ၏ ရာထူးသက်တမ်း ၅ နှစ်၊ ပုဒ်မ-၃၁၂ ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၏ ရာထူးသက်တမ်း ၅ နှစ်ကို ပြန်လည်စဉ်းစား သုံးသပ်သင့်ပါကြောင်း၊ မူလဥပဒေပုဒ်မ-၃၀၁(က)တွင် ပြည်ထောင်စုတရားသူကြီးများ၏ ရာထူးသက်တမ်းသည် နှစ်ပေါင်း ၂၀ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ အဆက်ဆက်ပြောင်းလဲသွားသော်လည်း ၎င်းတို့ကို လွယ်လွယ်ကူကူဖြင့် မပြောင်းလဲစေခြင်းမှာ တရားစီရင်ရေးကဏ္ဍမှန်ကန်ဖြောင့်မတ်စေရန်နှင့် ဒီမိုကရေစီစနစ် ခိုင်မာရှင်သန်ရန် အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့တွင် အခြားသောမဏ္ဍိုင်များက တရားစီရင်ရေးမဏ္ဍိုင်ကို ဝင်ရောက်မစွက်ဖက်နိုင်ရန် ပြုလုပ်ထားခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတ၊ ဒုတိယသမ္မတများကို လွှတ်တော်ကိုယ်စားလှယ်မဖြစ်စေရဆိုပါက လွှတ်တော်နှင့် ကင်းကွာသွားမည့်အပြင် လွှတ်တော်လာရန် မလိုသည့်သဘောလည်းဖြစ်နေပါကြောင်း၊ ထို့ကြောင့် ပုဒ်မ(၆၄)ကို ပြင်ဆင်ရာတွင် ပြည်သူ့အရေးထက် ပါတီကိစ္စကို တစိုက်မတ်မတ် အာရုံစိုက်ခြင်းမျိုး မဖြစ်ရန်ထိန်းပေးမည့် တားမြစ်ချက်တစ်ခုကို ဥပဒေတွင် ထည့်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊ န္တားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွန်ခဲန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးကြီးခင်မောင်ထွန်းနှင့် ဗိုလ်မှူးကြီးမြင့်ဟန်တို့က ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

---

# ကွန်ပျူတာသုံး မြန်မာယူနီကုတ်စနစ် သတ်မှတ်အကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၃၀**

ပညာရေးဝန်ကြီးဌာန မြန်မာစာနှင့် ဘာသာစကား ပညာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းကျင်းပသော နိုင်ငံတကာအသိအမှတ်ပြုစံများကို အခြေခံသည့် ကွန်ပျူတာသုံး မြန်မာယူနီကုတ်စနစ် တစ်ပြေးညီ သတ်မှတ်အကောင်အထည်ဖော်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာစာရေးထုံးဆိုင်ရာ စံသတ်မှတ်ချက်များကို မြန်မာစာအဖွဲ့ အဖွဲ့ဝင် ပညာရှင်ကြီးများက ဆွေးနွေးလမ်းညွှန်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းတို့က နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးနိုင်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် Stakeholders များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော ကွန်ပျူတာသုံး မြန်မာယူနီကုတ်စနစ် ပြဋ္ဌာန်းအတည်ပြုရေးဆိုင်ရာ ညီလာခံကို မကြာမီကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

**(ပညာရေး)**

---

## မိုးရွာမည်မှာ သေချာ

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။**

# မြန်မာ - စင်ကာပူ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများဆွေးနွေး



**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တိုချီဟန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ LAKE GARDEN ဟိုတယ်၊ ချင်းတွင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ဗိုလ်ချုပ်ကျော်ညွှန့်၊ ဦးတင်ဦးလွင်၊ ဒေါ်လှဲ့လှဲ့သိန်း၊ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများ၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တိုချီဟန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူ-မြန်မာနည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတက်ရောက်




**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ LAKE GARDEN ဟိုတယ်၊ The Living Room ခန်းမ၌ ကျင်းပသည့် စင်ကာပူ-မြန်မာနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(ဓာတ်ပုံ)**

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ဗိုလ်ချုပ်ကျော်ညွှန့်၊ ဦးတင်ဦးလွင်၊ ဒေါ်လှဲ့လှဲ့သိန်း၊ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မစ္စတာ တိုချီဟန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် စင်ကာပူသမ္မတနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး ရောဘတ်ချွာတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးတို့က ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# UNDP အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် UNDP ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် UNDP အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၈၉၅၀၀၀ (ဂျပန်ယန်း ၁၁၁၀၀၀၀၀၀) တန်ဖိုးရှိ နေရောင်ခြည်စွမ်းအင်သုံး မီးအိမ် အလုံး ၂၅၀၀၀ အထောက်အပံ့ပေးမည့် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့် UNDP ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များကို ပံ့ပိုးကူညီမှုများပေးသည့် UNDP နှင့် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



# ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**(၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ"**ဟု ခေါ်တွင်စေရမည် ။

၂။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၂၊ ပုဒ်မခွဲ(စ)၌ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည်-

**"(စ)ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ **ဘဏ္ဍာရေးဝန်ကြီးဌာန**ကို ဆိုသည်။"

၃။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ(ဃ)တွင်ပါရှိသော **"သမဝါယမအသင်းများ"**ဆိုသည့် စကားရပ်၏ရှေ့တွင် **"ငွေစုငွေချေး"**ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ(င)တွင်ပါရှိသော **"အသင်းအဖွဲ့များ"**ဆိုသည့် စကားရပ်၏နောက်၌ **"လူမှုရေးအဖွဲ့အစည်းများ"**ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ငွေစုသူသည် ငွေစုဘဏ်စာရင်းဖွင့်လှစ်သည့်အခါ သို့မဟုတ် ငွေစုလက်မှတ်ဝယ်ယူသည့်အခါ မိမိ၏စုငွေနှင့် အတိုးခံစားခွင့်များကို မိမိလွှဲပြောင်းလိုသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ပုဂ္ဂိုလ်များအား အကျိုးခံစားခွင့် လွှဲအပ်ထားနိုင်သည်။"

၆။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ငွေစုသူသည် မိမိအကျိုးခံစားခွင့် လွှဲအပ်ထားခြင်းခံရသူများ၏ အမည်စာရင်းကို ပြင်ဆင်ဖြည့်စွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာငွေစုဘဏ်သို့ တင်ပြလျှောက်ထားနိုင်သည်။"

၇။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၃၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ငွေစုမှတ်တမ်းနှင့် ငွေစုလက်မှတ်တို့ကို လုံခြုံစွာထိန်းသိမ်းရန် တာဝန်ရှိသည်၊ ပျောက်ဆုံးပါက ဘဏ်သို့အမြန်ဆုံး အကြောင်းကြားရမည်။"

၈။ ငွေစုဘဏ်လုပ်ငန်းဥပဒေတွင် ပုဒ်မ-၁၈၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်။

"(ဂ) အကျိုးခံစားခွင့် ပြုလုပ်ထားခြင်းမရှိသော ငွေစုသူသေဆုံးပါက စုငွေလက်ကျန်ကို အမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန်မလိုဘဲ ငွေစုဘဏ်မှ သတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများတင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင် မွေးစားထားသော သားသမီး သို့မဟုတ် ယင်းတို့မရှိလျှင် မြေး သို့မဟုတ် ယင်းတို့မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင်နှမအား ထုတ်ပေးရမည်။"

"(ဂ-၁) သေဆုံးသွားသည့် ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ မရှိလျှင် အခြားသူများမှတောင်းခံပါက အမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်။"

(ဂ-၂) သေဆုံးသွားသည့် ငွေစုသူရဟန်း သို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ကျောင်းတိုက်နှင့်သက်ဆိုင်သည့် ငွေကြေးဖြစ်ပါက သက်ဆိုင်ရာသံဃနာယကအဖွဲ့၏ ထောက်ခံချက်ဖြင့် စုငွေလက်ကျန်ထုတ်ယူရန် လျှောက်ထားသည့် ရဟန်း သို့မဟုတ် သီလရှင်အား စိစစ်ထုတ်ပေးရမည်။ သေဆုံးသွားသည့် ငွေစုသူရဟန်း သို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ပုဂ္ဂလိကပိုင်ငွေဖြစ်ကြောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့မှ ထောက်ခံပါက လူပုဂ္ဂိုလ်များသေဆုံးသည့်အခါ စုငွေလက်ကျန်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် အညီ စိစစ်ထုတ်ပေးရမည်။"

၉။ ငွေစုဘဏ်လုပ်ငန်းဥပဒေ ပုဒ်မ-၃၂ ကို ပယ်ဖျက်ရမည်။

---

# မွန်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

မော်လမြိုင် ဇွန် ၃၀

**မွန်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအား အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးမှုအပေါ် တင်းတိမ်ရောင့်ရဲမနေဘဲ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (Framework for Economic and Social Reforms)နှင့် အညီ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ လိုအပ်ချက်ကို အခြေခံ၍ ဦးစားပေးအမြန်ဆောင်ရွက်ပေးရမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင်ရရှိရေး၊ စိုက်ပျိုးရေး/ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေး/ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးစသည့် အချက်(၇)ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားရေးတိုးတက်မှုအား အဟန့်အတားဖြစ်စေမည့် အမျိုးသားရေးစိန်ခေါ်မှုဖြစ်သည့် မူးယစ်ဆေးဝါး၊ လောင်းကစား၊ အရက်သေစာများနှင့် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုအား အနှောင့်အယှက်ဖြစ်စေမည့် ဆူပူမှုနှင့် အမှုအခင်းများ မဖြစ်စေရေးကိုလည်း အသိအမြင်ရှိစွာ သတိရှိရှိ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက ပြည်သူများလိုလားချက်အပေါ် မူတည်၍ နိုင်ငံတော်မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရန် နိုင်ငံတော်၏ မျှော်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ အေးချမ်းသာယာရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်သည် လွန်စွာအရေးကြီးပါကြောင်း၊ အခြေခံကျသော ပညာရေး၊ ကျန်းမာရေးအပြင် ဒေသနှင့် လိုက်လျောညီထွေရှိမည့် သက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း အားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသည် အဖွဲ့အစည်းတစ်ခုတည်း၊ အသင်းအဖွဲ့တစ်ခုတည်း၊ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မအောင်မြင်နိုင်ပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက လက်ရှိတိုးတက်မှုအခြေအနေများအား ပကတိအခြေအနေတိုင်း သိမြင်သုံးသပ်ပြီး ဆက်လက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး မြို့နယ်များမှ သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လမ်း၊ တံတား၊ သောက်သုံးရေ၊ ဆက်သွယ်ရေး အစရှိသည့် တိုးတက်မှု အခြေအနေများအား တင်ပြဆွေးနွေးပြီး ဆက်လက်လုပ်ဆောင်သွားလိုသည့် ကိစ္စရပ်များနှင့်တွေ့ကြုံနေရသည့် အခက်အခဲများကို ညှိနှိုင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က အကြံပြုဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

## ဥပဒေကြမ်းများ ဆက်လက်ဖော်ပြပါမည်

**နေပြည်တော် ဇွန် ၃၀**

ဇူလိုင် ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**တို့ကို ဆက်လက်ဖော်ပြသွားပါမည်။

**(မြန်မာ့အလင်း)**

---

# စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် ပတ်သက်၍ မီဒီယာရှင်းလင်း

**ဖျာပုံ ဇွန် ၃၀**

တောင်ပေါ်သား ရီရှင်းကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် စိုက်ပျိုးရေးသုံးပစ္စည်းနှင့်ပတ်သက်၍ တောင်သူများနှင့် မီဒီယာရှင်းလင်းပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ဖျာပုံမြို့ ဆရာဇော်ဂျီစာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ကျင်းပရာ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်းမြို့နယ်တို့မှ တောင်သူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းနှင့် ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမြဝင်းတို့က အမှာစကားပြောကြားပြီး ကုမ္ပဏီ၏ ကြော်ငြာတာဝန်ခံ ဦးဇော်ဝင်းမြင့်က တောင်ပေါ်သား ရီရှင်းကုမ္ပဏီမှထုတ်လုပ်သည့် စိုက်ပျိုးရေးသုံးပစ္စည်းများ သုံးစွဲခြင်းဖြင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဆွေက မြို့နယ်အတွင်း စိုက်ပျိုးရာသီတွင် ရေငန်ဝင်ရောက်မှုအခြေအနေနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ လေ့လာဆန်းစစ်သုံးစွဲခြင်းဖြင့် အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများနှင့် သတင်းမီဒီယာများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

---

*စာမျက်နှာ ၆ မှ*

ခုံရုံးနှင့်သက်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအား ကျော်လွန်၍ ပထမအကြိမ်ပြင်ဆင်သည့် ခုံရုံးဥပဒေတွင် ပြဋ္ဌာန်းခဲ့သည် ဆိုသည့်အချက်ကို အခြေခံဥပဒေပြင်ဆင်သည့် မူကြမ်းတွင်မှ ပေါ်လွင်လာကြောင်း ရှင်းပြပြီးပါပြီ။ မှန်ကန်စွာဆောင်ရွက်နိုင်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်များ အခြေခံဥပဒေတွင် ပါရှိပြီးဖြစ်ပါလျက် ညီညွတ်အောင် မဆောင်ရွက်ခဲ့သည်ကို တမင်ရည်ရွယ် သွေဖည်ရက်လေသည်ဟု စိတ်မကောင်းဖြစ်မိသည်။ စာဖတ်သူများ သိစေရန်အတွက် ရှင်းပြလိုပါသေးသည်။

(၁) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃။** "ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည် **ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။"**

*[**ရှင်းလင်းချက်**။ ဤပြဋ္ဌာန်းချက်သည် ၁၈-၆-၂၀၁၅ ရက်တွင် သမ္မတ၊ ဒုသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဒုတိယသက်တမ်းရွေးကောက်တင်မြှောက်ခံရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စတင်ဆောင်ရွက်ခွင့်ပြုသည့်အချိန်တွင် မဲဆွယ်စည်းရုံးခွင့်နှင့် ပါတီလုပ်ငန်းဆောင်ရွက်ခွင့်ရှိကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇(ခ) ပြဋ္ဌာန်းချက်အား ပြင်ဆင်ရန် တစ်နည်းအားဖြင့် ဆောင်ရွက်ခွင့်မရှိကြောင်း ကန့်သတ်ရန်ရည်ရွယ်၍ ပြည်သူ့လွှတ်တော်က ခုံရုံးသို့ မေးမြန်းခဲ့သည့်ကိစ္စနှင့် ဆိုင်သည်ဟု နားလည်မိသည်။ ယင်းကိစ္စအတွက် လွှတ်တော်၏မေးမြန်းမှုအပေါ် ခုံရုံးက ပြန်လည်ဖြေကြားခြင်းသည် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ပါသည်။ **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေအပါအဝင် နယကကပြဋ္ဌာန်းခဲ့သော ဥပဒေ ၂၂ ခုသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည်ကို ငြင်း၍မရပါ။ အခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ အခြေခံမူများချမှတ်သည့် အမျိုးသားညီလာခံမှတ်တမ်းများတွင် ပါရှိသည်။ ထို့ကြောင့် ခုံရုံးသည် အမှန်တရားဖြစ်ကြောင်း အခိုင်အမာသိသည်ကို လမ်းလွှဲပေးလိုက်သည်မှာ အကျည်းတန်နေသည်ဟုသာ ပေါ့ပါးစွာ ထောက်ပြချင်ပါသည်။**]*

(၂) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆။ "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။"**

(၃) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈(က)။** "ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။"

ဤပြဋ္ဌာန်းချက်များအရ အောက်ပါအဓိပ္ပာယ်များ ပေါ်ထွက်လာသည်-

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု ပြဋ္ဌာန်းရေး ဆောင်ရွက်စဉ်ကတည်းက ငြင်းခုံခဲ့ကြသည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ဒုတိယမူကြမ်း စာပိုဒ် ၂၂ တွင် လွှတ်တော်က ပြန်လည်ပြင်ဆင်ချက်အဖြစ် ယင်းပြဋ္ဌာန်းချက်ကို ထည့်သွင်းသည်။ ထို့ကြောင့် အခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့်အချက်များအား ညီညွတ်စေရန် ဆောင်ရွက်ကြောင်း ပေါ်လွင်သည်။

(၃) ဤသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပြဋ္ဌာန်းချက်အရ ယင်းပြင်ဆင်ချက်ဥပဒေပါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် ပြဋ္ဌာန်းချက်များသည် မူလကတည်းက အတည်မဖြစ်၊ တစ်နည်းအားဖြင့် ပျက်ပြယ်ပြီးဖြစ်သည်။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ (က) ပြဋ္ဌာန်းချက်အရလည်း ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သော ပြဋ္ဌာန်းချက်များအပေါ် လိုက်နာရန် မလိုအပ်ပေ။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇွန် ၃၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် သံဝေဇနိယလေးဌာနရှိ လုမ္ဗိနီဥယျာဉ်တော်အတွင်း၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်တက်ရောက်၍ အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကြင်ခိုင်၊ ဒေါ်မြသင်္ဂီ၊ ဒေါ်ခင်မိမိ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မာထွန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ဇနီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးပင်များအား သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ စိန်ပန်းကြီး၊ အင်ကြင်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ရေသင်းဝင်၊ ယင်းမာနှင့် ကုက္ကိုပင် စုစုပေါင်း ၃၈၀ ကို စိုက်ပျိုးခဲ့ကြသည်။

**(သတင်းစဉ်)**

# (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမမြောက်နေ့အဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုပြီး တင်ဒါတင်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် ကော်မတီဝင်များက ပြပွဲအတွင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။



ယနေ့ ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပြီး ဇူလိုင် ၁ ရက်တွင် ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ခေတ်သစ်ပြည်ထောင်စုပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၁/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

**ခေတ်သစ်ပြည်ထောင်စုပါတီအား**
**နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ကုန်သည်လမ်းအမှတ်(၆၄၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခေတ်သစ်ပြည်ထောင်စုပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ခေတ်သစ်ပြည်ထောင်စုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၀) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*စာမျက်နှာ ၅ မှ*

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီက၊ မေလ ၁၇ ရက်၌ ရာမာဒီမြို့ကျဆုံးသွားပြီးနောက်တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များက ရက်ပိုင်းအတွင်း ပြန်လည်သိမ်းပိုက်နိုင်မည်ဟု ပြောဆိုခဲ့သော်လည်း စစ်ဆင်ရေးများ နှေးကွေးနေလျက်ရှိသည်။

ဇွန် ၂ ရက်တွင် အန်ဘာပြည်နယ်အတွင်းရှိ မြို့တစ်မြို့၌ ရဲစခန်းတစ်ခုကို အိုင်အက်စ်အဖွဲ့က ဟမ်းဗီးသံချပ်ကာကားများကို အတင်းမောင်းဝင်၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲသား ၃၀ ကျော် သေဆုံးခဲ့ကာ လက်နက်တိုက်ပေါက်ကွဲခဲ့မှုကြောင့် တပ်ဖွဲ့ဝင် ၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုအသေခံဗုံးခွဲတိုက်ခိုက်မှုသည် အန်ဘာပြည်နယ်တစ်ခုလုံးကိုအကြောက်တရားဖြင့် ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းသည့် အိုင်အက်စ်တို့၏ နည်းဗျူဟာပင်ဖြစ်သည်ဟု လေ့လာသူတို့က ဆိုသည်။

အိုင်အက်စ်စစ်သွေးကြွများ ယခုအချိန်၌ အသုံးပြုနေသည့်အမေရိကန်ထုတ် ဟမ်းဗီးသံချပ်ကာကားများမှာ ၂၀၁၄ ခုနှစ် ဇွန်လ၌ အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့ကို အိုင်အက်စ်တို့ တိုက်ခိုက်သိမ်းပိုက်စဉ် အီရတ်စစ်တပ်က ထားရစ်ခဲ့သည့် သံချပ်ကာယာဉ်များဖြစ်သည်။ ထိုစဉ်က ဟမ်းဗီးကား ၂၃၀၀ ဆုံးရှုံးခဲ့ရသည့်အပြင် လက်နက်ကြီး မျိုးစုံကိုလည်း စွန့်လွှတ်ခဲ့ရသည်။ ထိုလက်နက်ကြီးများတွင် MIAIတင့်ကား အစီး ၄၀၊ M-98 ဟောင်ဝစ်ဇာအမြောက် ၅၂ လက်၊ စက်သေနတ် ၇၄၀၀၀ နှင့်ခဲယမ်းကျည်ဆံများစွာပါဝင်သည်။

**ဗုံးထုတ်လုပ်သည့် စက်ရုံ**

ကုလသမဂ္ဂ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတွင် အိုင်အက်စ်အဖွဲ့တွင် ကိုယ်ပိုင်ဗုံးစက်ရုံရှိနေပြီဟု ဖော်ပြထားသည်။

မကြာမီက အိုင်အက်စ်တို့၏ ဗုံးစက်ရုံကြီးတစ်ခုကို အမေရိကန်နှင့်ညွန့်ပေါင်းအဖွဲ့က ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးခဲ့မှုကို လက်စားချေသည့်အနေဖြင့် ဇွန်လ ၄ ရက်နေ့တွင် အိုင်အက်စ်စစ်သွေးကြွများသည် အန်ဘာပြည်နယ် ရဲစခန်းတစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့၍ လက်နက်တိုက်တစ်ခုကို မီးလောင်တိုက်သွင်းပစ်ခဲ့သည်။ ရဲသားများ အပါအဝင် လူပေါင်း ၄၇ ဦးသေဆုံးသွားခဲ့သည်။

အိုင်အက်စ်အစွန်းရောက်အဖွဲ့သည် ဆီးရီးယားရှေးဟောင်းမြို့ပါမီယာနှင့် အီရတ်ရာမာဒီမြို့များကို သိမ်းပိုက်ထားနိုင်သည့်အပြင် ဇွန်လ ၂ ရက်နေ့၌ ဆီးရီးယားနိုင်ငံ၏အရှေ့ပါ ဟာဆာကာမြို့ကို ထပ်မံသိမ်းပိုက်သွားခဲ့သည်။ ယခုအချိန်၌ ဆီးရီးယားအရှေ့မြောက်ပိုင်းဒေသရှိ စစ်စခန်းအားလုံးကို အိုင်အက်စ်တို့က သိမ်းပိုက်ထားပြီဖြစ်သည်။

**လှေစီးသွားလာသူများအရေး**

မြောက်အာဖရိကနိုင်ငံများမှ မြေထဲပင်လယ်ကို ဖြတ်သန်းကာ ဥရောပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်လိုသော လှေစီးသွားလာသူ ရာပေါင်းများစွာနှင့်အတူ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို လူမှောင်ခိုဂိုဏ်းများက ဥရောပနိုင်ငံများသို့ လျှို့ဝှက်ပို့ဆောင်ပေးလျက်ရှိသည်။ ဥရောပထောက်လှမ်းရေးအဖွဲ့များသည် အိုင်အက်စ်အစွန်းရောက်များ လျှို့ဝှက်ဝင်ရောက်၍ ဥရောပတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်မှုကို ထောက်လှမ်းစောင့်ကြည့်နေရသည်။

ထရီပိုလီမြို့ အခြေစိုက် လစ်ဗျားအစိုးရနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်အယ်ဂီရာနီက အီးယူအဖွဲ့သည် လစ်ဗျားနှင့် ပူးပေါင်းဆောင်ရွက်မှသာ လူကုန်ကူးမှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သို့မဟုတ်လျှင် ဥရောပဒေသတွင် အနာဂတ်ကာလ၌ အစွန်းရောက်စစ်သွေးကြွများက အန္တရာယ်အကြီးအကျယ်ပေးလာနိုင်သည်ဟု သတိပေးပြောဆိုခဲ့သည်။

ယနေ့အချိန်၌ အမေရိက၊ ဥရောပ၊ အာရှဒေသများတွင် အိုင်အက်စ်လျှို့ဝှက်ဆဲလ်များ ပျံ့နှံ့နေရာယူလျက်ရှိရာ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လာနိုင်သောအန္တရာယ်ရှိနေပြီဟု ယူဆနိုင်ဖွယ်ဖြစ်ပါကြောင်း။

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**သဲကုန်း ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ အမှတ်(၂)ရပ်ကွက် ကျောင်းကုန်းအမကကျောင်း၌ ဇွန် ၂၅ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနတာဝန်ခံ ဦးအောင်သိန်းနှင့် ဦးခင်မောင်ထွန်းတို့က စားသုံးရန်မသင့်သော အစားအစာများအကြောင်း သိကောင်းစရာများကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ညောင်ကုန်း(အမက)ကျောင်း မုန့်ဈေးတန်းတွင် ရောင်းချနေသောမုန့်များနှင့် အစားအစာများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက စားသုံးရန်သင့်၊ မသင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူ

**နေပြည်တော် ဇွန် ၃၀**

၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ စုပေါင်းသွေးလှူခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

စုပေါင်းသွေးလှူပွဲသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှလှကြည်၊ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်/ မြို့နယ်များမှ အမျိုးသမီးရေးရာ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ သွေးလှူဒါန်းကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရအစားအစာများနှင့် ဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နော်ဝေနိုင်ငံသံအမတ်ကြီးအဖြစ် ဒေါ်မော်မော်အား ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မော်မော်အား နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

# သီလဝါအထူးစီးပွားရေးဇုန်၌ အလုပ်လုပ်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ရန်စီစဉ်

သတင်း-ရဲခေါင်
ဓာတ်ပုံ-မြတ်သန္တာ

ရန်ကုန် ဇွန် ၃၀

**မကြာမီလုပ်ငန်းလည်ပတ်မှုများစတင်တော့မည့် သီလဝါအထူးစီးပွားရေးဇုန်၌ အလုပ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုစီစဉ်လျက်ရှိကြောင်း Fuji Work ကုမ္ပဏီမှ သိရသည်။**

သီလဝါ အထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီများ၏ အလုပ်အကိုင်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်လိပ်စာအဖြစ် https://www.thilawajob.com တွင် တင်ပေးထားမည်ဖြစ်ပြီး အဆိုပါဝက်ဘ်ဆိုက်မှ အလုပ်များ ရှာဖွေနိုင်မည် ဖြစ်သည်။

thilawajob.com ဝက်ဘ်ဆိုက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ရှိသော ကုမ္ပဏီများ၊ စက်ရုံများ၏ အလုပ်အကိုင်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို သာမကဘဲ ယင်းဝက်ဘ်ဆိုက်မှ တစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဖူဂျီဝေါ်လ်ကုမ္ပဏီမှ စီစဉ်ပေးသွားရန်ရှိကြောင်း Fuji Work ကုမ္ပဏီ၏ မြန်မာပြည်ရုံးခွဲ မန်နေဂျာ မဇွန်ပွင့်ဖြူထံမှ သိရသည်။

အလုပ်အကိုင် ရှာဖွေလိုသူများသည် https://www.thilawajob.com တွင် မိမိတို့၏ အမည်များကို ဝင်ရောက်မှတ်ပုံတင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၉၀၀၇၁၂၃ နှင့် အီးမေးလ် thilawajob@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

Fuji Work ကုမ္ပဏီသည် သီလဝါအထူးစီးပွားရေးဇုန်တွင် ပထမဆုံးသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း (Vocational Trainging Center)ကို ၂၀၁၅ ခုနှစ် ဇွန်လမှ စတင်ဖွင့်လှစ်ခဲ့သည်။ Fuji Work ကုမ္ပဏီသည်မြန်မာအစိုးရနှင့် Myanmar-Japan Thilawa Development Ltd တို့နှင့် ပူးပေါင်း၍ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသူများအား လုပ်ငန်းခွင်ဆက်ဆံရေး သင်တန်းများကို ပညာပေးဆိုင်ရာအဖြစ် အခမဲ့ပို့ချပေးလျက်ရှိသည်။



Fuji Work ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူက "သီလဝါ အထူးစီးပွားရေးဇုန်မှာ ဖွင့်လှစ်မယ့်စက်ရုံတွေမှာ အသုံးပြုမယ့် စက်ပစ္စည်းတွေ အမျိုးမျိုးရှိမယ်။ ကျွန်တော်တို့အနေနဲ့ စက်မှုထုတ်ကုန်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အသုံးပြုမယ့် စက်တွေကို အလုပ်သမားတွေ ထိတွေ့ကိုင်တွယ်နည်းတွေ သိရှိသွားအောင် အရင်ဦးဆုံးသင်တန်းတွေ ဖွင့်မယ်။ ဒုတိယအဆင့်မှာ ဂျပန်စကား၊ အင်္ဂလိပ်စကား၊ အိုင်တီနည်းပညာတွေနဲ့စာရင်းကိုင်ပညာရပ်ဆိုင်ရာ သင်တန်းတွေကို သင်ကြားပေးဖို့ စီစဉ်သွားမယ်။ သင်တန်းတစ်ခုကို လူတစ်ထောင်လောက် တစ်ပြိုင်တည်း သင်ကြားပေးနိုင်ပါတယ်။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို ထောက်ပံ့ကူညီပေးသွားမှာပါ။ မြန်မာနိုင်ငံသား တစ်သိန်းခန့်အထိ သီလဝါအထူးစီးပွားရေးစက်မှုဇုန်မှာ အလုပ်လုပ်ကိုင်ခွင့်ရရှိစေဖို့ ကူညီပေးသွားမယ်"ဟု ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းအောင်က သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံဖြစ်ပေါ်စေရန်၊ ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုပေါ်ပေါက်စေရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်၍ စက်မှုလုပ်ငန်းများ ထွန်းကားလာစေရန်၊ ကမ္ဘာ့အရပ်ရပ်မှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်၍ ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ ဒေသခံများ၏ စီးပွားရေးပိုမိုကောင်းမွန်လာစေရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် ဆောက်ရွက်နေခြင်းဖြစ်ကြောင်း ဆိုထားသည်။

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်၊ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ အမေရိကန်၊ တရုတ်၊ ဆွီဒင်၊ ဟောင်ကောင်၊ ဩစတြေးလျနှင့် မလေးရှားနိုင်ငံနှင့် ထိုင်ဝမ်တို့မှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး မော်တော်ယာဉ်အပိုပစ္စည်း ထုတ်လုပ်ရေး၊ လျှပ်စစ်ပစ္စည်း ထုပ်လုပ်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ရေး၊ ဖိနပ်စက်ရုံ၊ ထုပ်ပိုးပစ္စည်းစက်ရုံ၊ အထည်ချုပ်စက်ရုံ၊ စားသောက်ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ဘိလပ်မြေစက်ရုံနှင့် အခြားသော စက်ရုံလုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်သည်။

# ရခိုင်ပြည်နယ် ရေနေသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး

**စစ်တွေ ဇွန် ၃၀**

ငါးသယံဇာတထိန်းသိမ်းရေးနှင့် တိုးပွားအောင်ဆောင်ရွက်ရေး၊ ရေချို/ရေငန် ငါးများတိုးချဲ့မွေးမြူရေး၊ အရည်အသွေးမီ ပုစွန်သားပေါက်များစွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးနှင့် ရေလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ နှစ်ချုပ်နှင့် ၂၀၁၅-၂၀၁၆ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးထူးမြင့်နှင့် ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများ၊ သားပေါက်စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေနေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အတွက် အရေးပါသော ဒီရေတောများကို သစ်တောဦးစီးဌာနနှင့်ပူးပေါင်းပြီး စိုက်ပျိုးထိန်းသိမ်းရေး၊ အခွန်အရပ်ရပ် လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေး၊ ပြည်ပပို့ကုန်တိုးတက်အောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် ငါးလုပ်ငန်းများကိုခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လုပ်ကိုင်နိုင်ရေး၊ ငါးမျိုးပြုန်းတီးစေသော ငါးဖမ်းနည်းများဖြစ်သည့် ဆေးအဆိပ်၊ ဓာတုပစ္စည်းများနှင့် ငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်း၊ လျှပ်စစ်ရှော့ခ်တိုက်ပြီး ငါးဖမ်းခြင်း၊ ကမ်းနီးဂျမ်းပိုက် (Baby Trawl) ကဲ့သို့ ငါးမျိုးပြုန်းတီးစေသော နည်းများဖြင့် ငါးဖမ်းခြင်း စသည့် ငါးဖမ်းဆီးမှုများမပြုလုပ်ရေး၊ ကွင်းဆင်းပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ ငါးသားပေါက်စခန်းများနှင့် (Backyard Hatchery) လေးခုအား အကျိုးရှိစွာ သားဖောက်နိုင်ရေး၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ငါးခုံးမကြီး၊ ကကတစ် စသည့်ရေချို/ရေငန်ငါးများ တိုးချဲ့မွေးမြူရန် စည်းရုံးဆောင်ရွက်ရေး၊ ပုစွန်ကန်များ အထွက်နှုန်းတိုးတက်အောင် သားပေါက်များထည့်သွင်းပြီး စနစ်တကျမွေးမြူရေးနှင့် ရွံ့ကဏန်းမျိုးထိန်းသိမ်းရေး ဧရိယာ (Mud Crab Protected Area) များ ထိန်းသိမ်းနိုင်ရန်အဖွဲ့များဖြင့် ဆောင်ရွက်ရေးတို့ကို စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ရခိုင်/ငါးဦးစီး)**

# ဇွန် ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇွန် ၃၀ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၉၈၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၆၀၀၀ မှ ၈၀၀၀၀ |
| ၁၀ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၃၀၀၀ မှ ၁၀၄၀၀၀ |
| ၁၁ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၃၅၀၀၀ |
| ၁၂ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပခုက္ကူ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၆၅၀ |
| ၁၃ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၂၅ |
| ၁၄ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၈၇၀ |
| ၁၆ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၇ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၉ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ဂျပန်က ယန်းငွေ ၂၅ ဒသမ ၈၈၈ ဘီလီယံ ကူညီရန် လက်မှတ်ထိုး

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင်ပါဝင်သော ရန်ကုန်မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု တိုးတက်ရေးစီမံကိန်း အဆင့်(၁) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အဆင့်(၁) အပိုင်း(၂)နှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တို့အတွက် ဂျပန်နိုင်ငံမှပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ စုစုပေါင်းဂျပန် ယန်း ၂၅ ဒသမ ၈၈၈ ဘီလီယံအားရယူရန် နှစ်နိုင်ငံအစိုးရအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဘဏ္ဍာရေးဝန်ကြီးဌာန၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ယင်းချေးငွေများရယူရန် လဲလှယ်မှုစာချွန်လွှာကို ဂျပန်သံအမတ်ကြီး Mr.Tateshi Higuchi နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်တို့ကလည်းကောင်း၊ ချေးငွေစာချုပ်များကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာနိုင်ငံရုံးခွဲအကြီးအကဲ Mr.Keiichiro NAKAZAWA နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းတို့ကလည်းကောင်း လက်မှတ် ရေးထိုးကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**




## တောင်တွင်းကြီးမြို့နယ်တွင် တရားမဝင်သစ်များသယ်ဆောင်လာသူကို အရေးယူ

**တောင်တွင်းကြီး ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်တောင်တွင်းကြီးမြို့နယ် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းနှင့်အဖွဲ့သည် ဇွန် ၂၉ ရက် နံနက် ၆ နာရီက တောင်တွင်းကြီးမြို့အဝင် မောင်းတိုင်ဂိတ်၌ စောင့်ဆိုင်းနေစဉ် အောင်လံဘက်မှ တောင်တွင်းကြီးဘက်သို့ တောင်တွင်းကြီးမြို့နယ် ချောင်းနက် အရှေ့စုကျေးရွာနေသူ ယာဉ်မောင်း နော်လွန်းဇော် ( ၃၇ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 6A/ ---- ခြောက်ဘီး ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ် စုစုပေါင်း ကျွန်း ၁ ဒသမ ၈၇၈၆ တန်၊ အခြားသား ၀ ဒသမ ၂၇၈၀ တန်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တရားမဝင် ကျွန်းသစ်နှင့် အခြားသားသစ်များ သယ်ဆောင်သူအား တောင်တွင်းကြီးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၄) ရက် (စနေနေ့)
International day of co-operatives 2015 Choose co-operative Choose equality
"သာတူညီမျှ သမဝါယမ"
Choose co-operative, choose equality

## ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၃၀**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများအား ဖိတ်ခေါ် ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိခဲ့ကြသည့် အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း)၊ ဒုတိယဆု ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ တတိယဆု ဌေးလွင်(အမရပူရ)တို့ ရရှိကြသည်။ အထူးဆုများအဖြစ် ဦးကျော်မျိုးသီဟ၊ မင်းမင်းထွန်း၊ ဦးစိုးမင်း(စိုးမင်း-အောင်သီဟ)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)နှင့်မောင်ဆန်းဝင်းတို့က ရရှိခဲ့ကြသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု မမေစိမ်းဝင်း(ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)က "မိန်းမသားတစ်ယောက် ၏တန်ဖိုး" စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း)က "ကန့်သတ်မဲ့အပြာရောင်ကောင်းကင်"စာမူဖြင့် လည်းကောင်း၊ တတိယဆု ဒေါ်နုနုသိန်း(သိမ့်စီးပွားရေးတက္ကသိုလ်)က "သစ္စာဖြင့်သာ ချည်နှောင်အပ်သော" စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးသက်နိုင်(သက်နိုင်-ပြင်ဦးလွင်)က "တကယ်တော့ နေဆိုတာအရှေ့ဘက်အရပ်က ထွက်လာစမြဲပါ" စာမူဖြင့်လည်းကောင်း၊ ဒေါ်တင်ဥမ္မာအောင်(မြနှင်းဝေအောင်)က "စမ်းရေပမာအေးမေတ္တာ"စာမူဖြင့်လည်းကောင်း၊ ဗိုလ်ကြီးမင်းစိုးသူရ (မင်းသွေးငယ်-ရာမည‌မြေ)က "ထာဝရအလင်းတန်း"စာမူဖြင့်လည်းကောင်း၊ ဦးမျိုးလွင်(ခ) စိုင်းလုံ(နန်းညိုမာလွင်-ကလော)က "မင်္ဂလာရှိစေချင်"စာမူဖြင့်လည်းကောင်း၊ ဒေါ်နန်းစောညွှန့် (စောငယ်ငယ်-မိုးညှင်း)က "မေတ္တာအလှဖြင့် ဘဝကိုခြယ်မှုန်းပေးသူ" စာမူဖြင့်လည်းကောင်း ရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီးများနေ့ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ရန်အောင်မြင်ဘုရားလမ်း ဒက္ခိဏသီရိမြို့ နေပြည်တော် ဖုန်း-၀၆၇-၄၁၉၁၇၄၊ ၀၆၇-၄၁၉၁၈၉၊ ၀၆၇-၄၁၉၁၉၀၊ ၀၆၇-၄၁၉၁၉၁ သို့ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

HOME & CAR EXPO
ဇူလိုင် (၉) မှ (၁၂) ရက်
တပ်မတော်ခန်းမ
နံနက် (၉) မှ (၆) နာရီ
အိမ်ယာများနှင့် အိမ်သုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရောနစ် ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ပရိဘောဂများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကားဘတ္တရီ၊ တာယာ၊ အင်ဂျင်ဝိုင်နှင့် ကားအလှဆင်ပစ္စည်းများ နှင့် အခြားကုန်ပစ္စည်းများ
ပြခန်းများစတင်ရောင်းချနေပါပြီ၊ နေရာမြန်ခန်း - Smart Business Group Ph:01-656875,667473,09-73014777, 09-5099079

| သမ္မတ | သွင် | ဝင်းလိုက်(မန္တလေး) | ၃ . ၇ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ | နေပြည်တော်(၁) | မင်္ဂလာ စံပြ | မင်္ဂလာနိုင်းမွန်း | မင်္ဂလာ စံပြ | မြို့မ(မန္တလေး) |
|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | ၀၁-၃၇၂၅၉၄<br>၀၉၇၃၂၃၅၅၆၀ | ၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | | ဖုန်း - 251277<br>251288 | ဖုန်း - ၀၉၂၆၀၀၈၇၀၃၅<br>၀၉၂၆၀၀၈၇၀၃၆<br>၀၁ ၂၃၀၃၁၅ | နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး<br>ဖုန်း-၀၉၄၃၀၂၅၆၅၄၁၊<br>၀၉၄၃၀၂၅၆၅၄၂ | ဖုန်း - ၀၉၂၆၀၀၈၇၀၃၅<br>၀၉၂၆၀၀၈၇၀၃၆<br>၀၁ ၂၃၀၃၁၅ | ၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ |









# ချင်းပြည်နယ်၌ လေဆိပ်သစ်တည်ဆောက်ရန်ပြင်ဆင် အချိန်တိုအတွင်း ခရီးသွားနိုင်တော့မည်

**ရန်ကုန် ဇွန် ၂၀**

သဘာဝအလှအပများ တည်ရှိနေသော မြန်မာနိုင်ငံအနောက်ပိုင်းမှ ချင်းပြည်နယ်ခရီးသွားလုပ်ငန်း တိုးတက်စေရန်၊ ခရီးသွားလာရေးလွယ်ကူလျင်မြန်စေရန် လေဆိပ် သစ်တစ်ခုကို ဖလမ်းမြို့နယ် ဆာဘန်းကျေးရွာအနီး၌ တည်ဆောက်ရန် ပြင်ဆင်နေပြီဖြစ်သည်။

ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း စသည့်မြို့နယ်များ၌ လေဆိပ်မြေနေရာရှာဖွေခဲ့ရာ ဖလမ်းမြို့နယ် ဆာဘန်းကျေးရွာအနီး တောင်ကြောမြေပြန့်၌ လေဆိပ်တည်ဆောက်ရန် အကောင်းဆုံးနေရာအဖြစ် ရွေးချယ်ခဲ့ပြီး တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

ယင်းလေဆိပ်ကို ၂၀၁၅-၂၀၁၆ တွင် စတင်တည်ဆောက်ပြီး သုံးနှစ်အတွင်း အပြီးတည်ဆောက်ကာ အသုံးပြုနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ ချင်းပြည်နယ်တွင် သဘာဝအလှအပများ ပြည့်စုံစွာတည်ရှိနေပြီး ရိဒ်ရေကန်၊ နတ်မတောင်အပါအဝင် မတူပီ၊ မင်းတပ်စသည့်နေရာများမှာ ခရီးသွားများ စိတ်ဝင်စားစွာ သွားလာလည်ပတ်နိုင်သည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နေရာအများအပြားတည်ရှိနေသည်။

ချင်းပြည်နယ်သည် သဘာဝရေမြေအနေအထားအရ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသော်လည်း ယခုအခါ လေယာဉ်ကွင်းသစ်တည်ဆောက်ပြီးပါက ယခင်က ကားဖြင့် ကလေးမြို့မှ ငါးနာရီခန့်ကြာအောင် သွားရသော်လည်း လေကြောင်းခရီးဖြင့် မိနစ်ပိုင်းအတွင်း သွားနိုင်မည်ဖြစ်သည်။

ချင်းပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ရောက်ရှိမှုမှာ ၂၀၁၃ ခုနှစ်က ၁၀၂၃ ဦးကျော် ရောက်ရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ၁၂၅၆ ဦးကျော် ရောက်ရှိ ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ယခင်နှစ်များကထက် ပိုမိုရောက်ရှိရန်ရှိနေကြောင်း သိရသည်။ သဘာဝအတိုင်းတည်ရှိသော ရေမြေတောတောင် အလှအပများက နိုင်ငံတကာမှ ခရီးသွားများကို ဆွဲဆောင်လျက်ရှိနေသည်။

သို့သော် ခရီးသွားဧည့်သည်များအတွက် ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးရန် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းအတွက် ဝန်ဆောင်မှုများ အဆင့်မြှင့်တင်ရန် ကြိုးစားရမည်ဖြစ်သည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း တည်ရှိသည့် ရိဒ်ရေကန်အနီးဝန်းကျင်တွင် ခရီးသွားများအတွက် ဒေသထွက်ကုန်များ၊ ဒေသအစားအစာများ၊ တည်းခိုရန် ဟိုတယ်နှင့် တည်းခိုရိပ်သာများကို ယခုထက် ပိုမိုကောင်းစေရေး ဖန်တီးပေးနိုင်ပါက ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေနိုင်မည်ဖြစ်သည်။ ရိဒ်ရေကန်သည် ဖလမ်းမြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ နယ်စပ်အနီးတည်ရှိနေသော သဘာဝရေကန်ဖြစ်ရာ အိန္ဒိယမှခရီးသွားများ ပိုမိုလာရောက်နိုင်သည့် အခြေအနေရှိနေသည်။

တစ်ဖန်ဖလမ်းမြို့နယ်အတွင်းရှိ ဘာဝီပါတလန်တောင်တန်းသည် သစ်ပင်မျိုးစိတ်သစ်များ၊ ကျေးငှက်မျိုးသစ်များ စုံလင်စွာလေ့လာတွေ့ရှိနိုင်သည့် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၇၀၀၀ ၌ တည်ရှိသော တောင်များဖြစ်သည်။ တစ်ဖန် ပေ ၁၀၀၀၀ ကျော်မြင့်သော ဇစ်တိုရီးယား သို့မဟုတ် နတ်မတောင်လည်းတည်ရှိနေရာ စွန့်စားခရီးသွားများအတွက် စိတ်ဝင်စားစရာခရီးစဉ် ဖြစ်သည်။

နတ်မတောင်ကို ၁၉၉၄ ခုနှစ်က နတ်မတောင် အမျိုးသားဥယျာဉ်အဖြစ် နိုင်ငံတော်ကသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ထားရာ သစ်ပင်နှင့်ပန်းမျိုးစိတ်သစ်များ၊ သတ္တဝါနှင့်တိရစ္ဆာန်တို့၏ မျိုးစိတ်သစ်များ၊ ရှားပါးလိပ်ပြာမျိုးစိတ်များ၊ ဒေသခံတိုင်းရင်းသားတို့၏ လူမှုဘဝနေထိုင်မှုများကို တွေ့မြင်လေ့လာနိုင်မည် ဖြစ်သည်။

**ဝေယံဦး**






# အကောင်းဆုံးဂိုးသမားဆုရခဲ့သော မြို့နယ်ဂုဏ်ဆောင် ကျော်ဇင်ဖြိုးအား ကြိုဆို

**ရွှေတောင် ဇွန် ၂၀**

စင်ကာပူနိုင်ငံ၌ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယူ-၂၃ ဘောလုံးပြိုင်ပွဲတွင် ကြိုးကြိုးစားစား လက်စွမ်းပြ ကာကွယ်ပေးခဲ့သည့်အတွက် အကောင်းဆုံးဂိုးသမားဆု၊ ရွှေလက်ပိုင်ရှင်ဆု၊ ရွှေလက်အိတ်ဆုများရရှိခဲ့ပြီး အရှေ့တောင်အာရှ အကောင်းဆုံးဘောလုံးအသင်း၌ ဂိုးသမားအဖြစ် ရွေးချယ်ခံခဲ့ရသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အထူးဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရသူ ရွှေတောင်မြို့နယ်မှ မြန်မာ့လက်ရွေးစင်ဂိုးသမား ကျော်ဇင်ဖြိုးအား ဂုဏ်ပြု ကြိုဆိုပွဲ ကို ဇွန် ၂၉ ရက် နံနက်က ကျင်းပသည်။

မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်အား/ကာ မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သတင်းထောက်များ၊ ဘောလုံး အားကစားဝါသနာရှင် ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များနှင့် ရဟန်းရှင်လူမိဘပြည်သူများက ဂိုးသမား ကျော်ဇင်ဖြိုးအား ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

(၁၁၆)



# ကျန်းမာရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်

**ဒီမောဆို ဇွန် ၂၀**

ကယားပြည်နယ် ဒီမောဆိုမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားလာစေရေး လူထုအခြေပြု ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ဇွန် ၃၀ ရက်က ဒီမောဆိုမြို့နယ် ဝါသောခိုကျေးရွာအုပ်စု ထီးဆော်ဒေါကျေးရွာ၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် တစ်အိမ်တက်ဆင်း ကျန်းမာရေးဆိုင်ရာ အသိပညာများကို ရှင်းလင်း ပြောကြားခြင်း၊ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အုပ်စုငယ်များဖွဲ့၍ ကျန်းမာရေးမြှင့်တင်ရေး၊ ရှေးဦးပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရောဂါများကြိုတင်ကာကွယ် တားဆီးခြင်းလုပ်ငန်းများကို ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

ဒီမောဆိုမြို့နယ်အတွင်း ထီးဆော်ဒေါ၊ လော်ပလောဆို၊ ကဖူ၊ လောစီ၊ မြေနီကုန်း၊ တနန်းဥက္ကိုင်၊ ကုန်းသာ၊ ဒေါပိုးစီ၊ ဒေါဘူးငံရယ်၊ တနီးလားလဲ ကျေးရွာတို့တွင် လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံချက်ဖြင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ၁၂ ဘီးကုန်တင်ယာဉ် လမ်းဘေးထိုးကျတိမ်းမှောက်

**ကျောက်တံခါး ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၆/၆) အနီး တိုလိုတံတားကွေ့ အလယ်ကျွန်းရွာအနီး၌ ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး ဇွန် ၂၉ ရက် နံနက် ၇ နာရီခွဲက လမ်းဘေးထိုးကျ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း မျိုးသူရလွင်(၂၂ နှစ်) နွားထိုးကြီးမြို့နယ်နေသူသည် ယာဉ်အမှတ် 3F/-------နီဆန်း ၁၂ ဘီးယာဉ်သည် စားသောက်ကုန်များ တင်ဆောင်၍ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့၌ ဒဏ်ရာများရရှိခြင်းမရှိဘဲ ယာဉ်၏ရှေ့လေကာမှန်နှင့် ရှေ့မီးများကွဲခဲ့ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒရေးဆွဲရာတွင် အထောက်အကူပြုရန်နှင့် လူငယ်နှင့် အမျိုးသမီး စွန့်ဦးတီထွင်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် UNIDO, JICA , OECD တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒချမှတ်ရေး အကောင်အထည်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ " Strengthening SME Policy Development through Data Enhancement in Myanmar" ကို ယနေ့နံနက်က ရန်ကုန်မြို့ UMFCCI ရှိ မြန်မာ- ဂျပန်စင်တာ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် SME လုပ်ငန်းများကို အတိအကျစာရင်းဇယား ကောက်ယူရေးနှင့် လိုအပ်သည့် အထောက်အပံ့ပေးရေး၊ စွန့်ဦးတီထွင် လုပ်ငန်းများအတွက် အထောက်အပံ့များပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပညာရှင်များက အသေးစိတ်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာမှ စိတ်ဝင်စားသည့် အဖွဲ့အစည်းများ၊ စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# ပျဉ်းမနား၌ မိုးပွင့်(အထူး)အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**ပျဉ်းမနား ဇွန် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့်ဝန်ထမ်းများက One Stop Service ဖြင့် အဆိုပါရပ်ကွက်နေအသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ် လာရောက်ပြုလုပ်ကြသူများအား ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် သက်ဆိုင်သောအချက်အလက်များ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူ ၁၄၂ ဦးကို ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ဦးစီးမှူးက ဆန္ဒမဲပေးနိုင်ရေးအတွက် မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ဝမ်းမြောက်ပါကြောင်း အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်မင်းက ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တတိယအကြိမ် ကျင်းပ

**ကန်ပက်လက် ဇွန် ၃၀**

တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က ကန်ပက်လက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်း၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့မှ အဖွဲ့ဝင်များ၊ အမှတ်(၂)ရပ်ကွက်နေပြည်သူများက ထင်းရှူးအပင် ၄၂၀၊ ခါတော်မီ ၂၂၅ ပင်၊ ချယ်ရီပင် ၁၂၀ စုစုပေါင်း ၇၆၅ ပင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**✻ ကျော်ဖုံးမှ**

ထို့အပြင် ဦးဇော်မင်းဝင်းက ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် စတင်မည့် အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ မပေါ်ပေါက်မီ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် ပါဝင်သည့် မြန်မာနိုင်ငံ၏စက်မှုလုပ်ငန်းကဏ္ဍကိုလည်း အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးမှုနှေးကွေးရခြင်းမှာ ကျွမ်းကျင်လုပ်သား၊ အခြေခံအဆောက်အအုံ၊ နည်းပညာမပြည့်စုံမှုနှင့် ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းကြောင့် ဈေးကွက်ဝင်လမ်းကင်းမဲ့မှု၊ စံမမီသော ထုတ်ကုန်ပစ္စည်းနှင့် ဈေးချင်းမယှဉ်နိုင်သော ဈေးနှုန်းတို့ဖြစ်ကြောင်း ဆိုသည်။

ထို့အတူ လှိုင်သာယာ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ၎င်း၏အမြင်အရပြောရလျှင် မြန်မာနိုင်ငံသည် ပစ္စည်းထုတ်လုပ်ရခြင်းထက် စက်ပစ္စည်းတပ်ဆင်ခြင်းကို ပို၍လုပ်သင့်သည်ဟုထင်မြင်ကြောင်း၊ အကြောင်းမှာ ပစ္စည်းထုတ်လုပ်ခြင်းသည် တီထွင်မှုလိုအပ်သည့်အတွက် ဖြစ်ကြောင်း ဆိုသည်။

**ကျော်သဲအိမ်**

**❍ ကျော်ဖုံးမှ**

ဖြတ်တင်ဘောကို ချီလီနောက်ခံကစားသမား ဂါရီမက်ဒယ်ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ် သွင်းယူမိသလိုဖြစ်ခဲ့သည်။ ပွဲချိန် ၆၄ မိနစ်တွင် ချီလီအသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူးဗားဂက်စ်မှ ထပ်မံသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ချီလီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကိုပါအမေရိကဖလား ဗိုလ်လုပွဲစဉ်ထိ အများဆုံးတက်ရောက်ထားသည့်အသင်းမှာ ဥရုဂွေးအသင်းဖြစ်ပြီး (၁၅) ကြိမ်ထိ တက်ရောက်ထားသည်။ ဖလားအများဆုံးရရှိထားသည့်အသင်းမှာ အာဂျင်တီးနားအသင်းဖြစ်ပြီး ကိုးကြိမ်ရရှိထားသည်။ ဥရုဂွေး ခုနစ်ကြိမ်၊ ချီလီ ခုနစ်ကြိမ်၊ ပီရူး ခြောက်ကြိမ်၊ ဘရာဇီး လေးကြိမ်၊ အီကွေဒေါ သုံးကြိမ်၊ ဘိုလီဗီးယား နှစ်ကြိမ်၊ ပါရာဂွေး၊ ကိုလံဘီယာနှင့် ဗင်နီဇွဲလားတို့ တစ်ကြိမ်စီ ရရှိထားသည်။

တောင်အမေရိကဇုန် ကိုပါအမေရိကပြိုင်ပွဲကို ၁၉၁၆ တွင် စတင်ပြုလုပ်ခဲ့ပြီး ယခုဆိုလျှင် ၉၉ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ကိုပါအမေရိက ၂၀၁၅ ဗိုလ်လုပွဲကို အိမ်ရှင်ချီလီအသင်းနှင့် ဗုဒ္ဓဟူးနေ့နံနက်တွင် ယှဉ်ပြိုင်ကစားမည့် အာဂျင်တီးနားနှင့် ပါရာဂွေးအသင်းမှ အနိုင်ရရှိသည့်အသင်းတို့ ဇူလိုင် ၅ ရက်နေ့တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

**သီဟ-ရေးသည်**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ ၂၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ငဖဲ-စေတုတ္တရာလမ်းပေါ်ရှိ တံတား(၂)စင်း၊ စလင်း-စေတုတ္တရာလမ်းပေါ်ရှိ တံတားတစ်စင်းနှင့် နတ်မောက်-စိုင်ကောင်းလမ်းပေါ်ရှိ တံတား(၅)စင်းတို့အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူလိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (၁) ချိုင်ပင်ကျောက် | (၂) သဲကြမ်း | (၃) အခြားသားသစ် |
| (၄) မြေဖယောင်း | (၅) သွပ်နန်းကြိုး | (၆) 5 Ply wood (8'×4') |
| (၇) ဂဟေချောင်း | (၈) ဘိလပ်မြေသယ်ပို့လုပ်ငန်း | |

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၇-၂၀၁၅ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၇-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၀-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
၄။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၅၅၀၁၀၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ရုံးသုံးစာရေးကိရိယာများ၊ နိုင်ငံခြားစက္ကူ A4 နှင့် မိတ္တူကူးစက်နှင့်ပရင်တာဆက်စပ်ဆေးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) အမျိုးအစား - (၁) LOT (၁) A4 စက္ကူထုပ် (၁)မျိုး
(၂) LOT (၂)မိတ္တူကူးစက်နှင့်ပရင်တာဆက်စပ်ဆေးပစ္စည်းများ (၂၀)မျိုး
(၃) LOT (၃) စာရေးကိရိယာ (၅၁)မျိုး
(ခ) တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန် - ၁-၇-၂၀၁၅ ရက်မှ ၈-၇-၂၀၁၅ ရက်ထိ (ရုံးချိန်အတွင်းသာ)
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ရုံးအမှတ် ၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်
(ဃ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့်အချိန်၊ နေရာ - ၉-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်
(င) Deposit ပေးသွင်းရမည့်နေရာ - ဌာနမှသတ်မှတ်ထားသော အာမခံစပေါ်ငွေကို ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ငွေစာရင်းဌာနခွဲတွင် ပေးသွင်းရမည်။

၂။ တင်ဒါဖွင့်ဖောက်သည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ရှေ့မှောက်တွင် အဆိုပြုလွှာများအား တင်ဒါပုံးအတွင်းသို့ ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှဝယ်ယူမည့် A4 စက္ကူ၊ ရုံးသုံးစာရေးကိရိယာများနှင့် မိတ္တူကူးစက်နှင့် ပရင်တာဆက်စပ်ဆေးပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၀၁၂၊ ၀၆၇-၄၀၈၄၁၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ပေ၆၀×ပေ၈၀ အမျိုးအစား မြေကွက်အမှတ်(၃၉၁) ကို မူလက မြိုင်သာယာဝန်ထမ်းအိမ်ရာဖော်ထုတ် နေရာချထားရေး ဗဟိုကြီးကြပ်မှုကော်မတီမှ ဦးစောဝင်း(EME-၀၃၁၄၅၀)အား ချထားပေးသော မြေကွက်ဖြစ်ပါသည်။

ယင်းထံမှ အဆင့်ဆင့်ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်အောင် ၆/ထဝန(နိုင်)၀၆၄၉၃၀မှ အငှားဂရန်လျှောက်ထားရန်အတွက် မိမိအမည်သို့ အမည်ပြောင်းလဲထုတ်ပေးရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထား မှတ်ပုံတင်စာချုပ်မူရင်း၊ တရားရုံးဒီကရီများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အောက်ပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

**နေမင်းကြာ (ဝင်ခွင့်)**
**★ ဒုရဲအုပ်**
❖ မေးခွန်းဟောင်းနှင့်မှတ်စုများ နယ်သို့ပို့ပေးသည်။
❖ အနီးကပ်တန်းခွဲ ၄.၇.၂၀၁၅ စမည်။ (၇ ရက် အပြတ်)
အနော်ရထာအိမ်ရာအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊
Ice Berry ရှေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉ ၄၂၀၀၄၂၂၀၀၊ ၀၉ ၂၅၃၀၃၃၈၂၃

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန ရေ/သန့်ဌာနခွဲ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆)ပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန လျှပ်စစ်ဌာနခွဲ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပုသိမ်မြို့ အမှတ် ၂ အထက တက္ကသိုလ်ဝင်တန်း(F)တွင် ပညာသင်ယူနေသော မမြတ်နိုးဝေ ၁၄/ငဆန(နိုင်)၀၁၀၃၂၅ ၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၁၄/ပသန(နိုင်)၂၀၄၂၆၇ ဖြစ်ပါကြောင်း။

**ဦးမြင့်သိန်း-သလပ်ခွာကျေးရွာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာနေ ဦးသန်းနိုင်၏သမီး မခင်မာချို (ခ)မချိုချိုမာ PAG-216038 သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်မာချို(ခ)မချိုချိုမာ**

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၇-၆-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ ပဲခူးခရိုင် တရားရုံး၏ ၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၇၄ ကြော်ငြာတွင် ခေါင်းစီး၌ ရောင်းရန်ကြော်ငြာဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက(ခွဲ) ဂရုံတပ်တွင်း နဝမတန်းမှ မနန်းဝေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၇/သဝတ(နိုင်)၁၀၇၁၀၄ ဖြစ်ပါသည်။

**ဦးမြင့်နိုင်**

# ကျောက်ခေတ်နံ့ရံပန်းချီများရှာဖွေတွေ့ရှိခြင်းသည် မြန်မာ့ယဉ်ကျေးမှုသမိုင်းကို ပိုမိုခိုင်မာစေနိုင်

မင်းထက်အောင်(မန်းကိုယ်ပွား)



မြန်မာနိုင်ငံတွင် ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများဖြစ်သော ကျောက်လက်နက်ကိရိယာများကို နေရာအနှံ့အပြားတွင် တွေ့ရှိရသော်လည်း ကျောက်ခေတ်လူသားတို့ နေထိုင်အသုံးပြုခဲ့ကြသောဂူများကို တွေ့ရှိရမှုနည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။ ၁၉၆၁ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်းတွင် ကျောက်ခေတ်ကာလ လူသားတို့နေထိုင်အသုံးပြု၍ ရေးဆွဲထားသော နံ့ရံပန်းချီများရှိရာပြဒါးလင်းဂူကို စတင်တွေ့ရှိပြီး သုတေသနပြုထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စု တောတွင်းကျေးရွာမှ ဦးဝင်းဘိုသည် ရွာငံမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်အစပ် ကမ်းပါးနီကျေးရွာအနီးတွင် ကျောက်နံ့ရံပေါ် အရုပ်များရေးထားသည်ကို တွေ့ရှိရကြောင်း ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်နေ့က သတင်းပေးပို့ချက်အရ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သတင်းမီဒီယာများလိုက်ပါလျက် မေ ၂၆ ရက်မှ ၂၇ ရက်အထိ သွားရောက်ကွင်းဆင်းလေ့လာခဲ့သည်။

ထိုသို့ သွားရောက်လေ့လာခဲ့ရာတွင် ၄င်းနေရာ၌ လူနေထိုင်ရာဂူမတွေ့ရဘဲ သဘာဝကျောက်တုံးကြီး အများအပြားတွေ့ရှိရပြီး ကျောက်တုံးများအနက် ကျောက်တုံး သုံးတုံးတွင် ကျောက်ခေတ်လူသားများရေးဆွဲခဲ့သည့် နံ့ရံပန်းချီများကို တွေ့ရှိရပါသည်။ တွေ့ရှိရသည့် ပန်းချီအရုပ်များမှာ ဆင်ရုပ်၊ လက်ဝါးပုံအရုပ်၊ တိရစ္ဆာန်ပုံအရုပ်များနှင့် နံ့ရံပန်းချီရှိသော ကျောက်တုံးများအနီးတွင် ကျောက်လက်နက်ကိရိယာများကို တွေ့ရှိခဲ့ပါသည်။

ယခုတွေ့ရှိခဲ့သော ကျောက်ခေတ်နံ့ရံပန်းချီများသည် မြန်မာ့သမိုင်းတွင် အရေးကြီးသော သမိုင်းအထောက်အထားများဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုသမိုင်းကို ပိုမိုခိုင်မာစေခဲ့သည့် အထောက်အထားသစ်တစ်ခုအဖြစ် နိုင်ငံနှင့်လူမျိုးအတွက်ဂုဏ်ယူနေကြသူများအားတွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးဝင်းဗိုလ်(ကမ်းပါးနီကျောက်ခေတ်နံ့ရံပန်းချီများစတင်ရှာဖွေတွေ့ရှိသူ)**

ကျွန်တော် ဒီကျောက်နံ့ရံပန်းချီတွေကို တွေ့ခဲ့တာကြာပါပြီ။ တန်ဖိုးရှိမှန်းမသိခဲ့လို့ အမှတ်တမဲ့နေခဲ့မိတယ်။ တစ်နေ့မှာ ဘုန်းကြီးတစ်ပါးက ပြဒါးလင်းဂူကို လိုက်ပို့ခိုင်းပြီး ဒီဂူမှာရှိတဲ့ အရုပ်တွေက ရှေးခေတ်ကျောက်ခေတ်လူသားတွေ ရေးဆွဲခဲ့တဲ့ပန်းချီတွေလို့ ရှင်းပြတော့မှ ကျွန်တော်တွေ့ခဲ့တဲ့ရုပ်ပုံတွေနဲ့တူနေတာကိုသတိရပြီး ဒါတွေဟာရှေးဟောင်းပစ္စည်းတွေပါလားလို့ အသိဝင်လာတဲ့အတွက် ကျွန်တော်နဲ့ရင်းနှီးတဲ့ ဝမ်းတွင်းမြို့နယ်က ကိုစိုးမိုးနိုင်ကိုပြောပြတဲ့အခါ ဒါတန်ဖိုးရှိတဲ့ပစ္စည်းတွေဖြစ်နိုင်တယ်၊ ပြန်သွားကြည့်ပြီး ဓာတ်ပုံရိုက်ခဲ့ပါလို့ပြောတဲ့အတွက် ဓာတ်ပုံရိုက်တဲ့အပြင် ဗီဒီယိုမှတ်တမ်းပါ လက်ကိုင်ဖုန်းနဲ့ရိုက်ခဲ့ပါတယ်။ ဒီမှတ်တမ်းပုံတွေကို ကိုစိုးမိုးနိုင်က ဖေ့စ်ဘွတ်ပေါ်တင်လိုက်တဲ့အတွက် အားလုံးသိရှိပြီး သက်ဆိုင်ရာကနေ ဆက်သွယ်မေးမြန်း ဖော်ထုတ်လာနိုင်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ဒီလိုဖြစ်လာလိမ့်မယ်လို့မထင်ခဲ့ဘူး။ ဒီလိုသမိုင်းတန်ဖိုးရှိတဲ့ ကျောက်ခေတ်ပန်းချီတွေကိုရှာဖွေပြီး သက်ဆိုင်ရာကို အသိပေးဖော်ထုတ်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာနေပါတယ်။ နောင်ကိုလည်း ဆက်လက်ရှာဖွေပေးဖို့ စိတ်အားထက်သန်နေပါတယ်။

**သုခမ္မာ ဒေါက်တာဦးကျော်ဝင်း(သတ္တဌာနအလျှူရှင်)**

ရှေးဟောင်းအမွေအနှစ်တွေကို ရှာဖွေတွေ့ရှိခြင်းဟာ နိုင်ငံအတွက် ဂုဏ်ရှိသလို ဒါတွေကိုထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့်လည်း နိုင်ငံသားတစ်ဦး(သို့)နိုင်ငံတစ်နိုင်ငံရဲ့တန်ဖိုးကို ခန့်မှန်းနိုင်ပါတယ်။ ယခင်တွေ့ရှိခဲ့တဲ့ ပြဒါးလင်းဂူနဲ့လည်း သိပ်မဝေးဘူးဆိုတော့ ဆက်စပ်ပြီး တွေးကြည့်မိရင် ဆက်လက်ရှာဖွေသုတေသနပြုသင့်တယ်လို့ အကြံပြုချင်ပါတယ်။ သွားရောက်လေ့လာချင်သူတွေအတွက် လွယ်ကူအောင် ဆောင်ရွက်ပေးစေချင်ပါတယ်။နိုင်ငံအတွက် အမှတ်တမဲ့ကနေ အမှတ်တရဖြစ်အောင် ဖော်ထုတ်ပေးခဲ့တဲ့ ဦးဝင်းဗိုလ်ကို ဂုဏ်ယူပါတယ်။

**ဒေါက်တာမောင်မောင်ဆွေ(ကထိက-မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်)**

ကျွန်တော်တို့နိုင်ငံမှာ ရှေးဟောင်းအထောက်အထားတွေအနေနဲ့ ပြဒါးလင်းဂူကိုစတင်တွေ့ရှိခဲ့တယ်။ ယခုထပ်ပြီးတွေ့ခဲ့ရတော့ ပိုပြီးအားရကျေနပ်မိတယ်။ ရှေးဟောင်းသုတေသနဌာနက ပြောပြချက်အရ ပြဒါးလင်းဂူထက် အခုတွေ့ရတဲ့ ကမ်းပါးနီကျောက်ခေတ်နံ့ရံပန်းချီတွေက နောက်ကျတယ်ဆိုတာ သိလိုက်ရတော့ ပြောင်းလဲလာတဲ့ လူမှုဘဝသမိုင်းအထောက်အထားတွေပိုပြီး ခိုင်ခိုင်မာမာသိရှိလာရတဲ့အတွက် သမိုင်းတန်ဖိုးကလည်း ပိုပြီးကြီးမားလာတာပေါ့။ နိုင်ငံတော်အတွက်လည်းတကယ်ကို ဂုဏ်ယူစရာကောင်းပါတယ်။

**ဆရာကြီးနတ်မောက် ဦးထွန်းရှိန်**

မြန်မာနိုင်ငံမှာ ကျောက်ခေတ်နံ့ရံပန်းချီတွေကို ပထမဆုံးတွေ့ရှိတာက ပြဒါးလင်းဂူပါ။ အခု ဒုတိယအကြိမ်တွေ့ရှိခြင်းပါ။ ဒီလိုတွေ့ရှိခြင်းဟာ အင်မတန်စိတ်ဝင်စားစရာကောင်းပြီး အံ့သြစရာလည်းကောင်းပါတယ်။ မြန်မာနိုင်ငံမှာထင်ရှားတဲ့ ကျောက်ခေတ်ပန်းချီတွေကိုတွေ့ရှိတာက ရှမ်းပြည်နယ်အနီးတစ်ဝိုက်မှာပဲဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ဒီနေရာအနီးတစ်ဝိုက်ကို သုတေသနပြုတူးဖော်ကြည့်ဖို့ အကြံပြုချင်ပါတယ်။ ဒီလို ကျောက်ခေတ်လူသားတွေရဲ့ အနုပညာပန်းချီလက်ရာတွေကို တွေ့ရှိတာဟာ နိုင်ငံအတွက် ဂုဏ်ယူစရာကောင်းပါတယ်။ ပြဒါးလင်းဂူကို ကာကွယ်စောင့်ရှောက်ထားသလို ယခုတွေ့ရှိတဲ့လက်ရာတွေကိုလည်း သမိုင်းအမွေအနှစ်အဖြစ် မပျောက်ပျက်အောင် သုတေသနပညာရှင်တွေနဲ့ပူးပေါင်းပြီး ခေတ်မီနည်းစနစ်တွေနဲ့ ပြုပြင်ထိန်းသိမ်းပေးကြပါ။ နောက်ပြီး အခုတွေ့ရှိတဲ့နေရာကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးမယ်ဆိုရင် နိုင်ငံခြားသားဧည့်သည်တွေအတွက် လေ့လာစရာနေရာတစ်ခုတိုးလာမှာပါ။

**စာရေးဆရာဆူးငှက်**

တွေ့ရှိသူတွေကလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေကို သတင်းပေးဖော်ထုတ်ပြီး တာဝန်ရှိသူတွေကလည်း နိုင်ငံသမိုင်းအတွက် အကျိုးပြုမယ့် အထောက်အထားတွေကို စနစ်တကျပညာရှင်တွေနဲ့ တိုင်ပင်ပြီး အမြန်ဆုံးသုတေသနပြုထိန်းသိမ်းကာကွယ်ဖို့ လိုအပ်ပါတယ်။ များသောအားဖြင့် ဒီလို ကျောက်ခေတ်နံ့ရံပန်းချီတွေက လူမရောက်တဲ့နေရာတွေမှာ ရှိတတ်ကြတဲ့အခါ မြန်မာလူမျိုးပီပီ ဘာလုပ်တတ်သလဲဆိုတော့ မူလရှိပြီးသားလက်ရာသမိုင်းအထောက်အထားတွေကို သဒ္ဓါစိတ်လွန်ကဲပြီး ပြုပြင်မွမ်းမံမှုတွေ လုပ်တတ်ကြတာကိုတွေ့ရတယ်။ ဒီလိုလုပ်ဆောင်မှုတွေဟာ သမိုင်းအထောက်အထားတွေကို ပျက်စီးသွားစေနိုင်တော့ အဲ့ဒီလိုမဖြစ်ဖို့ အရေးကြီးပါတယ်။ အခုလိုတွေ့ရှိခြင်းဟာ သမိုင်းအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ တွေ့ရှိတဲ့နေရာကလည်း တောကြီးတောင်ကြီးထဲမှာဖြစ်နေတော့ ထိန်းသိမ်းရတာ ခက်ပါတယ်။ ဒါကိုပညာရှင်တွေကသွားရောက် ဖော်ထုတ်သုတေသနပြုပေးကြတာဟာ အင်မတန်ကျေးဇူးတင်စရာကောင်းပါတယ်။ စတွေ့တဲ့ ဦးဝင်းဗိုလ်ကိုလည်း တာဝန်သိစိတ်ကြောင့် ချီးကျူးရမှာဖြစ်ပါတယ်။

## မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၃၀**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၄၅) ရန်ကုန်-ပြည်လမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများသင်တန်းကျောင်း (ထောက်ကြန့်)တွင် ဇွန် ၂၉ ရက်က အထူးသန့်ရှင်းရေးလုပ်အားပေးပွဲကို စုပေါင်းကျင်းပခဲ့သည်။

အမျိုးသမီးကလေးများ သင်တန်းကျောင်း(ထောက်ကြန့်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းထွေး ဦးဆောင် ၍ သင်တန်းကျောင်းရှိ NFPE ကျောင်းပြင်ပ မူလတန်းပညာသင်ကြားလျက်ရှိသော ကျောင်းသူကလေးများ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားလျက်ရှိသော ကျောင်းသူများ၊ NFPE ဆရာမများ၊ သင်တန်းကျောင်း ဝန်ထမ်းများစုပေါင်းကာ ကျောင်းဝင်းအတွင်း၊ အပြင်ရှိ မြက်ပင်ပေါင်းပင်များ၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

(ဝ၄၁)



## လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေး

**မိုးညို ဇွန် ၃၀**

လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းအလုပ်ရုံရုပ်ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ဇွန်လစတုတ္ထပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေက အမှာစကားပြောကြားပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိထွေးက လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်လတ်(မိုးညို)

## အင်းမအလယ်ပိုင်းရပ်ကွက် နေအိမ်တွင် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၅၁၉သိန်းကျော် ပျောက်ဆုံး

**အင်းမ ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမအလယ်ပိုင်းရပ်ကွက်၊ အင်းမအုပ်စု၌ ရွှေထည်ပစ္စည်းတန်ဖိုးငွေကျပ် ၅၁၉ သိန်းကျော် ပျောက်ဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးတင်မောင်အေး (၅၂နှစ်) ရွှေဆိုင် လုပ်ငန်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းမြသည် ဇွန် ၂၇ ရက် နံနက် ၆ နာရီခန့်က အိပ်ရာမှ နိုးပြီး နေအိမ်အောက်ထပ် ရွှေဆိုင်အရောင်းကောင်တာရှိ ရွှေထည်ပစ္စည်းများ ထည့်ထားသော ရှိုးကစ်ကို ကြည့်ရှုစစ်ဆေးရာ ကောင်တာရှိုးကစ်အတွင်း ထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေကျပ် နှစ်သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၅၁၉ သိန်း ၇ သောင်းခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည့်အတွက် အင်းမရဲစခန်း၌ ဦးတင်မောင်အေးက တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့ရာ အင်းမရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ယင်းအမှုကို ရဲအုပ်အောင်ကျော်မိုးက လက်ခံစစ်ဆေးလျက်ရှိပြီး အမှုနှင့်စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၅)

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အဆင့်(၅)ထက်မနည်းအောင် ဆက်လက်ထိန်းသိမ်းရန်မျှော်မှန်း

**နေပြည်တော် ဇွန် ၃၀**

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ လက်ရှိစခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲမှ ရရှိခဲ့သည့် အဆင့် (၅) ထက် မနည်းအောင် ဆက်လက်ထိန်းသိမ်းရန် မျှော်မှန်းထားကြောင်း သိရသည်။

(၈)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲအတွင်း အားကစားနည်း ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ ဝှီးချဲ၊ ဘတ်စကက်ဘော၊ မြားပစ်၊ စားပွဲတင်တင်းနစ်၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး၊ ဂိုးဘော၊ မျက်မမြင်စစ်တုရင်နှင့်ဘိုစီယာအားကစားနည်းတို့ပါဝင်မည် ဖြစ်သည်။ လက်ရှိအုပ်ချုပ်သူ ခုနစ်ဦး၊ နည်းပြ ၂၃ ဦးဖြင့် စခန်းသွင်းလေ့ကျင့်ရာ အားကစားသမား ၁၁၂ ဦးတို့မှာ အပြင်းအထန်စခန်းသွင်း လေ့ကျင့်လျက်ရှိပြီး စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်နှင့် လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပွဲတော်တို့မှ ဆုရရှိကြမည့် အားကစားသမားများကိုလည်း (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကာ လာမည့် အောက်တိုဘာလကုန်တွင် အားကစားသမား ၁၀၀ကို အပြီးသတ် စိစစ်ရွေးချယ်သွားမည် ဖြစ်ကြောင်းနှင့် စံချိန်တင်အနိုင်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိုးဝင်းက "(၈)ကြိမ်မြောက် ပါရာဂိမ်းကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပတဲ့ (၇) ကြိမ်မြောက် ပါရာဂိမ်းကလို အဆင့်(၅)ထက်မနိမ့်ဘဲ ဒီထက်ပိုမြင့်အောင် အားကစားအသင်းအလိုက် နည်းပြများခေါ်ယူပြီး ဒီမြောက်ဒဂုံမှာစခန်းသွင်းလေ့ကျင့်နေပါပြီ၊အောင်မြင်ဖို့အတွက် ဝိုင်းဝန်းတွန်းအားပေးပြီး ဖြေရှင်းပံ့ပိုးပေးနိုင်ဖို့ လက်ရှိလုပ်ဆောင်နေပါပြီ။ အဆင့်ကိုယခင်ကလို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာဖို့ လုပ်ဆောင်နေပါတယ်။ မနှစ်က ရွှေတံဆိပ် ၃၄ ခုရခဲ့တော့ ဒီနှစ်ကို ၃၄ ခုနဲ့ အထက်ကိုမျှော်မှန်းထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယခင်နှစ်တွေက ထက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်ဖို့အတွက် နိုင်ငံတော်ကလည်းအားပေးနေပါတယ်။ ဒီနှစ်က ဝင်ရောက်ယှဉ်ပြိုင်မယ့် လူဦးရေနည်းတယ်ဆိုတာကလည်း မနှစ်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပလို့ ပိုမိုများခဲ့တာပါ။ အားကစားသမားများအတွက်ကိုလည်းနိုင်ငံတော် ဘတ်ဂျက်အပါအဝင် သက်ဆိုင်ရာ အလှူရှင်များရဲ့ ရန်ပုံငွေကိုလည်း ရှာပြီး ဆောင်ရွက်နေပါတယ်"ဟု ရှင်းပြသည်။

အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၂ မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရပြီး ရွှေတံဆိပ် ၃၄ ဆု၊ ငွေတံဆိပ် ၂၆ ဆုနှင့် ကြေးတံဆိပ် ၃၆ ဆု ဆွတ်ခူးရရှိခဲ့ကာ (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရန်အတွက် မသန်စွမ်းအားကစားသမားများမှာ ပြီးခဲ့သည့် ဧပြီလ သင်္ကြန်ကာလပြီးနောက် မြောက်ဒဂုံမြို့နယ်ရှိ မသန်စွမ်းအားကစားရုံများ၌ လေ့ကျင့်နေကြခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ထံမှ သိရသည်။

**သတင်း–စိုးဝင်း(SP)**

# မျက်စိလှူကြ ကုသိုလ်ရ မြတ်သည့်လှူဒါန

**ဦးသန်းထွန်း(ဥပဒေ)**

ယနေ့ခေတ်ဆေးပညာရှင်များသည် သေခြင်းနှင့်အိုခြင်းတို့ကို အနိုင်မယူနိုင်ကြသော်လည်း နာခြင်းကိစ္စကိုမူ ရင်ဆိုင်အနိုင်ရရှိရန် ကြိုးစားလျက်ရှိကြသည်။ ဖြစ်ပေါ်လာသည့် ရောဂါများကို တိုက်ဖျက်နိုင်ရန် ဆေးစွမ်းကောင်းများ၊ ကာကွယ်ဆေးများကို ထုတ်လုပ်ကုသပေးကြသလို ခွဲစိတ်ကုသရန်လိုသည့် ကိစ္စများဖြစ်လျှင်လည်း ခွဲစိတ်ကုသပေးကြသည်။

ဆေးကုထုံးနှင့် ခွဲစိတ်ပညာများတိုးတက်လာသည်နှင့်အမျှ ရောဂါဖြစ်နေသော ခန္ဓာကိုယ်အစိတ်အပိုင်းကို ခွဲစိတ်ထုတ်ပစ်ပြီး ကောင်းသောအစိတ်အပိုင်းများဖြင့် အစားထိုးလဲလှယ်၍ ကုသပေးနေကြပါပြီ။

မကောင်းသော နှလုံး၊ အသည်း၊ ကျောက်ကပ်များကို အသစ်လဲလှယ်ပေးသဖြင့် လူနာများအသက်ပိုရှည်ကြပြီး အရိုးအသစ်ထည့်ပေးသဖြင့် ပုံမှန်လမ်းလျှောက်သွားလာနိုင်ကြပေပြီ။

ထို့ပြင်မျက်ကြည်လွှာအစားထိုးကုသပေးသဖြင့် အပြင်တိမ်ကြောင့် မျက်စိကွယ်သူများမြင်ကြရပါပြီ။ မျက်စိပြန်မြင်ရလာသောကြောင့် စိတ်ချမ်းသာသဖြင့် အသက်ရှည်ခြင်း၊ ပုံမှန်သွားလာနိုင်ခြင်း၊ တစ်ပါးသူများအပေါ် မှီခိုနေရသော ဒုက္ခိတဘဝမှ ကင်းလွတ်ခြင်းတို့ကို ခံစားနေကြရပြီဖြစ်ပေသည်။

လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများထဲတွင် အမြင်အာရုံခံယူရာမျက်စိသည်လည်း ပညာသင်ကြားရေး၊ ပျော်ရွှင်သောဘဝ ထူထောင်နိုင်ရေး၊ မိမိအကျိုး၊ သူတစ်ပါးအကျိုး ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ရေးတို့အတွက် အရေးပါအရာရောက်သောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ **"မျက်စိကျန်းမာမှ လူချမ်းသာမည်"**၊ **"မျက်စိအဆုံး နားအရှုံး"** ဟူသောစကားရပ်များက မျက်စိ၏ တန်ဖိုးကြီးလှပုံကို ဖော်ညွှန်းနေပါသည်။

မြန်မာနိုင်ငံတွင် မျက်မမြင်ဟုသတ်မှတ်ရမည့် လူပေါင်း သုံးသိန်းကျော်ခန့်ရှိပါသည်။ မျက်စိကွယ်စေသော မျက်စိရောဂါသည်လည်း အများအပြားရှိပါသည်။ စူးစမ်းလေ့လာတွေ့ရှိချက်များအရ အတွင်းတိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်ရောဂါနှင့် အပြင်တိမ်တို့သည် မျက်စိကွယ်ရခြင်း၏ အကြောင်းအရင်းများဖြစ်ပါသည်။

**"အပြင်တိမ်ဆိုသည်မှာ"** မျက်စိရှေ့ပိုင်း၊ မှန်ပြတင်းကဲ့သို့သော ကြည်လင်နေသည့် မျက်ကြည်(Cornea)ပေါ်တွင် အဖြူရောင်တိမ်သလ္လာလွှမ်းနေခြင်းပင်ဖြစ်ပါသည်။

**"အပြင်တိမ်ဖြစ်ရခြင်းမှာ"** မျက်စိအရှေ့ပိုင်း ထိခိုက်ဒဏ်ရာရရှိခြင်း၊ မျက်ခမ်းစပ်ရောဂါကြောင့် မျက်တောင်စိုက်ခြင်း၊ ဗိုက်တာမင်အေ ချို့တဲ့ရာမှ မျက်ကြည်ပျော့ပြီး အပြင်တိမ်ကပ်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ခြင်းစသည့်ရောဂါအမျိုးမျိုးကြောင့် မျက်ကြည်နာဖြစ်ခြင်းတို့မှ အစပြုသည်ဟု ဆိုကြရပါမည်။

တိမ်ဖြစ်နေသောမျက်ကြည်ကို ကောင်းသောမျက်ကြည်လွှာဖြင့် လဲလှယ်ကုသရန် ၁၇၀၀ပြည့်နှစ်ကျော်ခန့်ကပင်ကြိုးစားခဲ့ကြပါသည်။ ၁၈၀၀ပြည့်နှစ်ကျော်တွင် မျက်ကြည်လွှာလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ခွဲစိတ်ကိရိယာ အသစ်များတီထွင်ဖန်တီးခဲ့ကြပါသည်။ သို့ရာတွင် ၁၉၀၈ ခုနှစ်မှသာ ပထမဆုံးအကြိမ်အဖြစ် မျက်ကြည်လွှာကိုအောင်မြင်စွာ လဲလှယ်ကုသနိုင်ခဲ့ကြသည်။ ထိုသို့ခွဲစိတ်ခဲ့သော ဆရာဝန်မှာ ဇင်းမ်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်များတွင် ကောင်းမွန်သော ခွဲစိတ်ကိရိယာများ၊ တိုးတက်လာသော ခွဲစိတ်နည်းစနစ်များ၊ အစွမ်းထက်သော ဆေးဝါးများပေါ်ထွက်လာခဲ့သဖြင့် မျက်ကြည်လွှာလဲလှယ်ခြင်း အောင်မြင်မှုများပိုများလာပါသည်။ ထိုအခါမှစ၍ အမှောင်တွင်းသက်ဆင်းခဲ့ကြရသော အပြင်တိမ်လူနာများသည် အလင်းရောင်ပြန်လည်ရရှိခဲ့ကြရပေသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင်ကား ၁၉၃၀ ပြည့်နှစ်များနှင့် မနှိုင်းယှဉ်သာအောင်ပင် ခွဲစိတ်ကိရိယာဘက်က တိုးတက်လာခဲ့ပါသည်။ မြင်အားကောင်းစေသည့် ခွဲစိတ်မှန်ဘီလူးများ၊ အပ်များပေါ်ပေါက်ခဲ့ပါပြီ။ အစားထိုးထားသော မျက်ကြည်လွှာတည်မြဲအောင် ကုသနိုင်သည့်ဆေးများလည်း ထွက်ရှိနေပါပြီ။ ကျွမ်းကျင်သော ဆရာဝန်များလည်း ပေါ်ထွန်းလာခဲ့ပါသည်။

သို့ရာတွင် ယခုအခါမှာ အစားထိုးစရာ မျက်ကြည်လွှာရရှိရန် လိုအပ်လျက်ရှိနေပါသည်။ လိုအပ်သော မျက်ကြည်လွှာများကို ဓာတုဗေဒနည်းများဖြင့် ယခုအချိန်အထိ ထုတ်လုပ်၍ မရနိုင်သေးပါ။ လူတစ်ဦးတစ်ယောက်ထံမှရသော မျက်စိမှရသည့် မျက်ကြည်လွှာကိုသာ အသုံးပြုနေရပါသည်။

သို့ဖြစ်၍ အပြင်တိမ်ကြောင့် မျက်စိကွယ်နေသူတစ်ယောက်ကို ကုသရန်မှာ လူ၏မျက်ကြည်လွှာရမှပင် ဖြစ်ပါသည်။

နိုင်ငံတော်တော်များများတွင် မသေဆုံးမီကပင် သေဆုံးသောအခါ မိမိတို့၏ မျက်စိများကိုထုတ်ယူ၍ အပြင်တိမ်ဖြစ်သူများအား အစားထိုးကုသပေးရန် ပေးလှူခဲ့ကြပါသည်။ ထိုသို့ပေးလှူကြောင်းကို စာရင်းပေးသွင်းပြီး ကားမောင်းလိုင်စင်တွင် မျက်စိအလှူရှင် (Eye Donor) ဟု တံဆိပ်ရိုက်ထားပါသည်။ အဆိုပါမျက်စိလှူသော ပုဂ္ဂိုလ်သေဆုံးသောအခါ မျက်စိဘဏ်သို့

**မျက်စိတစ်လုံးထုတ်၍ လှူချင်သော ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ လာရောက်လှူဒါန်းကြသဖြင့် အသက်ရှင်နေသူများထံမှ မျက်စိအလှူမခံပါကြောင်း ရှင်းလင်းပြောပြခဲ့ရခြင်းများပင် ရှိခဲ့ဖူးပါသည်**

မျက်စိအလှူရှင် သေဆုံးသွားပြီဟု အကြောင်းကြားပါက မျက်စိဘဏ်က သွားရောက်၍ မျက်ကြည်လွှာကို ထုတ်ယူပါမည်။ အကယ်၍ အသက်ရှင်စဉ်က မပေးလှူခဲ့ပါမူလည်း သေဆုံးသူ၏ ဇနီး၊ ခင်ပွန်း၊ ဆွေမျိုးများက ပေးလှူနိုင်ကြပါသည်။ မတော်တဆမှုများကြောင့် သေဆုံးသူဆိုပါလျှင် ကန့်ကွက်သူမရှိက သက်ဆိုင်ရာဆရာဝန်များက မျက်စိကို ထုတ်ယူခွင့်ပြုနိုင်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန်လည်း သက်ဆိုင်ရာအစိုးရများက ဥပဒေနှင့်ပြဋ္ဌာန်းပေးထားကြပါသည်။ အလှူခံ၍ရရှိသော မျက်ကြည်လွှာများကို သွေးလှူဘဏ်ကဲ့သို့ပင် မျက်စိဘဏ်များဖွင့်လှစ်၍ စနစ်တကျသိမ်းဆည်းထားပါသည်။ လိုအပ်သောအခါ မျက်စိဆေးရုံများသို့ ပို့ပေးပါသည်။ ထုတ်ယူပြီးသော မျက်စိများ ရက်ရှည်ခံနိုင်ရန် ဆေးရည်များကိုလည်း ဖော်စပ်၍ သုံးစွဲခဲ့ကြပေသည်။

**"လူသေ၍မြှုပ်နှံခဲ့သော် ခန္ဓာကိုယ်တစ်ခုလုံးဆုံးရှုံးသည်။ မီးသင်္ဂြိုဟ်သော် ပြာဖြစ်သည်။ ခန္ဓာကိုယ်အစိတ်အပိုင်းလှူထားခဲ့သော် အခြားလူတစ်ယောက်အတွက် အကျိုးဖြစ်သည်"**။ တစ်ဦးတစ်ယောက်သေဆုံးသွားသော်လည်း လှူခဲ့သည့် ခန္ဓာကိုယ်အစိတ်အပိုင်းက ရှင်လျက်ကျန်ရစ်သည်ဟု ကြည်နူးဝမ်းမြောက်ခြင်းဖြစ်နိုင်ကြသည်။ သို့တွက်ကြောင့်လည်း နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အရိုးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းလှူသူ (Organ Donor) များ ဆတက်ထမ်းပိုး တိုးလျက်သာရှိပါသည်။ သို့ဖြစ်၍ယနေ့ခေတ် လူထောင်ပေါင်းများစွာတို့သည် ထိုဒါနရှင်များကြောင့် သွားလာလှုပ်ရှားနေနိုင်ကြသည်သာမက အသက်ရှည်ကျန်းမာလျက်ရှိကြရပေသည်။

စာရေးသူတို့မြန်မာနိုင်ငံတွင်လည်း အပြင်တိမ်ကြောင့် မျက်စိကွယ်နေသူထောင်နှင့်ချီ၍ ရှိနေကြသည်။ မျက်စိဆေးရုံတွင် မျက်ကြည်လွှာလဲလှယ်ကုသခံလိုသူလူနာများသည် စာရင်းပေးထားကြပါသည်။ သို့ရာတွင် မျက်ကြည်လွှာလှူမည့် အလှူရှင်များစွာလိုနေပါသည်။ ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မျက်စိဘဏ်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပေသည်။

မြန်မာတွေ သဒ္ဓါနည်းလို့ မျက်စိမလှူကြတာလားဟု မေးဖွယ်ရှိပါသည်။ ထိုသို့မဟုတ်ပါ။ လှူချင်သူတွေဒုနှင့်ဒေးရှိပါသည်။ ဘယ်မှာလှူရမှန်း မသိ၍သော်လည်းကောင်း၊ ဘယ်လိုလှူရမှန်း မသိ၍သော်လည်းကောင်း မလှူဖြစ်ကြရခြင်းဖြစ်ပါသည်။

မြန်မာတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ခန္ဓာကိုယ်အစိတ်အပိုင်းများပေးလှူခြင်းသည် **ဒါနဥပပါရမီ**ဖြစ်၍ မြင့်မြတ်သောဒါနဟု သိကြပါသည်။ ခေတ်ပေါ်စကားနှင့်ပြောရပါလျှင် မြန်မာများ၏ သဒ္ဓါတရားကို ကောင်းသလားမမေးနှင့်ဟု ပြောရပါမည်။

အသက်ရှင်နေစဉ်ကပင် မျက်စိတစ်လုံးထုတ်၍ လှူချင်သော ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ လာရောက်လှူဒါန်းကြသဖြင့် အသက်ရှင်နေသူများထံမှ မျက်စိအလှူမခံပါကြောင်း ရှင်းလင်းပြောပြခဲ့ရခြင်းများပင် ရှိခဲ့ဖူးပါသည်။ ဗုဒ္ဓဘာသာဝင်များသာမက ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာဝင်များသည်လည်း အုပ်လိုက်သင်းလိုက် မျက်စိလှူနေကြပါသည်။

ရန်ကုန်နှင့်မန္တလေး မျက်စိဆေးရုံကြီးများတွင် မျက်ကြည်လွှာအစားထိုးကုသခြင်းလုပ်ငန်းများကို နှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ကြပါသည်။ အော့ဘစ်အဖွဲ့ (ORBIS) လေယာဉ်နှင့်လာရောက်၍ မျက်စိကုကြသောအခါ နိုင်ငံခြားမှယူလာသော မျက်ကြည်များ လဲလှယ်ကုသပေးသဖြင့် လူတော်တော်များများ မျက်စိပြန်မြင်ခဲ့ကြရပါပြီ။ ယခုအခါ မြန်မာပြည်တွင်ခွဲခဲ့သော လူနာများအတွက် ရန်ကုန်နှင့် မန္တလေးမျက်စိဘဏ်များမှ မျက်စိများကို ပေးလှူခဲ့ကြပါသည်။

ခွဲစိတ်မှုအတွက် မျက်ကြည်လွှာကို သေဆုံးပြီး ၃၊ ၄ နာရီခန့်အတွင်း ထုတ်ယူနိုင်ပါက အကောင်းဆုံးဖြစ်ပါသည်။ အလှူရှင်အနေနှင့် အိပ်ချ်အိုင်ဗွီ ခေါ် အေအိုင်ဒီအက်စ်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ဗိုင်းရပ်ပိုးကြောင့် ဦးနှောက်ရောင်သောရောဂါနှင့် မျက်စိရောဂါများ မရှိရပါ။

အပြင်တိမ်ဝေဒနာရှင်များသာမက ဒဏ်ရာကြောင့် မျက်စိပေါက်ပြဲသူများ၊ မျက်ကြည်တွင် အနာဖြစ်သူများ၊ မျက်ကြည်လွှာရေဝပ်ယောင်ရမ်းသူများကိုလည်း မျက်ကြည်လွှာလဲလှယ်၍ ကုသပေးနိုင်ပါသေးသည်။ မျက်စိအပြင်တိမ်မဖြစ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် မျက်ခမ်းစပ်ကြောင့် မျက်တောင်စိုက်လျှင် ဆရာဝန် တတ်ကျွမ်းသူများနှင့် မျက်တောင်ပြင်ပါ။ မျက်တောင်စိုက်သည့် အခြေအနေမရောက်စေရန် မျက်ခမ်းစပ်ဖြစ်လျှင် တက်ထရာဆိုက်ကလင်း မျက်စဉ်းဆေး အကြိမ် ၁၂၀ ခန့် ခတ်ပါ။ မျက်စိဒဏ်ရာမရစေရန်၊ စက်ရုံအလုပ်ရုံက ပေးထားသော မျက်စိကာများကိုလည်း အသုံးပြုပါ။

၁၉၉၃ ခုနှစ် နှစ်ဦးပိုင်းတွင် သာယာလှပသော ကန်တော်ကြီးစောင်း၌ မျက်စိဆေးရုံသစ်ကြီးကို ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးမျက်စိဘဏ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားခဲ့ပြီး မန္တလေးမျက်စိဘဏ်ကို ၁၉၉၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ အပြင်တိမ်ကြောင့် မျက်စိကွယ်နေသူများကိုလည်း ရန်ကုန်နှင့် မန္တလေးမျက်စိဆေးရုံကြီးများတွင် အင်တိုက်အားတိုက်ကုသပေးလျက်ရှိပါကြောင်းနှင့် မြင့်မြတ်လှသော ဒါန ပါရမီမြောက်သည့် မျက်စိအလှူ သို့မဟုတ် မျက်ကြည်လွှာအလှူဒါနကို လှူဒါန်းခြင်းဖြင့် ပါရမီ စခန်းတက်လှမ်းနိုင်ကြပါစေကြောင်း တင်ပြလိုက်ရပေသည်။

**"မျက်စိလှူလျှင်၊ ကွယ်သူမြင်၊
ပျော်ရွှင်နှစ်ဝ၊ ချမ်းသာကြ၊
မျက်စိလှူမှု၊ မျက်ကြည်ရ၊
မြတ်သောလှူဒါန။"**

## သတင်းတိုများ

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ထီးလင်းတွင်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်၊ ရဲတပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများ ပူးပေါင်း၍ ဖုံး၊ သွန်၊လဲ၊စစ် စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ဇွန် ၂၉ ရက်က ရပ်ကွက်ကျေးရွာများရှိ နေအိမ်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

### ကျေးရွာအလက(ခွဲ)အဆင့်တိုးမြှင့်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လှည်းပွဲကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၂၆ ရက်က ကျင်းပခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်ဝင်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်းနှင့် ကျောင်းအုပ်ဆရာကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ **နိုင်ဝင်း**

# မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် နေအိမ်များရေနစ်မြုပ်၊ လမ်းပျက်စီးမှုများဖြစ်ပွား

**ပုသိမ် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းဒေသရှိ ငရုတ်ကောင်းတောင်ကျေးရွာအုပ်စု၌ ဇွန် ၂၈ ရက် နံနက် ၅ နာရီခန့်တွင် မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေလျှံတက်ပြီး တောင်ကျရေစီးဆင်းမှုကြောင့် ငရုတ်ကောင်းတောင်နှင့် ဝက်ကော်ကျေးရွာများ၌ လူနေအိမ်များ ရေနစ်မြုပ်ခြင်း၊ ကမ်းပါးများပြိုကျကာ လမ်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မြစ်ရေလျှံတက်မှုကြောင့် ငရုတ်ကောင်းတောင်ကျေးရွာ၌ လူနေအိမ် ၃၉ လုံး၊ ဝက်ကော်ကျေးရွာ၌လူနေအိမ် ၈၉ လုံး ရေနစ်မြုပ်ခဲ့ပြီး ဝက်ကော်ကျေးရွာမှ အလျားပေ ၁၀၀ ရှိ ဘုန်းတော်ကြီးကျောင်းပျက်စီးခဲ့ကာ ဘုရားတည်ရန် သိုလှောင်သိမ်းဆည်းထားသော ဘိလပ်မြေ ၃၂ အိတ်နှင့် စားသုံးရန်သိုလှောင်ထားသော စပါးကျီ ၁၆ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ မွန်းလွဲ ၁ နာရီခန့်တွင် ရေပြန်လည်ကျဆင်းခဲ့ပြီးနောက် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တင်းချောင်းကျေးရွာအုပ်စုအတွင်းရှိ သရက်ကုန်း၊ မရမ်းကုန်းနှင့် တင်းချောင်းကျေးရွာများမှ ဒေသခံပြည်သူများက ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်ကောင်း-ပုသိမ်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၃/၀)၊ (၄/၀)၊ (၈/၄)၊ (၉/၀)နှင့် (၁၀/၀) နေရာများတွင်လည်း တောင်ကမ်းပါးများ ပြိုကျခြင်းနှင့် သစ်ပင်များလဲကျခြင်းတို့ကြောင့် ကားလမ်းများ ပိတ်ဆို့မှုဖြစ်ပွားကာ ပုသိမ်မြို့နှင့် ငရုတ်ကောင်းမြို့ကြား ပြေးဆွဲသောကားလိုင်းများ ရပ်တန့်လျက်ရှိကြောင်းနှင့် လမ်းပိတ်ဆို့မှုများဖြစ်ပွားသည့် နေရာများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မြေတူးစက်များအသုံးပြု၍ ညနေပိုင်းတွင် စတင်ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။

ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စု ဆင်မှုံကျေးရွာ၌လည်း ဒေသခံပြည်သူများ ဆောက်လုပ်ထားသော အရှည် ၁၇၀ ပေ၊ အကျယ် ၈ ပေရှိ ဆင်မှုံတံတားမှာ တောင်ကျရေစီးဆင်းခြင်းကြောင့် မျောပါပျက်စီးခဲ့ကြောင်း သိရသည်။ မိုးတိမ်ပြင်ကျေးရွာအတွင်းသို့လည်း ရေတစ်ပေခန့်ဝင်ရောက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အနီးကပ်ကြီးကြပ်ကာ ကျေးရွာအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူအဖွဲ့များ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ တံတားကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပြိုသဖြင့် ကျေးရွာအချို့တွင် နေအိမ်များပြောင်းရွှေ့ရ

**စလင်း ဇွန် ၃၀**

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဇွန် ၂၅ ရက်တွင် ကမ်းပြိုသဖြင့် ကမ်းနားရှိ ကျေးရွာအချို့မှ လူနေအိမ်အချို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အရှေ့ရှားတောကျေးရွာအုပ်စုရှိ မရိုးကုန်းကျေးရွာမှ အိမ်ခြေလေးလုံးကို သရက်ကုန်းကျေးရွာအုပ်စု ဘိုကုန်းကျေးရွာသို့လည်းကောင်း၊ သနပ်ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာအနီးမှ အိမ်ခြေလေးလုံးကို ပျိုးခင်းကုန်းကျေးရွာအုပ်စုသို့လည်းကောင်း၊ ဇီးဖြူပင်ကျေးရွာအုပ်စု ကြူတောအလယ်ကျေးရွာအနီးမှ အိမ်တစ်လုံးကိုလည်းကောင်း ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **ကျော်ဇေယျ**

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဟိုပုံး ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ပေါ် (၆)ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၂၇ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သိန်းတို့ဦးဆောင်၍ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးအသင်း၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

# ကလေးပြည်သူ့အားကစားကွင်းကြီး၌ ကာယဗလအားကစားရုံနှင့် အလေးမအားကစားရုံများ ဆောက်လုပ်ပြီးစီး

**ကလေး ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပြည်သူ့အားကစားကွင်းကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၄ နှစ်ကုန်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်က စတင်ဆောက်လုပ်သည့် ကာယဗလအားကစားရုံနှင့် အလေးမအားကစားရုံများကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းနှင့် အားကစားရုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ကာယဗလအားကစားရုံသည် အလျား ၁၂၀ ပေ၊ အနံပေ ၆၀၊ အမြင့် ၂၃ ပေ ၆ လက်မရှိပြီး အလေးမအားကစားရုံသည် အလျားပေ ၁၀၀၊ အနံပေ ၆၀၊ အမြင့် ၂၃ ပေ ၆ လက်မရှိကာ အားကစားရုံများကို Steel Structure များဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အဆောက်အအုံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၁၃၇ ဒသမ ၀၅ သန်းဖြင့် မြင့်မိုရ်စကြာကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ပြည်သူ့အားကစားကွင်းကြီးသည် ခရိုင်အဆင့် အားကစားကွင်းကြီးဖြစ်သည်နှင့်အညီ ကြံ့ခိုင်မှုမရှိတော့သော အားကစားရုံများကိုဖျက်သိမ်းကာ ယခုကဲ့သို့ အဆင့်မြင့်အားကစားရုံသစ်များ ဆောက်လုပ်ပေးခြင်းကြောင့် ကလေးခရိုင်အတွင်းမှ လူငယ်လူရွယ်အားကစားသမားများ၏ လေ့ကျင့်ရေးအတွက် များစွာအဆင်ပြေလာမည်ဖြစ်သလို ကလေးခရိုင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

# ပိုးသတ်ဆေးအရောင်းဆိုင်များအား စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေး

**တနင်္သာရီ ဇွန် ၃၀**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပေါ်ရပ်ကွက်များရှိ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များတွင် ပိုးသတ်ဆေးများရောင်းချရာ၌ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်းရှိမရှိကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် ဇွန် ၂၆ ရက်တွင် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အေးသန္တာစိုး၊ တနင်္သာရီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်လင်းစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဟုန်စိုး၊ ချောင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် ချောင်းငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေတို့က မြို့ပေါ်ရပ်ကွက်များရှိ ပိုးသတ်ဆေးလက်လီလက်ကား အရောင်းဆိုင်များကို လိုက်လံစစ်ဆေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## သာသနာဝင်စိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**ယင်းမာပင် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ပေါ်ရှိ ကျောင်းတိုက်ကိုးတိုက်မှ သာသနာဝင်စိစစ်ရေးကတ်ပြားနှင့် သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားမရှိသေးသော ရဟန်းတော်များနှင့် သီလရှင်ဆရာလေးများအား စိစစ်ရေးကတ်ပြားကို ယင်းမာပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်ဖြင့် ဇွန် ၂၆ ရက်က နေ့ချင်းပြီး ဆောင်ရွက်ကပ်လှူခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## လမ်းများပေါ်လဲကျ ပိတ်ဆို့နေသော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း

**ပဲခူး ဇွန် ၃၀**

ပဲခူးမြို့အမှတ်(၂) နယ်မြေရဲစခန်းအပိုင်တွင်ရှိသော ကလျာဏီရပ်ကွက် တိဿလမ်းမကြီးပေါ်နှင့် နန်းဦးလမ်း ဥဿာမြို့သစ် ရပ်ကွက်ကြီး (၁) မဇင်းလမ်းတို့၌ ဇွန်၂၇ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်အချို့နှင့် ဈေးဆိုင်အချို့ အမိုးလန်ခြင်း၊ သစ်ပင်များလဲပြိုမှုဖြစ်ပွားကာ လမ်းမီးဓာတ်တိုင်လဲကျခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပိတ်ဆို့နေသော သစ်ပင်များကို ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ခုတ်ထွင်ရှင်းလင်းခြင်း၊ လဲပြိုကျနေသော ဓာတ်တိုင်တို့အား ပြန်လည်တည့်မတ်စိုက်ထူပေးခြင်းများ ဆောင်ရွက်ခဲ့မှုကြောင့် လမ်းများပြန်လည်အသုံးပြုနိုင်ခဲ့ပြီး လျှပ်စစ်မီးများ ပြန်လည်ပေးနိုင်ရေး သက်ဆိုင်ရာအဖွဲ့က ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကြယ်စင်သိန်း(ပဲခူး)**

# ရွှေနှင့် ငွေများ နှစ်ဆပွားပေးမည်ဟုဆိုကာ လူ ၂၇ ဦးထံမှ သိန်း ၈၀ ကျော်လိမ်လည်

**မကွေး ဇွန် ၃၀**

မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာ၌ ရွှေနှင့်ငွေများကို နှစ်ဆပွားပေးမည်ဟုဆိုကာ ရွာသူရွာသား ၂၇ ဦးထံမှ ကျပ်သိန်း ၈၀ ကျော်ခန့်အား အမျိုးသမီးတစ်ဦးက လိမ်လည်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာမှ လွန်ခဲ့သည့် ၁၁ နှစ်ခန့်က ထွက်သွားခဲ့ပြီး ယခုနှစ် မေလဆန်းတွင် ရွာသို့ပြန်ရောက်လာသည့် မနန်းနွယ်ဦး(ခ)နွယ်ဦး (၃၀နှစ်)သည် မေ ၁၂ ရက်တွင် ရွာ၌နတ်ကနားပွဲကျင်းပပြီးနောက် ဦးဝင်းကြိုင်ပါ ရွာသူရွာသား ၂၇ ဦးအား ရွှေနှင့်ငွေများကို နှစ်ဆပွားပေးမည်ဟု ပြောဆိုကာ ရွှေထည်နှင့် ငွေ စုစုပေါင်းတန်ဖိုး ကျပ် ၈၅၇၃၀၀၀ ကို ရယူခဲ့သဖြင့် ရွာသူရွာသားများကလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် ၁၅ ရက် အကြာတွင် ရွှေနှင့်ငွေများကို လာရောက်ထုတ်ယူရန် ပြောကြားခဲ့သဖြင့် သွားရောက်ထုတ်ယူရာတွင် မနန်းနွယ်ဦးက ကိုယ်တော်ကြီးမှ ငွေမချပေးသေးသဖြင့်ဟုပြောဆိုကာ ရယူထားသော ရွှေနှင့် ငွေများကို ပြန်လည်ပေးအပ်ရန် ငြင်းဆန်နေသဖြင့် မနန်းနွယ်ဦးအား အရေးယူပေးရန် ဇွန် ၂၅ ရက်တွင် ဦးဝင်းကြိုင်က မကွေးနယ်မြေရဲစခန်း၌ တရားလိုပြုလုပ်တိုင် တန်းခဲ့ခြင်းဖြစ်သည်။

မကွေးနယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး လိမ်လည်သူအား စုံစမ်းရှာဖွေလျက်ရှိကြောင်း နယ်မြေရဲစခန်းမှူး ရဲအုပ်မင်းညို၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျ**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဆိုင်းဘုတ်စိုက်ထူပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ




**ဘားအံ ဇွန် ၃၀**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ သီရိလမ်းမကြီးပေါ် လမ်းဆုံအဝိုင်းကြီးအနီး၌ အမျိုးသမီးများနေ့ဆိုင်းဘုတ်ကို ဇွန် ၂၇ ရက်က စိုက်ထူခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို ပြည်နယ်အမျိုးသမီးရေးရာနာယက ဒေါ်နော်လူဝီ၊ ပြည်နယ်စာရင်းစစ်ချုပ်ဒေါ်ခင်မော်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘားအံမြို့ လျာကမြင်စံပြကျေးရွာ ပန်းခြံတည်ဆောက်မည့်မြေနေရာ၌ ပြည်နယ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လျာကမြင်စံပြကျေးရွာမှ ပြည်သူများက ပိတောက်၊ စိန်ပန်း၊ ကံ့ကော်၊ ခရေ၊ ယူကလစ်စသည့် ပျိုးပင်များကို စိုက်ပျိုးခဲ့ကြသည်။

**နေမျိုးလွင်(ဘားအံ)**

# ချောင်းကူးတံတားကျိုးကျမှုကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲဖြစ်နေ

**ပန်းတောင်း ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ ဂျင်းရဲကျွန်းကျေးရွာနှင့် ဆိတ်တွဲကျေးရွာကြား ဆက်သွယ်ထားသည့် ရွှေတံငါချောင်းကူးတံတားသည် ဇွန် ၂၆ရက်က မိုးသည်းထန်စွာရွာခြင်းနှင့် ချောင်းရေကြီးခြင်းကြောင့် ကျိုးကျပျက်စီးခဲ့ရာ ဒေသခံပြည်သူများနှင့် ကျောင်းသူကျောင်းသားများ အနေဖြင့် ချောင်းကိုဖြတ်ရန် လှေများ၊ စက်လှေများဖြင့် သွားလာနေရပြီး အခက်အခဲဖြစ်နေကြောင်း သိရသည်။

"ဇွန် ၂၅ ရက်ကစပြီး မိုးသည်းထန်ပြီး ၂၆ ရက်မှာ တောင်ကျရေက တော်တော်စီးနေတယ်။ ပြီးတော့ ဒီရွှေတံငါချောင်းထဲကို ရခိုင်ရိုးမတောင်ခြေက ဘူးရိုးချောင်း၊ သနိချောင်းနဲ့ ညောင်ခြေထောက်ချောင်း သုံးချောင်းက ဆုံပြီး စီးနေတာ။ ဧရာဝတီမြစ်ရေကလည်းအခံမရှိတော့ ရေတအားထိုးဆင်းလို့ တံတားအလယ်တိုင်နှစ်တိုင်ကျိုးပြီး အခန်းသုံးခန်း ရေထဲမျောပါသွားတာ။ ဒီတံတားကပြီးလို့ သွားလာနေရတာ နှစ်လကျော်ပဲရှိသေးတဲ့ တံတားအသစ်ကြီးလေ။ သူရဲတန်းချောင်းမှာလည်း မသုန်ကျေးရွာက အိမ် ၁၀ လုံး၊ ကျောက်စကွဲကျေးရွာက အိမ်နှစ်လုံးနဲ့ ပဲကြီးကျေးရွာက အိမ်နှစ်လုံး ရေထဲပါသွားသေးတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။



တံတားကျိုးကျရာသို့ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၂၁၉သန်းဖြင့် ဖူးဝေဟိန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ထားပြီးဖွင့်လှစ်အသုံးပြုသည်မှာ နှစ်လခန့်သာရှိသေးကြောင်းနှင့် အလျားပေ ၃၅၀၊ အနံ ၁၄ ပေ၊ အမြင့် ၄၅ ပေ ရှိကြောင်း သိရသည်။ **(ဝ၀၈)**

# ကျေးရွာသောက်သုံးရေရရှိရေးအတွက် ရေတွင်းတူးဖော်ပေးလျက်ရှိ

**ငဖဲ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မင်းလွင်ကျေးရွာအုပ်စု အိုးမြေခုံကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေ ၂ ဒသမ ၅ သန်းဖြင့် လေးလက်မလက်တူးတွင်း တူးဖော်ခြင်းကို လင်းလက်ဝေကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက ယခင်က မန်းချောင်းဘေးမှာတည်ရှိပြီး သောက်သုံးရေ အခက်အခဲမရှိသုံးစွဲခဲ့ရပါတယ်။ မန်းချောင်းရေလှောင်တမံတည်ဆောက်တော့ ရေမြုပ်ဧရိယာမှာ ပါဝင်နေလို့ ဒီနေရာကိုပြောင်းရွှေ့ခဲ့ရတာပါ။ ဒီနေရာရောက်တော့ သောက်သုံးရေအခက်အခဲကို တော်တော်လေးကြုံခဲ့ရတယ်။ ခုတော့ မြို့နယ်က စီစဉ်ပေးလို့ သောက်သုံးရေတွင်းတွေ ရရှိနေပါပြီ။ ဒီတွင်းပြီးသွားရင်တော့ ပိုပြီးအဆင်ပြေသွားမှာ"ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

ရေတွင်းတူးဖော်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဘိန်းအစားထိုးစိုက်ပျိုးမှုအဖြစ် စုပေါင်းလက်ဖက်စိုက်ပျိုး

**လားရှိုး ဇွန် ၃၀**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် အမှတ်(၁)ရပ်ကွက်၌ ဘိန်းအစားထိုးစိုက်ပျိုးရေး စုပေါင်းလက်ဖက်စိုက်ပျိုးပွဲနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဖေက မူးယစ်မှန်သမျှဆန့်ကျင်ကြခေါင်းစဉ်ဖြင့် ဟောပြောကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇေယျာမင်းမင်းအောင်က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စုပေါင်းလက်ဖက်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအသင်းဝင်များ၊ ကျောင်းသားကျောင်းသူများက လက်ဖက်ပျိုးပင် ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။



မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ဝေလင်း**

# ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**စစ်တွေ ဇွန် ၃၀**

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ထပ်ဆင့်ရှင်းလင်းပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အဖွဲ့နာယက ဒေါ်ခင်ဆွေဝင်းက လုပ်ငန်းလမ်းညွှန်အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်က အဖွဲ့၏ လူမှုရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဒေါက်တာယဉ်ယဉ်ဖြူက ရှေ့လုပ်ငန်းစဉ် (၁၅)ရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်များမှ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အလိုက် တစ်နှစ်တာ လူမှုရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများတွင် ပထမရရှိသည့် မြောက်ဦးခရိုင်၊ ဒုတိယရရှိသည့် စစ်တွေခရိုင်၊ တတိယရရှိသည့် ကျောက်ဖြူခရိုင်၊ အထူးဆုရရှိသည့် မောင်တောခရိုင်နှင့်သံတွဲခရိုင်၊ အကောင်းဆုံးသားဖွားခန်းဆုရရှိသည့် မြောက်ဦးခရိုင်၊ အကောင်းဆုံးမူကြိုကျောင်းဆုရရှိသည့် ပုဏ္ဏားကျွန်းမြို့နယ်များသို့ ဆုများပေးအပ်ချီးမြှင့်ကြပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို ခရိုင်နှင့်မြို့နယ်အလိုက် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**



## ငါးကြိမ်မြောက် အမြန်ဆုံးစံချိန်တင်နိုင်တဲ့ ဂတ်လင်း

အပြေးသမား ဂျပ်စတင်းဂတ်လင်းဟာ အမေရိကန်ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ မီတာ ၂၀၀ ပြေးပွဲမှာ သူ့ရဲ့ ငါးကြိမ်မြောက် အမြန်ဆုံးစံချိန်ကို တင်နိုင်ခဲ့ပါတယ်။ အသက် ၃၃ နှစ်အရွယ် ဂတ်လင်းဟာ အော်ရီဂွန်မှာ ကျင်းပတဲ့ ဒီပြိုင်ပွဲမှာ စံချိန် ၁၉ ဒသမ ၅၇ စက္ကန့်နဲ့ စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ သူဟာ မေလအတွင်းက တင်ထားတဲ့ကမ္ဘာ့စံချိန် ၁၉ ဒသမ ၆၈ စက္ကန့်ကို ချိုးနိုင်ခဲ့ပါတယ်။ ဂတ်လင်းဟာ ၂၀၁၅ ခုနှစ်အတွင်း တာတိုအပြေးပြိုင်ပွဲတွေမှာ အမြန်ဆုံးအပြေးသမားအဖြစ် စံချိန်တင်ထားတာပါ။ သူဟာ မီတာ ၁၀၀ ပြေးပွဲမှာလည်း အမြန်ဆုံးစံချိန်တင်ထားပါတယ်။ ၉ ဒသမ ၇၄ စက္ကန့်နဲ့ သူ့ရဲ့ မီတာ ၁၀၀ ပြေးပွဲမှာ အမြန်ဆုံးအဖြစ် စံချိန်တင်ထားတာဖြစ်ပါတယ်။ သူဟာ ဩဂုတ်လမှာ ပေကျင်းမှာကျင်းပမယ့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာ မီတာ ၁၀၀ နဲ့ ၂၀၀ ကမ္ဘာ့အမြန်ဆုံးစံချိန်တင်ထားတဲ့ ဂျမေကာအပြေးသမား အူစိန်ဘော့ကို အဓိကယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

## ချီလီနောက်တန်းကစားသမား သုံးပွဲပယ်ခံရ

ချီလီနိုင်ငံမှာ ကျင်းပနေတဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ချီလီကစားသမား ဂွန်ဇာလိုဂျာရာက ဥရုဂွေးတိုက်စစ်မှူး ကာဗာနီကို ကြမ်းတမ်းစွာကစားမှုနဲ့ သုံးပွဲပိတ်ပင်လိုက်ပါတယ်။ ပြိုင်ပွဲကျင်းပစဉ်အတွင်း ဥရုဂွေးတိုက်စစ်မှူး ကာဗာနီရဲ့ ကျောကို ဂွန်ဇာလိုဂျာရာက ရိုက်ခဲ့တယ်လို့ ဆိုပါတယ်။ နောက်တန်းကစားသမား ဂျာရာကို သုံးပွဲပိတ်ပင်ဖို့ ဆုံးဖြတ်လိုက်ပြီလို့ တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအပြုအမူကို ခွင့်လွှတ်မှာမဟုတ်ပါဘူး။ ထိုက်သင့်တဲ့အပြစ်ကို ပေးရမှာဖြစ်ပါတယ်လို့ တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က ဆိုပါတယ်။ ဂျာရာကို သုံးပွဲပိတ်ပင်တဲ့အပြင် ဒဏ်ငွေအဖြစ် ဒေါ်လာ ၇၅၀၀ ပေးဆောင်ဖို့လည်း ချမှတ်လိုက်တယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့က ချီလီက ဥရုဂွေးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဖြစ်သွားခဲ့တာဖြစ်ပါတယ်။ ကာဗာနီကို ဒုတိယမြောက် အဝါကတ်ပြခဲ့ပေမယ့် အရေးယူခဲ့ခြင်းမရှိဘဲ ဂျာရာကိုသာလက်နဲ့ ရိုက်ခဲ့မှုအတွက် အရေးယူခဲ့တယ်လို့ ဆိုပါတယ်။

## ဖီးနဗီးလ် ဗလင်စီယာနဲ့ ဆွေးနွေးပြီ

ဖီးနဗီးလ်ကို ဗလင်စီယာက ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ စပိန်ကလပ်အနေနဲ့ အင်္ဂလန်နောက်တန်းကစားသမားဟောင်း ဖီးနဗီးလ်ကို အသင်းရဲ့ လက်ထောက်နည်းပြအဖြစ် ခန့်တော့မယ့်အနေအထားရှိပါတယ်။ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဖီးနဗီးလ်ကို လက်ထောက်နည်းပြခန့်မယ်လို့ ဗလင်စီယာရဲ့ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ သို့ပေမယ့် တရားဝင်စာချုပ်တာတော့မရှိသေးပါဘူး။ ဆွေးနွေးညှိနှိုင်းနေတဲ့အဆင့်မှာပဲ ရှိနေပါသေးတယ်။ ဖီးနဗီးလ်ဟာ မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်နဲ့အတူ အလုပ်လုပ်ခဲ့သူဖြစ်ပါတယ်။ ဖီးနဗီးလ်ကို နယူးကာဆယ်ကိုပြောင်းသွားတဲ့ စကော့ကာသိုရဲ့ နေရာမှာ အစားထိုးခန့်အပ်မယ်လို့ ဆိုပါတယ်။ ဗလင်စီယာနည်းပြ နန်နိုကတော့ နဗီးလ်ရဲ့ အတွေ့အကြုံအပေါ် ချီးကျူးပြောဆိုလျက်ရှိပါတယ်။ နဗီးလ်ဟာ မန်ယူနဲ့အတူ ဆယ်စုနှစ်နှစ်ခုကျော်ကြာ ကစားခဲ့တဲ့နောက်တန်းကစားသမားဖြစ်ပါတယ်။ မန်ယူမှာ အောင်မြင်မှုတွေနဲ့ အတွေ့အကြုံများခဲ့တဲ့ နောက်တန်းကစားသမားဖြစ်ပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။

# နယ်သာလန်၊ ဂျာမနီ၊ ပြင်သစ်နဲ့ စပိန်တို့ ခြေကုန်ထုတ်ကြရမယ့် ယူအီးအက်ဖ်အေ ယူ-၁၉ အုပ်စုပွဲစဉ်တွေစပြီ

မိုးမြင့်လင်းလက်

*ယူအီးအက်ဖ်အေ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ ၁၉ ရက်အထိ ဂရိနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မှာဖြစ်ပါတယ်။ ဇူလိုင် ၆ ရက်မှာတော့ အုပ်စု(A)က အိမ်ရှင် ဂရိနဲ့ ယူကရိန်း၊ ဩစတြီးယားနဲ့ ပြင်သစ်တို့ ကစားကြမှာဖြစ်ပြီး ဇူလိုင် ၇ ရက်မှာတော့ အုပ်စု(B)က နယ်သာလန်နဲ့ ရုရှား၊ ဂျာမနီနဲ့ စပိန်တို့ ယှဉ်ပြိုင်ကြတော့မှာဖြစ်ပါတယ်။ ဥရောပရဲ့ ခြေစွမ်းထက်မြက်တဲ့ လူငယ်တွေရဲ့ တောက်ပတဲ့စွမ်းဆောင်မှုတွေကို မြင်တွေ့အားပေးကြရဦးမယ့်ပွဲတွေပဲ ဖြစ်ပါတယ်။*



### ဂရိနှင့် ယူကရိန်း

အိမ်ရှင်ဂရိတို့က ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲသမိုင်းမှာ အခုလိုနောက်ဆုံးအဆင့် ဗိုလ်လုပွဲစဉ်တွေအထိ ခြောက်ကြိမ်တက်ရောက်ခဲ့ဖူးပြီး ၂၀၀၇ နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ဒုတိယရရှိခဲ့ဖူးတဲ့ အစဉ်အလာရှိတယ်။ ယူကရိန်းတို့ကတော့ အခုလို နောက်ဆုံးဗိုလ်လုပွဲစဉ်တွေကို လေးကြိမ်တက်ရောက်ခဲ့ဖူးပြီး ၂၀၀၉ ခုနှစ်မှာတော့ ဗိုလ်စွဲခဲ့ဖူးပါတယ်။ ဂရိအသင်းနဲ့ ယူကရိန်းတို့နောက်ဆုံး တွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ ဂရိတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲတစ်ပွဲရခဲ့ပြီး ယူကရိန်းတို့က တစ်ပွဲနိုင်ကာ တစ်ပွဲသရေဖြစ်ခဲ့ပါတယ်။ လောလောဆယ်မှာတော့ ယူကရိန်းတို့က ခြေစွမ်းပိုင်းကောင်းမွန်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ကိုရအောင် ကြိုးစားထားနိုင်တာမို့ အိမ်ရှင်ဂရိတို့ မလွယ်ပါဘူး။ လက်ရှိခြေစွမ်းအရ တိုက်စစ်ပိုင်းအားနည်းတဲ့ ဂရိဟာ အဖွင့်ပွဲစဉ်လည်းဖြစ်တာမို့ အမြင့်ဆုံးသရေတစ်မှတ်ကို မျှော်လင့်နိုင်တဲ့ အနေအထားထက်မပိုနိုင်ပါဘူး။

### ဩစတြီးယားနှင့် ပြင်သစ်

အုပ်စု(A)မှာ ဩစတြီးယားတို့က နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ရေးမျှော်မှန်းနေပါတယ်။ ဩစတြီးယားတို့က ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၄ ခုနှစ်တွေမှာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့တဲ့ အစဉ်အလာကောင်းရှိတာမို့ ပြင်သစ်တို့ အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။ ပြင်သစ်ဟာ ၂၀၀၅ နဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့ဖူးပြီး လက်ရှိအချိန်မှာ ခြေစွမ်းထက်မြက်တဲ့ လူငယ်ကစားသမားတွေနဲ့ စုစည်းထားပါတယ်။ ပြင်သစ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိကစားထားသလို ဩစတြီးယားတို့ရဲ့ နောက်ဆုံးခြောက်ပွဲကစားခဲ့တဲ့ ရလဒ်ကလည်း တစ်ပွဲသာရှုံးထားပြီး ကျန်ငါးပွဲစလုံး အနိုင်ရရှိထားပါတယ်။ နည်းပြဟာမန်းစတက်လာရဲ့ ဩစတြီးယားအသင်းမှာ မာကိုဗာဆီနာ၊ ဒန်နီရယ်ရီပစ်တို့က တိုက်စစ်မှာ ဂိုးရအောင်သွင်းယူနိုင်သူတွေဖြစ်ပြီး ကွင်းလယ်မှာ ဟော်ဗက်ကလည်း တိုက်စစ်ကိုလိုက်ပါပြီး ဂိုးရအောင် ဖန်တီးနိုင်သူဖြစ်ပါတယ်။ ပြင်သစ်မှာလည်း အင်နိုမို၊ ဒမ်ဘီလီ၊ မာပေးတို့က ထိုးဖောက်ဂိုးသွင်းနိုင်သူတွေဖြစ်ပေမယ့် ဒီနှစ်သင်းရဲ့ အဖွင့်ပွဲစဉ်မှာ ပြင်သစ်တို့ အသာစီးရသွားနိုင်ပါတယ်။

### နယ်သာလန်နှင့် ရုရှား

အုပ်စု(B)ရဲ့ အဖွင့်ပွဲစဉ်ဖြစ်တာမို့ နယ်သာလန်တို့ အမှတ်ပြည့်ရရှိရေး ကြိုးစားပါလိမ့်မယ်။ နယ်သာလန်ဟာ နောက်ဆုံးခြောက်ပွဲကစားခဲ့ရာမှာ ရှုံးပွဲမရှိခဲ့သလို ရုရှားတို့ကလည်း နောက်ဆုံးခြောက်ပွဲကစားခဲ့ရာမှာ နိုင်ပွဲတွေချည်း ရယူထားနိုင်ပါတယ်။ နည်းပြ ဘာရွန်ဝမ်တာရဲ့ နယ်သာလန်အသင်းမှာ ဇက်ကိုဗစ်က တိုက်စစ်မှာ ဂိုးသွင်းထက်မြက်သလို ကယ်လွန်၊ အမာဖိုဒ်တို့ကလည်း အားထားရသူတွေဖြစ်ပါတယ်။ ကွင်းလယ်မှာ ဟူရီက တိုက်စစ်အထိလိုက်ပါပြီး ဂိုးသွင်းနိုင်တာမို့ နယ်သာလန်ရဲ့တိုက်စစ်ကို ရုရှားခံစစ်မှူးတွေ ထိန်းချုပ်ရခက်ခဲပါလိမ့်မယ်။ ရုရှားတို့ကတော့ တိုက်စစ်ပိုင်းအားနည်းပြီး အလက်ဇန္ဒားဇော့ဗ်၊ မက်ဆီမင်ကိုတို့လောက်ပဲ တွန်းအား၊ တိုးအားကောင်းသူတွေပါဝင်နေပါတယ်။ ဒါပေမယ့် ကွင်းလယ်တိုက်စစ်မှူး ရာမေးလ်ရှီဒက်ဗ်က ဂိုးသွင်းသေချာသူဖြစ်တာမို့ ဒီပွဲမှာ ရုရှားတို့ အမြင့်ဆုံးမှန်းနိုင်မှ တစ်မှတ်ဖြစ်ပြီး နယ်သာလန်တို့ပဲ အမှတ်ရယူသွားပါလိမ့်မယ်။

### ဂျာမနီနှင့် စပိန်

နှစ်သင်းစလုံးခြေစွမ်းပိုင်းတူညီနေပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲစီရလဒ်ပိုင်းကိုကြည့်ရင် ရှုံးပွဲတွေမရှိခဲ့ပါဘူး။ ဂျာမနီအသင်းနည်းပြ မာကတ်စ်လော့ဂ်ဟာ လူငယ်ကစားသမားတွေကို သေသေချာချာ ရွေးချယ်စုဖွဲ့ထားတာမို့ အင်အားတောင့်တင်းနေပါတယ်။ တိုက်စစ်မှူးတွေဖြစ်တဲ့ တီမိုဝါနာနဲ့ လူကတ်ကူတိုတို့က အတွဲညီပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို မွှေနှောက်နိုင်သူတွေဖြစ်ပါတယ်။ ဒါ့အပြင် ဂိုးသွင်းသေချာပြီး ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဝါကာနဲ့ လီယိုဆင်းတို့ကလည်း တိုက်စစ်ကို လိုက်ပါဖြည့်ဆည်းနိုင်ကြသူတွေဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ နှစ်သင်းစလုံး စွမ်းဆောင်မှုအားကောင်းတာမို့ သရေရလဒ်လည်း ထွက်ပေါ်ပြီး တစ်မှတ်စီ ခွဲယူရနိုင်တဲ့ကိန်းဆိုက်သွားနိုင်ပါတယ်။

ဩစတြီးယားတို့က ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၄ ခုနှစ်တွေမှာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့တဲ့ အစဉ်အလာကောင်းရှိတာမို့ ပြင်သစ်တို့ အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။ ပြင်သစ်ဟာ ၂၀၀၅ နဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့ဖူးပြီး လက်ရှိအချိန်မှာ ခြေစွမ်းထက်မြက်တဲ့ လူငယ်ကစားသမားတွေနဲ့ စုစည်းထားပါတယ်။ ပြင်သစ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိကစားထားသလို ဩစတြီးယားတို့ရဲ့ နောက်ဆုံးခြောက်ပွဲကစားခဲ့တဲ့ ရလဒ်ကလည်း တစ်ပွဲသာရှုံးထားပြီး ကျန်ငါးပွဲစလုံး အနိုင်ရရှိထားပါတယ်။

## ထန်တလန်မြို့တွင် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်

**ဟားခါး ဇွန် ၃၀**

ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်း ကျောင်းခွဲအား အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းအဖြစ် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါကျောင်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို ချင်းပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာဘမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ကျောင်းစုဝေးကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့်သီဆိုကြပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်နှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြိုင်တို့က ချင်းပြည်နယ်၏ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွန်ပဲင်က ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးထန်ဟောကဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ၊ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကျင်းပ

**မကွေး ဇွန် ၃၀**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၂၈ နံနက် ၈ နာရီက မကွေးမြို့ လမ်းငါးသွယ်အဝိုင်းပတ်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယက ဒေါ်စမ်းစမ်းမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို တိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယကက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်



လှစ်ပေးသည်။

ဆက်လက်ပြီး မြန်မာ့ရိုးရာ အစားအစာရောင်းချပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ၊ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ပဒေသာကပွဲနှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိသူများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ခင်မာလာ(မကွေး)**



## ထောပတ်ပြောင်းများ ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

**ရေတာရှည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆတ်သေကျေးရွာအုပ်စုတွင် မိုးကြိုစိုက်ပျိုးထားသော ထောပတ်ပြောင်းများ ခုတ်သိမ်း၍ ဈေးကွက်သို့စတင်ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ ဆတ်သေ(တောင်ရွာ)၊ ဆတ်သေ(အရှေ့ကမ်း)၊ အစရှိသည့်ကျေးရွာများ ပတ်ဝန်းကျင်ဒေသများတွင် ထောပတ်ပြောင်း စိုက်ခင်းဧကများစွာ စိုက်ပျိုးကာ ယခုထွက်ရှိသည့် ပြောင်းများအား တောင်တွင်းကြီး၊ နေပြည်တော်နှင့် မြို့နယ်တွင်းရှိ ဈေးများ၌ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မနှစ်ကထက်စာရင် ဒီနှစ်နည်းနည်းနောက်ကျတယ် ဈေးကတော့ အရင်နှစ်ထက်စာရင် ဈေးကောင်းတယ်။ လက်ရှိတော့ အဖူး ၁၀၀ ကို ရှစ်ထောင်ဈေးနဲ့ရောင်းရတယ်" ဆတ်သေအရှေ့ကမ်း ကျေးရွာနေ ပြောင်းခင်းရှင်တစ်ဦးက ပြောသည်။ ပြောင်းစိုက်ပျိုးသည့်တောင်သူများမှာ ယခုကဲ့သို့ဈေးကွက် ကောင်းမွန်ပါက ဝင်ငွေကောင်းမွန်၍ အဆင်ပြေနိုင်ပြီး ယခင်နှစ်က ငွေကျပ်သိန်းခြောက်ဆယ်ကျော်အထိ ရရှိသူများပင်ရှိကြောင်း ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

## ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**မန္တလေး ဇွန် ၃၀**

(၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုနှင့် ရထားရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင် အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ်ဦးရဲမြင့် တက်ရောက်အမှာစကားပြောကြား၍ မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးဦးဝင်းရှိန်က ဖတ်ကြားသည်။

အခမ်းအနားတွင် ရထားရဲတပ်ဖွဲ့၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း ၂၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၇၆၃၉ သန်းကျော်၊ အမေရိကန် ဒေါ်လာ ၆ ဒသမ ၇၃ သန်းကျော်နှင့် ညီမျှသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ငွေကျပ် သိန်း ၂၅၀၀ကျော် လိမ်လည်ထွက်ပြေးလာသူနှစ်ဦးအား ဖမ်းမိ

**ဖားကန့် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုပေါင်း ၁၁ မှုဖြင့် ထွက်ပြေးတိမ်းရှောင်သူ နှစ်ဦးအား ဖားကန့်မြို့တွင် ရှာဖွေဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖားကန့်မြို့ဆိပ်မူ ကျေးရွာအုပ်စု ရွာဟောင်းမြေစာပုံတွင် မသင်္ကာဖွယ်ရာ အမျိုးသမီးနှစ်ဦးရောက်ရှိနေကြောင်းသတင်းအရ မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်ဇော်ဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဒေါ်မြသောင်း (၆၄နှစ်)နှင့် သမီးတော်စပ်သူ မအိအိမိုး (၄၀ နှစ်)တို့ နှစ်ဦးအားတွေ့ရှိ စစ်ဆေးရာမှ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း စုကြေးဒိုင်လုပ် ငန်းကိုအစုငွေအမျိုးမျိုးထည့်ဝင်၍ စုကြေးဒိုင် ရှစ်ခုမှ စုကြေးဒိုင်လိုက်ပါသူ ၁၃၀ ၏ အစုငွေ ၂၅၇၀၀၅၀၀၀ အား စုကြေးအဖွဲ့ဝင်များထံထပ်ဆင့်ပြန် လည်ထုတ်ပေးခြင်းမပြုဘဲ ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးဖြစ်ကြောင်း၊ ချမ်းမြသာစည်မြို့မရဲတပ်ဖွဲ့စခန်းက လိမ်လည်မှု ၁၁ မှုဖြင့် အမှုဖွင့်လှစ်ခံထားရသူ နှစ်ဦးဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ၎င်းတို့နှစ်ဦးအား ချမ်းမြသာစည်မြို့မရဲတပ်ဖွဲ့စခန်းသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးဃန်းကျ(မြစ်ကြီးနား)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ရမည်းသင်း**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီဆုရသူများဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ အမှတ်(၁)အထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး(ဗဟို)ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဝင်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ညွန့်ရွှေ(ရမည်းသင်း)**

**နမ့်ခမ်း**

(၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မူးယစ်တပ်ဖွဲ့စု(၂၂)မှ ထုတ်ဝေသော လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပြီး စာစီစာကုံးနှင့်ကဗျာဆုများရရှိသော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

**မိုင်းယန်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းခတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို မြို့နယ်ပညာရေးမှူးရုံး၌ ဇွန် ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်၊ ဥပဒေအရာရှိတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့်တားဆီးတိုက်ဖျက်ရေးတို့ကို ရှင်းလင်းပြီးအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ်နှင့်တာဝန်ရှိသူတို့ကဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

**ဟူမ္မလင်း**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဟူမ္မလင်းမြို့ မြို့နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကပ်ကျော်က ဖတ်ကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းရွှေက အမှာစကားပြောကြားသည်။ **လင်းလင်း (ပြန်/ဆက်)**

**ကျိုင်းတုံ**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရာ အခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ သူနာပြုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အာခါတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးပီတာသောင်းစိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဖားကန့်**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဖားကန့် အ. ထ. က ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်တက်ရောက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ထံမှ ပေးပို့သော သဝဏ်လွှာအားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဖားကန့်မြို့နယ်ရှိ ကျောင်းများမှ မြို့နယ်အဆင့် ဆုရရှိကြသော အထက်တန်းအဆင့် ၁၀ ဦး၊ အလယ်တန်း အဆင့် ၁၄ ဦး၊ မူလတန်းအဆင့် ၁၂ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(ဖဇ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အပေါ်စီး အမြင်သစ် ၇၈ လမ်းမ

**ဆူးငှက်**

***ယခင် အပတ်မှ အဆက်***

ထိုသတ်မှတ်ချက်များကား တရားဝင် သတ်မှတ်ချက်များဖြစ်၏။ တချို့သော လော်ကယ်ရထားများတွင် ရှိတတ်သော ထန်းတောဘူတာ၊ အရက်ဆိုင်ဘူတာ၊ ထမင်းဆိုင်ဘူတာ၊ မယားငယ်အိမ်ဘူတာ၊ အကျိုးတူ ကုန်သည်ဘူတာများတော့ သက်ဆိုင်မှာမဟုတ်။

မန္တလေးဘူတာကြီးသည် ယခုတော့ တကယ့် ဘူတာကြီးဖြစ်တော့မည်။ ဘူတာဝင်းကြီးနှင့် ဘူတာရုံ




အဆောက်အအုံကြီးကို ခမ်းခမ်းနားနားပြင်ဆင်ဆောက်လုပ်နေတာ ရုပ်လုံးပေါ်နေပေပြီ။ မူလအဆောက်အအုံက နှစ်ထပ်အဆောက်အအုံဖြစ်သည်။ မြေညီထပ်က ထုထည်ကောင်းသော အုတ်တိုက်ကြီး၊ အပေါ်ထပ်ကမူ သစ်သားအဆောင်ကြီးဖြစ်ကာ အုတ်ကြွပ်မိုးထားသည်။ ကိုလိုနီခေတ်၏ ပြယုဂ်အဆောက်အအုံကြီးဖြစ်၏။ ထိုအဆောက်အအုံကြီးကို ၁၉၉၅ ခု ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ ဖျက်သိမ်းခဲ့လေသည်။ မူလက ၁၈ လနှင့် အပြီးတည်ဆောက်မည်မှန်းခဲ့၏။ သို့သော် မပြီး. . .။ ယခု အဆောက်အအုံသစ်ကြီးက ခုနစ်ထပ်အဆောက်အအုံကြီးဖြစ်သည်။ မြေညီထပ်မှာက ဘူတာရုံးခန်းတွေ၊ စကြိုတွေပါသည်။ ပထမထပ်တွင် ၇၈ လမ်းနှင့် ၇၉ လမ်းကို ဆက်သွယ်ပေးမည့် ခုံးကျော်တံတားတွေပါမည်။ ကားရပ်စခန်းတွေပါမည်ဟု ဆိုသည်။ ဒုတိယထပ်မှာ ခေတ်မီဈေးနှင့် စားသောက်ဆိုင်ခန်းတွေ လျာထားပါသတဲ့။ တတိယထပ်မှာ မီးရထားတိုင်းရုံးများရှိသည်။ (တိုင်းရုံးက မမချောချောလေးတွေ ခြေသလုံး တုတ်လာမှာ မြင်ယောင်သေးတော့။) စတုတ္ထထပ်မှသည် သတ္တမထပ်အထိက ခေတ်မီဟိုတယ်ဖြစ်မည် ဆိုသည်။ ခန့်မှန်းခြေ ငွေကျပ် သိန်းငါးထောင့်ငါးရာလောက် မူလက မှန်းခဲ့သည်။ ယခုရော ပြောင်းလဲသေးလားမသိ။ သို့သော် ကန်ထရိုက်ကတော့ ပြောင်းသွားသည်။ မူလက (အက်စ်ဝိုင်) ဆောက်လုပ်ရေးကုမ္ပဏီဖြစ်၏။ ယခု မဟုတ်တော့. . .။

လောလောဆယ် ဘူတာရုံ အဆောက်အအုံကြီးနှင့် အတူ စင်္ကြံလမ်းတွေကိုလည်း ပြုပြင်တည်ဆောက်နေသည်။ ရန်ကုန်အမြန်ရထားများ ဝင်ထွက်ရာ စင်္ကြံအမှတ် (၂) ကတော့ တည်ဆောက်ပြီးပါပြီ။ မန္တလေးဘူတာကြီးသည် နေ့စဉ်ရထား ၄၄ စင်းခန့် အဝင်အထွက်ရှိ၏။ တိုးတက်လာသော လူဦးရေနှင့် ကုန်စည်စီးဆင်းမှုများကို ခေတ်မီ ကျယ်ဝန်းသည့် ဘူတာရုံသစ်ကြီးဖြင့် ဝန်ဆောင်မှုပေးနိုင်တော့မည်။ ထို့အတူ သံလမ်းတွေ၊ ခေတ်မီစက်ခေါင်းတွေ၊ ခေတ်မီ လူစီးတွဲတွေလည်း ခေတ်မီဖို့လိုပါသည်။ လောလောဆယ်တော့ မီးရထားစီးနင်းခ၊ ကုန်တင်ခတွေ ခေတ်မီစွာ တိုးတက်တောင်းခံနေပါသည်။

၇၈ လမ်းသည် ဘူတာကြီးရှေ့ရောက်တော့ လိုဏ်ခေါင်းကြီးတစ်ခုထဲ တိုးဝင်သွားသလိုရှိ၏။ အရှေ့ဘက်ခြမ်းမှာ အထပ်မြင့် Top Light တိုက်တန်းကြီးနှင့်အတူ S.Y တိုက်တန်း၊ အဆင့်မြင့် ပစိဖိတ်ဟိုတယ်မြင့်ကြီးရှိ၏။ မျက်နှာချင်းဆိုင်မှာ ခုနစ်ထပ်မြင့်ဘူတာရုံကြီး။

နောင်သောအခါ ဘူတာရုံကြီး ပြီးသွားပါက ဘူတာရုံကြီးနှင့်အတူ ပူးတွဲပါဝင်မည့် မန္တလေးအရှေ့ခြမ်း၊ အနောက်ခြမ်း၊ ခုံးကျော်ကားလမ်းကြီးတွေပါ ဖွင့်လှစ်လိုက်လျှင် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့်သည် မတွေးဝံ့လောက်အောင် ယာဉ်ပိတ်ဆို့မှုများ ဖြစ်သွားစေနိုင်၏။ ထိုအခါ လက်ရှိလမ်းလယ်ကောင်က အဝိုင်းကြီးသည် အသုံးကျမည်လား၊ မကျမည်လား မပြောတတ်။ သေချာတာကတော့ လိုအပ်သည့် အကျယ်အဝန်း စံမရှိသည့် ၇၈ လမ်းနှင့် လမ်း ၃၀ သည် ထိုပြဿနာများကို ဖြေရှင်းနိုင်မှာမဟုတ်။

ဘူတာကြီးနှင့် မျက်နှာချင်းဆိုင် Top Light တိုက်တန်းကြီးတွေကတော့ လောလောဆယ် ကုမ္ပဏီကြီးများ၏ အရောင်းပြခန်း၊ ဆိုင်ခန်းကြီးများက နေရာယူလာကြသည်။ ထိုမတိုင်မီကာလများမှာတော့ လော်ကယ်ရထားစီးညအိပ်ခရီးသည်များ အားထားရာ ထမင်းကြော်ဆိုင်လေးတွေ၊ မုန့်တီ မုန့်ဟင်းခါးဆိုင်လေးတွေရှိသည်။ ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့်မှာ အလုပ်သမားသက်သာ လက်ဖက်ရည်ဆိုင်လေးရှိသည်။ နောက်တော့ ပုဂ္ဂလိကအလင်းဆိုင်. . . ဘူတာနားက အလင်းဆိုင်မို့ ဇာတ်ကောင်စရိုက်စုံကို ထိုဆိုင်လေး၏ သစ်သားစားပွဲအို ရွဲ့ရွဲ့လေးတွေမှာ မြင်တွေ့နေရသည်။ လက်မှတ်မှောင်ခို၊ ပျံကျအလုပ်သမား၊ ပွဲပြန်ဈေးသည်၊ မျက်လှည့်ဆရာ၊ နှစ်ချီတက် ဆေးရုံလူနာစောင့်၊ ခါးပိုက်နှိုက်၊ မသာကန်ထရိုက်ဖဲသမား၊ ရဲလူထွက်၊ ညဥ့်ငှက်အတန်းအစား အမျိုးမျိုး. . .။

အခုတော့ ထိုနေရာများမှာ အလူမီနီယံမှန်တံခါးကြီးများဖြင့် ခေတ်မီလျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်ခန်းကြီးတွေ ဝင်းပနေကြသည်။ စောစောက ပရိသတ်သည် ၇၇ လမ်းပေါ် ရောက်သွား၏။

ခုနစ်ထပ်မြင့် ခေတ်မီဘူတာကြီး၊ အဆင့်မြင့် ပစိဖိတ်ဟိုတယ်၊ အီလက်ထရွန်နစ် ပစ္စည်းအရောင်းပြခန်းကြီးများ စီးမိုးထားသော ၇၈ လမ်းမကြီးတွင် မုံရွာလော်ကယ်၊ နဘားလော်ကယ်၊ လားရှိုးရထား၊ သာစည်လော်ကယ် စသည့်ရထားများဆိုက်၍ ခေါင်းပေါင်းပေါင်း၊ ခါးထစ်ခွင်ချီ၊ စောင်ထုပ်ထမ်း၊ ထန်းခေါက်တောင်းရွက်၊ ဖျာလိပ်ပိုက်ကာ တိုးဝှေ့စုပြုံထွက်လာမည့် "တို့မြန်မာ" ရထားစီးခရီးသည်များကို မြင်ယောင်ကြည့်မိသည်။

အရင်က ရွာဦးဘုန်းကြီးနှင့် ပရိက္ခရာဝယ် အလည်အပတ်ရောက်ခဲ့သော ဘူတာကြီးမဟုတ်တော့တာ၊ လမ်းမကြီး မဟုတ်တော့တာ အံ့အားတသင့် ဖြစ်နေကြရော့မည်။ မျက်စိလည်နေကြရော့မည်။ သည်ဟိုတယ်ကြီးမှာ ဘယ်သူတွေများ တည်းကြပါလိမ့်ဟု အံ့သြနေမည်။ ရွာက မြို့ခဏခဏတက် သည့် ဗီဒီယိုပိုင်ရှင်ကိုသိန်းဇော်လား၊ ကန်မကျောင်းဆရာတော် ဦးသံဝရလား၊ ကျောင်းဆရာကိုအောင်မောင်းလား၊ ရ-ဝ-တ လူကြီး ကိုတင်မောင်ထွန်းလား။

ဤသို့ဖြင့် ၇၈ လမ်းမသည် ဘူတာကြီးရှေ့တွင် မြန်မာလူထုအား ပဟေဠိ ဝှက်၏။ မျက်လှည့်ပြ၏။ မျက်လုံးပြူးစေ၏။ မျက်ခုံးပင့်စေ၏။ မျက်မှောင်ကြုတ်စေ၏။ အံ့ဖွယ်. . .။

ကျွန်တော်ကတော့ ဘူတာရှေ့ ၇၈ လမ်းမကြီးက မီးရထားသင်္ကြန်မဏ္ဍပ်ကြီးကို လွမ်းနေသည်။ စိန်တင်ဟန်၏ "မြန်မာပြည်မီးရထား၊ မီးရထားကြီးလာပါပြီ" ဟူသော သံဆန်းသင်္ကြန်သီချင်းကို လွမ်းနေ၏။ မီးရထားမဏ္ဍပ်ကြီးရှေ့က ဗိုလ်သခင် ဆရာ၊ ညောင်ပင်သာက ဆိုးပေ။ ပိတောက်ကုန်းက မျောက်ရှုံး၊ ဒဿဂီရိ၊ နေဝန်းနီ စသော သံချပ်အသင်းများကို လွမ်းနေ၏။ မြို့မ၊ သင်္ဂဟ၊ သိင်္ဂီ၊ ရှုတိုင်းယဉ်၊ နုယဉ်၊ နဝရတ်၊ ဖွဲ့လုလင်၊ တေးသဇင်စသော အလှပြရေသဘင်ကားကြီးများကို လွမ်းနေ၏။

နှစ်စဉ် နတ်တော်လဆန်းတိုင်း ကျင်းပသည့် ၇၈ လမ်းနှင့် လမ်း ၃၀ တစ်ဝိုက်ပါ ပိတ်ဆို့သွားစေသည့် စာပေဟောပြောပွဲကြီးများကို လွမ်းနေ၏။ အခုတော့ ဆိုဒီ ယမ်မီးလုံးဝါဝါအောက်ကနေ ပုပ္ပားဟိုတယ် အပေါ်ထပ်က ကာရာအိုကေ သီချင်း သံလေး နားစွင့်ရင်း "ထိုအလွမ်း" များကို ဖြေဖျောက်နေရတော့သည်။

၇၈ လမ်း၏ လမ်း ၃၀ မှသည် ၃၄ လမ်းအထိ အရှေ့ဘက်ခြမ်းတစ်ပြေပေါက်သည် မီးရထားဝန်ထမ်းအိမ်ရာလိုင်းများ ဖြစ်ခဲ့သည်။ ကနဦးမြန်မာပြည် မီးရထားဌာနကြီးသည် သူ့ဌာနကို စနစ်တကျဖွဲ့စည်းခဲ့လေသည်။ သူ့ဝန်ထမ်းများအတွက် သက်သာချောင်ချိမှုကို ဦးစားပေးခဲ့၏။ လစာအပြင် နေစရာအဆင်သင့်. . .။

၇၈ လမ်း ဟိုမြောက်ဘက် ၂၇ လမ်းမှသည် ၃၄ လမ်းအထိ မီးရထားဝန်ထမ်းများ ၏ ကြီးစဉ်ငယ်လိုက် နေအိမ်ဝင်းများ၊ အဆောက်အအုံများ၊ စနစ်တကျတည် ဆောက်ထားသည်။ မြောက်ဆုံးမှာ မီးရထားဆရာဝန်ကြီး၊ မီးရထားမင်းကြီး၊ ငွေစာ ရင်းအရာရှိကြီးများ။ သည်ဘက်လမ်း ၃၀ မှ စ၍ ရုံပိုင်ကြီး၊ လက်ထောက်ရုံပိုင်များမှ စတင်ကာ သန့်ရှင်းရေး အလုပ်သမားအထိ နေထိုင်စရာ အဆင်သင့်ဖြစ်သည်။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

## ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရန် လိုအပ်

**ရေတာရှည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ် ဆွာမြို့ရှိဘူတာဝန်းကျင်၌ ချုံနွယ်ပိတ်ပေါင်းများကြောင့် ပတ်ဝန်းကျင်သာယာလှပမှုကိုထိခိုက်နေသည့် အတွက် ရှင်းလင်းဆောင်ရွက်ရန် လိုအပ်နေကြောင်းမြို့ခံများကပြောသည်။ ဘူတာရုံနှင့်အရှေ့ဘက်ထောက်ကြန့်တွင် ကျေးရွာသွားလမ်းကြား၌ ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသည့်အတွက် ရှင်းလင်းရန်လိုအပ်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။ "နွေမိုးဆောင်းချုံတောကြီးတွေဖြစ်နေတာ ရှင်းသင့်နေတာကြာပါပြီ။ အခုလို မိုးရာသီ ဝင်ပြီဆိုတော့ ပိုဆိုးတယ်" ဟုဆွာမြို့မှ ဒေသခံတစ်ဦးကပြောသည်။ အလားတူပင် ဆွာမြို့နှင့်ကျေးလက် တောရွာများကိုဆက်သွယ်သွားလာလျက်ရှိသော ရထားလမ်းကူးသည်လည်း အဆက်မပြတ်မိုးရွာသွန်းနေခြင်းကြောင့် ပျက်စီးလျက်ရှိရာ အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း ဒေသခံများက လိုလားလျက်ရှိသည်။

**ကိုလွင်(ဆွာ)**



## သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျောက်တံခါး ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ အဝေယာရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင် ဇွန် ၂၈ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့သည်။ အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မဟော်ဂနီ ဂန့်ဂေါ်၊ ကျွန်း၊ ပျဉ်းကတိုး၊ ပုန်းညက်၊ ခရေ၊ ယူကလစ်ပင်များအား စုပေါင်း၍ အမှတ်တရ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေး ကျင်းပ

**ဖန်းမော် ဇွန် ၃၀**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် သမအသင်းစုရုံးခန်းမ၌ မြို့နယ်သမဝါယမဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးအခမ်းအနားကို ဇွန် ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အမှာစကားပြောကြားပြီး ဖန်းမော်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CHINA EXIM BANK) ပံ့ပိုးချေးငွေ တတိယအကြိမ် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၇၉၉၀ ဒသမ ၁၀ ကို တာဝန်ရှိသူများက တက်ရောက်ခဲ့ကြသော သမဝါယမအသင်း ၇၆ သင်း၏ ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## မီဒီယာကွန်ရက်ဖွံ့စည်းခြင်းဆိုင်ရာဖိုရမ် ကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုတို့ ပူးပေါင်း၍ မီဒီယာကွန်ရက်ဖွံ့စည်းခြင်းဆိုင်ရာ ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ တိုင်းဒေသကြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံး၏ တာဝန်ခံ ဦးအောင်လင်း၊ စာရေးဆရာကျော်ရင်မြင့်တို့က အမှာစကားပြောကြားသည်။

အဆိုပါ မီဒီယာကွန်ရက်ဖွံ့စည်းခြင်းဆိုင်ရာ ဖိုရမ်ကို ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ခရိုင်အဆင့် ဆွေးနွေး

**ဘားအံ ဇွန် ၃၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ခရိုင်အဆင့် ဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအဆင့် (၃)၊ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းမူကြမ်းကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာတွင် မူလတန်းပညာရေး၊ အခြေခံပညာရေး၊ အခြေခံပညာသင်ရိုးညွှန်းတမ်းများ၊ ပညာရည်စစ်ဆေးအကဲခတ်ခြင်းနှင့် နိုင်ငံတော်အဆင့်စာမေးပွဲများ ကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု၊ ကျောင်းပြင်ပ ပညာရေးနှင့် အသက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေး၊ အရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုကဏ္ဍများကို CESR မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားပညာရေးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ကရင်ပြည်နယ် ပညာရေးမှူးများက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**နေမျိုးလွင်(iprd)**

## မြန်မာ့ဂီတနေ့ဂုဏ်ပြုအခမ်းအနား မကွေးမြို့၌ ကျင်းပ

**မကွေး ဇွန် ၃၀**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(မကွေး)မှ မြန်မာ့ဂီတနေ့ ဂုဏ်ပြုအခမ်းအနားကို မြန်မာ့ဂီတနေ့ ဇွန် ၂၇ ရက်က မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက် နတ်မောက်လမ်းနှင့် ၁၅ လမ်းထောင့်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (မကွေး)ဥက္ကဋ္ဌ ဦးသိုက်ထွန်းက ဂီတနေ့အား သတ်မှတ်ရွေးချယ်ရာတွင် ၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက် မြင်းခြံမြို့၌ ကျင်းပသော ဒုတိယမြောက် တို့ဗမာအစည်းအရုံးညီလာခံတွင် တို့ဗမာသီချင်းအား အမျိုးသားသီချင်းအဖြစ် သတ်မှတ်ခဲ့သောနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၄ ရက်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် ဇွန် ၂၇ ရက်အား မြန်မာ့ဂီတနေ့အဖြစ်သတ်မှတ်အတည်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(မကွေး) ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဝေနှင့်အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး မောင်မောင်အေးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျ(iprd)**

## ကန်ထရိုက်တိုက်များ ဓာတ်အားသတ်မှတ်ယူနစ်ထက်ကျော်ပါက ကိုယ်ပိုင်ထရန်စဖော်မာ တပ်ဆင်ရမည်

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဆောက်လုပ်သော ကန်ထရိုက်တိုက်များ ဓာတ်အားရရှိရေးအတွက် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ လက်ရှိမူဝါဒအရ တိုက်ခန်း ၁၈ ခန်းနှင့်အထက် ဆောက်လုပ်သော ကန်ထရိုက်တိုက်များအား ထရန်စဖော်မာတပ်ဆင်၍ ဓာတ်အားသုံးစွဲရန် သတ်မှတ်ထားသည်။

ယခုအခါ လမ်းတစ်လမ်းတည်းတွင် မူလအိမ်တစ်လုံးရှိရာမှ ကန်ထရိုက်တိုက်များအဖြစ် ပြောင်းလဲဆောက်လုပ်ရာ၌ အခန်း ၁၈ ခန်းအောက်ဖြစ်အောင် ရည်ရွယ်ဖန်တီး ဆောက်လုပ်၍ ဓာတ်အားရရှိရေးအတွက် အများပြည်သူသုံးစွဲရန် တပ်ဆင်ထားသော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းပိုင် ထရန်စဖော်မာများမှ အိမ်သုံးမီတာ တပ်ဆင်ခွင့် တောင်းခံမှုများ ရှိလာရာ ဝန်အားနိုင်နင်းမှုမရှိ၍ ဓာတ်အားသုံးစွဲသူများကို ထိခိုက်လာစေခဲ့သည်။

ဤအခြေအနေမျိုးကို ရှောင်လွှဲနိုင်ရန်အတွက် ယခင်ကတည်းက ဓာတ်အားသုံးစွဲမှု ၃၀ ကီလိုဝပ်အထိသာ အများပြည်သူသုံး ထရန်စဖော်မာများမှ ခွင့်ပြုရန်နှင့် အဆိုပါ ပမာဏထက် ကျော်လွန်ပါက မိမိကိုယ်ပိုင် ထရန်စဖော်မာ တပ်ဆင်ရန် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် မူဝါဒသတ်မှတ်ထားရှိပြီးဖြစ်သည်။ ကန်ထရိုက်တိုက်များအနေဖြင့် ဖော်ပြပါ မူဝါဒကိုပင် ကျင့်သုံးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ရသည်။

သို့ဖြစ်၍ ဤကြော်ငြာစာ ဖော်ပြပြီးသည့် အချိန်မှစ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ပြုချက်ရရှိသော ကန်ထရိုက်တိုက်များအတွက် ၃၀ ကီလိုဝပ်ထက်ကျော်လွန်၍ ဓာတ်အား သုံးစွဲတော့မည်ဆိုပါက ၁၁-၆.၆/၀ . ၄ကေဗွီ ထရန်စဖော်မာတပ်ဆင်၍ သုံးစွဲရမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

**(မြန်မာ့အလင်း)**

## နတ်မောက်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**နတ်မောက် ဇွန် ၃၀**

နတ်မောက်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှိစေရေးအတွက် ဇွန် ၂၉ ရက်က ဆုတောင်းပြည့်ဘုရားကြီး ကျောင်းမုခ်ဦးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှိစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲအုပ်ရဲဇော်ထိုက် ဦးဆောင်၍ လမ်းဆုံ၊ လမ်းခွနှင့် တစ်လမ်းမောင်းလမ်းများတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စောင့်ကြပ်၍ လမ်းပြောင်းပြန်မောင်းသူများနှင့် ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသူများကို ကြပ်ကြပ်မတ်မတ် အရေးယူဆောင်ရွက်ခဲ့သည်။ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဆောင်ရွက်ခဲ့ပြီး စည်းကမ်းမလိုက်နာသူများကို မြို့နယ်ရဲစခန်းမှတစ်ဆင့် မြို့နယ်တရားရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**လှဝင်း**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**နတ်တလင်း ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်ကျေးရွာအုပ်စုအတွင်းရှိ စာသင်ကျောင်းများ၊ စည်ပင်သာယာဈေးနှင့် ရပ်ကွက်အတွင်းရှိ မိသားစုမိလ္လာကန်များ၊ အနံ့ဆိုးများထွက်ရှိနေသော ရေအိုင်ရေမြောင်းများ အနံ့ဆိုးများကင်းစင်ရေးအတွက် Bio Great-Bio Product Group မှ ဒေါ်ကြည်မာထွန်း ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၉ ရက်က ဇီဝပစ္စည်းများအသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ အထောက်အကူပြုကော်မတီ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့များကလည်း ကူညီပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



## မိခင်သေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းကျဆင်းရေး အသိပညာပေး ဟောပြော

**ကန့်ပက်လက် ဇွန် ၃၀**

မိခင်သေနှုန်းနှင့်ငါးနှစ်အောက်ကလေးသေနှုန်း ကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ဇွန် ၂၇ ရက်က ကန့်ပက်လက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါင်ရှန်းလျန်က မိခင်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများပြားရခြင်းအကြောင်းနှင့် သေနှုန်းကျဆင်းရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ တွေ့ကြုံရမည့်အခက်အခဲများကို အသေးစိတ်ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ကြေးသွန်းရုပ်တု ပြီးစီးမှု သီတဂူဆရာတော်ကြီးနှင့်အဖွဲ့ ကြည့်ရှု



**စစ်ကိုင်း ဇွန် ၃၀**

စစ်ကိုင်းမြို့တည် နန်းတည်နှစ် (၇၀၀)ပြည့် ပွဲတော်ကြီးအမီ စစ်ကိုင်းမြို့အဝင် သိရိမင်္ဂလာ မီးရထားခုံးကျော်တံတားအဆင်း အိုးဘိုအဝိုင်းပတ်နေရာတွင် ထားရှိမည့် စစ်ကိုင်းမြို့တည် အသင်္ခယာ စောယွန်းမင်း ကြေးသွန်းရုပ်တုကြီးကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီကြေးသွန်းရုပ် မြန်မာ့ကြေးသွန်းပညာရှင် တမ္ပဝတီဦးဝင်းမောင်၏ တပည့် ဦးလှမြင့်၏ ပြည့်ဝမြန်မာလက်မှု ကြေးသွန်းအနုပညာလုပ်ငန်း၌ နိုဝင်ဘာလမှစတင် ကြေးသွန်းလောင်းလျက်ရှိသည်။

အဆိုပါ ကြေးရုပ်ကြီးမှာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အသင်္ခယာစောယွန်းမင်း ကြေးရုပ်ကြီးမှာ အမြင့် ၁၃ ပေ ကိုးလက်မ အရွယ်ရှိ ကြေးပိဿာချိန် ၅၀၀ (တစ်တန်ခန့်) ကုန်ကျပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရနှင့် ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီး (ငြိမ်း) တို့၏ လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆရာတော်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၇ ရက်က လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးမှ နိုင်ငံတော်အဆင့်ဖြစ်၍ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၃ခု တို့က ဇူလိုင် ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ တိုင်းဒေသကြီး အားကစားကွင်းကြီးအတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# တိုင်းဒေသကြီးလွှတ်တော် ပင်မအဆောက်အအုံ တည်ဆောက်ခြင်းစီမံကိန်းစာချုပ် ချုပ်ဆို

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် ကွင်းအမှတ် (၄၁၆-ဃ) (ယခင်မြင်းပြိုင်ကွင်းဟောင်း)၌ တည်ဆောက်မည့် လွှတ်တော်ပင်မအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းစာချုပ် ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က လွှတ်တော်ပင်မအဆောက်အအုံ အာရ်စီနှစ်ထပ်ဆောက်လုပ်မည့် တင်ဒါအောင်မြင်သည့် အောင်ကောင်းကျော်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝေနှင့် လည်းကောင်း၊ အရာထမ်းအိမ်ရာ အာရ်စီနှစ်ခန်းတွဲလေးထပ်နှင့် အမှုထမ်းအိမ်ရာ အာရ်စီလေးခန်းတွဲ လေးထပ်ဆောက်လုပ်မည့် တင်ဒါအောင်မြင်သည့် မန်းမြင့်မိုရ်ဟိန်းဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ထွေးတို့နှင့် လည်းကောင်း လုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

# တွာလ်ခိန်း-ဘွာလ်တာလ်-ပန်မွာလ် ကျေးရွာချင်းဆက် ကားလမ်းသစ်ဖွင့်




**တွန်းဇံ ဇွန် ၃၀**

ချင်းပြည်နယ် တွန်းဇံမြို့နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်သော ဟိုင်ကျင်းကျေးရွာအုပ်စု တွာလ်ခိန်း-ဘွာလ်တာလ်-ပန်မွာလ် ကျေးရွာချင်းဆက် အရှည် ၁၅ မိုင် ကားလမ်းသစ်လုပ်ငန်းကို Rhema Foundation Co. Ltd. က တာဝန်ယူဆောင်ရွက်ခဲ့ရာ ဇွန် ၂၄ ရက်က အဆိုပါ တွာလ်ခိန်းကျေးရွာရှိ မုခ်ဦး၌ ဟိုင်ကျင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တွာလ်ခိန်း ကျေးရွာတာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"အခု ဖွင့်လှစ်တဲ့လမ်းဟာ မြန်မာ-အိန္ဒိယနိုင်ငံ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတစ်ခုအတွက် အဓိကကျပြီး အထူးအရေးပါ အရာရောက်မယ့် လမ်းဖြစ်ပါတယ်။ အရင်ကဆိုရင် မိုင် ၃၀ ကျော်လောက် ကွာဝေးတဲ့ အိန္ဒိယနိုင်ငံကို ဝင်ရောက်ဖြတ်သန်းခဲ့ရပြီး အခက်အခဲမျိုးစုံရှိခဲ့ပေမယ့် အခုအခါမှာ နိုင်ငံတော်ရဲ့ စေတနာတွေကြောင့် လမ်းသစ် ဖောက်လုပ်ပေးတဲ့အတွက် လမ်းတစ်ဝက် ၁၅ မိုင် လောက်ပဲ အလှမ်းဝေးတော့ပါတယ်"ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထန်ခန့်မန်က ပြောသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကြည်ဝင်းနှင့်အဖွဲ့၊ Rhema Foundation ကုမ္ပဏီ MD ဦးဒိုကျင့်ထန်နှင့်အဖွဲ့၊ ကျေးရွာများမှ ဇိုမီးယဉ်ကျေးမှုအဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့ ကျေးရွာချင်းဆက် ကားလမ်းသစ် ဖောက်လုပ်ခြင်းမှာ အများပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်လာခြင်းနှင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလားပြိုင်ပွဲများ ကျင်းပမည်

**မင်းဘူး ဇွန် ၃၀**

မင်းဘူးမြို့နယ်အတွင်း၌ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလားဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ မီနီမာရသွန် ပြိုင်ပွဲများကို ဇူလိုင် ၅ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ခရိုင်အားကစားကွင်း ပြုပြင်ခြင်း၊ ပွဲကြည့်စင်နှင့် မိုးလုံလေလုံ အားကစားခန်းမဆောက်လုပ်ခြင်း၊ သံပန်းတံခါးများ ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိပြီး အားကစားပြိုင်ပွဲများ ကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ခရိုင်အဆင့်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မင်းဘူးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲ ခရိုင်အားကစားကွင်း၌ ကျင်းပမည့် ဘောလုံးပြိုင်ပွဲတွင် ဘောလုံးအသင်း ရှစ်သင်း၊ မီနီ မာရသွန်တွင် ပြိုင်ပွဲဝင် ၂၀၀ ခန့်နှင့် အသစ်တည်ဆောက်ထားသော မိုးလုံလေလုံအားကစားကွင်းတွင် ပိုက်ကျော်ခြင်းအသင်း ၂၀၊ ဘော်လီဘောအသင်း ခြောက်သင်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်

**ရေတာရှည် ဇွန် ၃၀**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီကျေးရွာအုပ်စု ရှမ်းပိုင်းရပ်ကွက်ရှိ တိုက်နယ်ဆေးရုံဝင်းအတွင်း၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကာ ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ မဟော်ဂနီ၊ မဲဇလီပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြ ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ပေါင်းတည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် မိုးပွင့်(အထူး) စီမံချက်ဖြင့် ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် တောင်ပေါ်ဒေသများဖြစ်သော ပုံချိုတက်ကျေးရွာအုပ်စုနှင့် သစ်ပုတ်ကျေးရွာအုပ်စုများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးအုံးကျော် ကြီးကြပ်၍ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးဟန်မင်းထွန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ပုံချိုတက်ကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ စုစုပေါင်း ၃၀၉ ဦးနှင့် သစ်ပုတ်ကျေးရွာအုပ်စုတွင် စုစုပေါင်း ၂၇၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်**

# မြိတ်ပညာငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**မုဒုံ ဇွန် ၃၀**

မွန်ပြည်နယ် မုဒုံမြို့ မြိတ်ပညာငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၇ ရက်က မုဒုံမြို့ စာစစ်ရပ် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် မြိတ်ပညာငွေစုငွေချေး သမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းတင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဦးမင်းဖေသန်းတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် အသင်းဝင် ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**



အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၅၀ သည် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ဇွန်လစတုတ္ထပတ်က ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းစဉ်။ (၁၀၇)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## MYANMAR MERCANTILE MARINE COLLEGE

**Bayint Naung Road, Kamayut Tsp., University P.O,Yangon, Myanmar, Tel:95-1-539464, 539465**

**Email:mmmc@mptmail.net.mm, Fax:95-1-513448**

## ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်း ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ (လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၁၄-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet (CD/44) Diploma in Nautical Studies/ Dip:N.S. သင်တန်းအမှတ်စဉ်(၁၀)
- (ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/42) Diploma in Maritime Technology/ Dip:Mar.Tech သင်တန်းအမှတ်စဉ်(၁၀)

၂။ ပညာအရည်အချင်းကန့်သတ်ချက်
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး (၄၂၀)ရှိရမည်။

၃။ အသက်နှင့်အခြားကန့်သတ်ချက်
- (က) ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၁၉)နှစ်ထက် မကျော်လွန်စေရ။
- (ခ) အရပ်အမောင်း ၅ ပေ ၄ လက်မ အနည်းဆုံးရှိရမည်။
- (ဂ) ကိုယ်အလေးချိန် ၁၀၀ ပေါင် အနည်းဆုံးရှိရမည်။
- (ဃ) ရင်အုပ် ၃၂ လက်မ နဂိုအနေအထား အနည်းဆုံးရှိရမည်။
- (င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ ပဏာမရွေးချယ်မှု
လျှောက်ထားသူများ၏ တက္ကသိုလ်ဝင် စာမေးပွဲရမှတ်အရ အများအနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့်အရေအတွက်ရရှိသည်အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-
- (က) နားစစ်ဆေးခြင်း
- (ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း
- (ဂ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှုရှိ/မရှိစစ်ဆေးခြင်း)
- (ဃ) စိတ်ရောဂါနှင့်မူးယစ်ဆေးသုံးစွဲမှုရှိ/မရှိစစ်ဆေးခြင်း

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-
- (က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
- (ခ) အမည်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဃ) မွေးနေ့သက္ကရာဇ်
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ဘာသာရပ် အလိုက်ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်
- (ဆ) အဘအမည်နှင့်အလုပ်အကိုင်
- (ဇ) အမိအမည်နှင့်အလုပ်အကိုင်
- (ဈ) နေရပ်လိပ်စာအပြည့်အစုံ
- (ည) ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာ

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
- (က) လိုင်စင်ဓာတ်ပုံ (၂)ပုံ
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
- (ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။)
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)
- (င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများပူးတွဲတင်ပြရမည်)
- (စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့်မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသောလျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသား ဖော်ပြထားသော လျှောက်လွှာများနှင့်အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ် သင်တန်းကြေး ၄၂၀၀၀ိ/-၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေ ကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလို မာလက်မှတ် (Diploma in Nautical Studies/ Diploma in Maritime Technology)နှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical/ Engineering Cadet Training Course Completion Certificate) များ အပ်နှင်းပေးပါမည်။

၁၃။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်း၊ မခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သည့် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်ရက်တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ ဖုန်း-၅၃၉၄၆၄၊ ၅၃၉၄၆၅ လိုင်းခွဲ-၁၂၀တို့တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

---

## ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ(၈၀/၁၀၀) | ၅၀၀၀တန် |

**တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၁၄-၇-၂၀၁၅ ရက်(အင်္ဂါနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၃၀နာရီ
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်** - ၁၅-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - နံနက် ၁၀း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ဖုန်း-၀၄၂-၂၅၀၈၂၊ ၀၉-၄၉၇၂၃၁၆၉**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင်နှင့် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုပါသည်။
- (က) တိုးချဲ့လူနာဆောင်(၃)ဆောင်ဆောက်လုပ်ခြင်း။
- (ခ) အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း။
- (ဂ) Consultant Firm အား ငှားရမ်းခြင်း။

၂။ အဆိုပါလုပ်ငန်းတစ်မျိုးစီဆောင်ရွက်လိုသူများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ ရက်မှ ၁၇-၇-၂၀၁၅ ရက် ညနေ ၄း၀၀နာရီအထိ

၄။ အသေးစိတ်အချက်များ စုံစမ်းလိုပါက ရုံးချိန်အတွင်းဆေးရုံအုပ်ကြီးထံ လူကိုယ်တိုင်လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိတ်ကျန်းမာရေးဆေးရုံကြီး**
**ရန်ကုန်တိုင်းဒေသကြီး**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Hlaw Gar)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No.06/ DHPl / Equipment / 2015-2016**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Mega Flow Pump | 1 Set |
| (ခ) | Jet Pump | 1 Set |
| (ဂ) | 25 Hp motor | 2 No |
| (ဃ) | Ø3" Vibrator | 2 No |
| (င) | Water Jet | 2 No |

**Tender No.07/ DHPl / Water Glass/ 2015-2016**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Water glass | 15 Drum |

**Tender No.08/ DHPl / Metal Form / 2015-2016**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 1.5m x 0.3 m Metal Form | 100 Nos |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ Technical Proposal နှင့် ဈေးနှုန်းအဆိုပြုလွှာ Financial Proposal တို့အား သီးခြားစီချိပ်ပိတ်၍ ၂၇-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၉-၂၅၀၃၄၅၃၄၉၊၀၉-၄၉၂၆၃၀၀၀၊၀၉-၄၅၀၅၃၉၂၄၈၊၀၉-၄၂၀၇၀၁၃၄၆**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## အင်းလေးဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

အင်းလေးဒေသဟိုတယ်ဇုန် ၆၆/၃၃/၁၁ကေဗွီ ဟိုတယ်ဇုန်ဓာတ်အားခွဲရုံတွင် လိုအပ်သော ခွဲရုံထိန်း/ပြင်(နေ့စား)ဝန်ထမ်း(၈)ဦး ခန့်အပ်သွားမည်ဖြစ်ပါသဖြင့် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-
- (က) ဒေသခံအမျိုးသားဖြစ်ရမည်။
- (ခ) အသက်(၃၀) ထက်မကြီးရ။
- (ဂ) အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- (ဃ) AGTI(EP), BTech(EP), BE(EP) ရရှိပြီးသူများဦးစားပေးမည်။
- (င) ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီစဉ်ဖြင့် ခန့်ထားခြင်းဖြစ်ပြီး လစာကို နိုင်ငံ့ဝန်ထမ်းများရရှိခံစားနေသော လစာနှုန်းအတိုင်းခံစားခွင့်ပြုမည်။
- (စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဝန်ထမ်းအဖြစ် သွပ်သွင်းခန့်ထားနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးမည်။
- (ဆ) လျှောက်ထားသူသည် ကိုယ်တိုင်ရေးလျှောက်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဘွဲ့၊ ဒီပလိုမာ၊ အခြေခံပညာအထက်တန်းအောင်မြင်ကြောင်းလက်မှတ်မိတ္တူတို့နှင့် အတူ ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စီမံခန့်ခွဲရေးဌာနတွင် ရုံးချိန်အတွင်းလာရောက် လျှောက်ထားနိုင်ပါသည်။

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
- (က) သင်တန်းသုံးစက်ပစ္စည်းများ
- (ခ) ရုံးသုံးစက်ကိရိယာများ
- (ဂ) ရုံးသုံးပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၀-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများပြန်လည်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၀၀၇၃၉၉၇၊ ၀၉-၈၆၀၂၄၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

---

## ကွန်ပျူတာတက္ကသိုလ်(မကွေး)
## ရေသန့်စက်၊ စက်ပစ္စည်း(၇)မျိုးနှင့် ပရိဘောဂ(၆)မျိုးဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် ဝယ်ယူမည့် ရေသန့်စက် ဝယ်ယူတပ်ဆင်ခြင်း၊ စက်ပစ္စည်း (၇)မျိုးနှင့် ပရိဘောဂ (၆)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(၁) ရေသန့်စက် (R.O 400GPD)(Reverse Osmosis Drinking water system) တပ်ဆင်ခြင်းလုပ်ငန်း

**စက်ပစ္စည်း ၇ မျိုး**
- (1) Crimping Tools
- (2) RAM DDR 3-2 GB
- (3) UBIQUITI Nano Station LOCO M2 Acesspoint
- (4) Desktop Computer Dell (Memory 4GB, HDD 500 GB, Processor Intel Core i7)
- (5) Digital Oscillocope (200 MHz)
- (6) Digital White Board
- (7) UPS(Power Tree) (650 VA)

**ပရိဘောဂ ၆ မျိုး**
- (၁) ရုံးသုံးစားပွဲ(ကြိတ်သား) (၃ပေ×၁.၅ပေ×၂.၅ပေ)
- (၂) ခုတင်
- (၃) ဆုံလည်ကုလားထိုင်
- (၄) လက်တန်းပါကုလားထိုင်(သံဖရိန်+ဆိုဖာခင်း)
- (၅) အမှုထမ်းစားပွဲ(အံဆွဲပါ)
- (၆) လေးယောက်တွဲစတီးထိုင်ခုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ဤကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ၃၀-၇-၂၀၁၅ ရက် ရုံးချိန် ညနေ ၃း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းကြပါရန် ကြေညာအပ်ပါသည်။

၄။ အသေးစိတ်သိလိုသောအချက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး) ရုံးဖုန်း-၀၆၃-၂၈၅၈၈၊ ၀၉-၅၃၄၂၈၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(မကွေး)**

---

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## အစုရှယ်ယာရှင်များသို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို အတည်ပြုရန် အစုရှယ်ယာများအပေါ် အမြတ်ဝေစုခွဲဝေခြင်းကို ကြေညာရန်နှင့် ခွင့်ပြုမတည်ငွေရင်း တိုးမြှင့်ရန်ကိစ္စများအတွက် (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးနှင့် အထူးအထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၁-၇-၂၀၁၅ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၀၉း၃၀ နာရီ
**ကျင်းပမည့်နေရာ** - Dolphin Restaurant

**မှတ်ချက်**။ အစည်းအဝေးဖိတ်စာကို အစီရင်ခံစာများနှင့်အတူ ဘဏ်တွင်မှတ်တမ်းတင်ထားသော လိပ်စာများသို့ ပေးပို့ထားပါသည်။ အစည်းအဝေးဖိတ်စာ မရရှိပါကလည်း ဤဖိတ်စာကို အကြောင်းပြု၍ အစည်းအဝေးသို့ တက်ရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးရုံးချုပ်
## ရုံးအမှတ် ၅၁၊ နေပြည်တော်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (Open Tender)

မြန်မာနိုင်ငံအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဆေးဆိုင်များဖွင့်လှစ်၍ဖြစ်စေ၊ ဆေးခန်းများသို့ အရောက်ပေးပို့၍ဖြစ်စေ တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။ အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးရုံးချုပ် ဆေးဌာန ဖုန်း-၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၃၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ ရက်မှ ၃၀-၇-၂၀၁၅ ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၇-၂၀၁၅ ရက်
(ဂ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ၁၀-၈-၂၀၁၅ ရက်

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊နေပြည်တော်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ ပဒါန်း-ငဖဲ-စေတုတ္တရာ-သီကုန်း-လောင်းရှည်-ဆောလမ်းပေါ်ရှိ ဗူး၀-လောင်းရှည်အပိုင်းရှိ တံတားများဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ သစ်၊ ခွဲကျောက်စသည့် တံတားလုပ်ငန်းသုံးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ခေါ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား/ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့် တင်ဒါလျှောက်လွှာများကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တို့တွင် ၂၉-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၅-၇-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀နာရီတိတိ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၆-၇-၂၀၁၅ ရက် မွန်းလွဲ ၁:၀၀ နာရီတိတိ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ ဖုန်း-၀၆၂-၅၀၀၂၈၊ တောင်ဥက္ကလာပ (မြင်သာ) ဖုန်း-၀၁-၈၅၀၀၇၅၈

Twin & Soe Brothers Co.,Ltd
ကွန်ကရစ်ဓာတ်မီးတိုင်ထုတ်လုပ်ရေးလုပ်ငန်း
12m , 10m, 9m, 8 meter စသည့်အရွယ်အစားမျိုးစုံ ဓာတ်မီးတိုင်များကို စံချိန်စံညွှန်းအညီ စိတ်တိုင်းကျ မှာယူနိုင်ပါသည်။
ဆက်သွယ်ရန်
သရက်ကုန်းရပ်ကွက်၊ သီရိမြိုင်နယ်မြေ၊ မော်လမြိုင်မြို့။
၀၉-၅၆၆၁၆၇၇၊ ၀၉-၅၃၂၂၈၂၉

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒီပဲယင်းမြို့နယ်တရားရုံးတော်၌
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

မဂေါက် နှင့် ကိုဇော်ဝင်းမောင်(ပါ-၁၄)
**တရားလို** **တရားပြိုင်များ**

အထက်ဖော်ပြပါအမှုမှ ယခင် ဒီပဲယင်းမြို့နယ်၊ လက်လှုပ်ကျေးရွာနေ (၄) တရားပြိုင် ဦးလန်းဘို၊ (၅) တရားပြိုင် မောင်မြင့်ဇော်၊ (၆) တရားပြိုင် မောင်ထွန်းထွန်းဝင်း၊ (၇) တရားပြိုင် မောင်ထွန်းမင်းနိုင်၊ (၈) တရားပြိုင် ကိုနန်းထွန်း၊ (၁၁) တရားပြိုင် ထက်ထက် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို မဂေါက်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၈ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းလွင်)**
**မြို့နယ်တရားသူကြီး**
**ဒီပဲယင်းမြို့နယ်တရားရုံး**

# ချင်းပြည်နယ်အစိုးရအဖွဲ့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ စီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတား ကတ္တရာခင်းခြင်း၊ လမ်းတာချဲ့ခြင်းလုပ်ငန်း၊ (Guard Rail)ကာရံခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈တို့အား ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၀-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/ အချိန်** - ၂၉-၇-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၃၀-၇-၂၀၁၅ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ချင်းပြည်နယ်၊ လမ်းဦးစီးဌာန**

# အမည်ပြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ် အထက တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူ ဦးစိုးကျော်သူ၏သမီး မခင်မေကျော် ၁၀/ပမန(နိုင်)၂၁၅၆၃၂ အား ယနေ့မှစ၍ မသိမ့်နီနီကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မသိမ့်နီနီကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၂၅၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်ဒေါင်းဖေရမ် ၁/မကန(နိုင်)၀၈၇၆၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

THIRI SILK COLLECTIONS
မြန်မာပိုးထည် မှတ်သုံးဈေးရောင်းပွဲတော်
THIRI SILK COLLECTIONS မှအဆင်သစ် ဒီဇိုင်းသစ်မြန်မာပိုးထည် အမျိုးမျိုးကို
(10 % Discount) ဖြင့်
(၁.၇.၂၀၁၅) ရက်နေ့မှ (၃၁.၇.၂၀၁၅)ရက်နေ့အထိ
ရောင်းချပေးသွားမည်ဖြစ်ပါသောကြောင့် လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း
မိတ်ဟောင်း၊ မိတ်သစ်များအား ဖိတ်ခေါ်အပ်ပါသည်။
ရန်ကုန် (၁)။ ၄၄၉ (B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ် ၊ ဖုန်း ၀၉-၈၆၁၉၅၄၅ ။
(၂)။ F (124/125)၊ ပထမထပ်၊ Junction Square ၊ ကမာရွတ်မြို့နယ်၊
ဖုန်း ၀၁-၅၂၇၉၇၆၊ ၅၂၇၂၄၂ ၊ ၅၀၂၇၆၃ ၊ ၅၀၁၈၀၆ လိုင်းခွဲ- ၂၀၂၄ ။
နေပြည်တော် (၁)။ F 125, ပထမထပ်, Junction Nay Pyi Taw ၊ဖုန်း ၀၆၇-၄၂၂၀၁၂ မှ ၁၃ လိုင်းခွဲ-၂၀၃ ။

# အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ် -၁၅၂

ဦးလှဌေး နှင့် ဒေါ်လှဝင်း
**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

လှိုင်သာယာမြို့နယ်၊ ၁/၁၁ ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၂၃၆ နေ ဒေါ်လှဝင်း သိစေရမည်။

အထက်အမည်ပါ (တရားနိုင်) ဦးလှဌေးက ဤရုံးသို့ ၁၄-၅-၂၀၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(တောင်)အနောက်ရပ်ကွက်၊ မြေတိုင်းအမှတ် ၂၆ဘီဘီ၊ မြေကွက်အမှတ် ဗွီ ၄၇-၄၈၊ ဧရိယာအကျယ်အဝန်း ၀ဒသမ ၅၈၈ဧက၊ ပေ(၅၀×၅၀) ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်(အနောက်ရပ်ကွက်၊ မဏိမေခလာလမ်း၊ အမှတ် ၂၇(ဘီ) (၃)ထပ် လေးလွှာတိုက်ခန်းအား လေလံတင်ရောင်းချရာ တိုက်ခန်းသာ လေလံအောင်မြင်ပြီး မြေကွက်မှာ မအောင်မြင်ပါ။ ကျန်ရစ်သောမြေကွက်အား လေလံတင်ရောင်းချခြင်းမပြုတော့ဘဲ ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၅၊ အမှတ် ၂၇ တွင် ဆောက်လုပ်ထားသော အခန်း(၂၄)ခန်းရှိပါသည်။ အမှတ် ၂၅ တွင် (၁၂)ခန်း၊ အမှတ် ၂၇ တွင် (၁၂)ခန်း အသီးသီးရှိပါ၍ အမှတ် ၂၅ သော်လည်းကောင်း၊ အမှတ် ၂၇ သော်လည်းကောင်း တစ်ခုခု ပိုင်ဆိုင်ခွင့်ပြုပါရန် လျှောက်ထားလာသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် ဇူလိုင် ၁၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလကွယ်နေ့) နံနက် ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုမ္မာ(၃)လမ်း၊ (ဈ)ရပ်ကွက်၊ အမှတ် ၇၄၀ တွင်နေထိုင်သော ဦးသန်းမြင့်ဦး ၁၂/ဥကမ(နိုင်)၁၂၂၄၀၃ နှင့် ဒေါ်သန်းသန်းမြိုင် ၁၂/ဥကမ(နိုင်)၁၂၂၄၀၈ တို့၏ တစ်ဦးတည်းသောသား မောင်နေလင်းအောင် (ဘ) ဦးသန်းမြင့်ဦး ၁၂/ဥကမ(နိုင်)၁၂၂၄၀၃သည် မိဘတို့၏ဆိုဆုံးမခြင်းကို မနာခံသည့်အပြင် မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် မိဘပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းအားလုံးသည် မောင်နေလင်းအောင်နှင့် မည်သို့မျှပတ်သက်ခြင်း လုံးဝမရှိပါကြောင်း မောင်နေလင်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မိဘများ**
**ဦးသန်းမြင့်ဦး၊ဒေါ်သန်းသန်းမြိုင်**

# တိုက်ခန်းရောင်းမည် (နေရာကောင်း/ပွဲစားမလို)

၁။ စမ်းချောင်း၊ ပေ(၂၅×၅၀)၊ 4.F၊ 1 MBR၊ 1BR၊ ပြင်ပြီးတိုက်(သစ်)။ **သိန်း ၉၉၀**
၂။ စမ်းချောင်း၊ ပေ(၂၇×၄၀)၊ 4.F၊ 1MBR၊ 1BR၊ ပြင်ပြီးတိုက်(သစ်)။ **သိန်း ၉၈၀**
၃။ စမ်းချောင်း၊ ပေ(၁၄×၆၀)၊ 6.F၊ 2BR၊ အားလုံးပြင်ပြီးတိုက်(သစ်)။ **သိန်း ၅၅၀**
၄။ စမ်းချောင်း၊ ပေ(၁၂½×၅၀)၊ 2.F၊ 1BR၊ အားလုံးပြင်ပြီးတိုက်(သန့်)။ **သိန်း ၅၆၀**

**ဝယ်သူသာဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၇၃၁၅၆၄၉၄**

# ရောင်းရန်ကြော်ငြာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မန္တလေးခရိုင်တရားရုံး
## ၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၈၆

ဒေါ်အေးမွေး နှင့် ဒေါ်လန်ကျီးရင် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်စိမ်းစိမ်းဖြူ)
**တရားနိုင်** **တရားရှုံး**

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၂၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၅-အီး၊ ဦးပိုင် ၂၇/ဆ၊ မြေ ဧရိယာ ၀ဒသမ ၂၀၉၀ဧကအကျယ်အဝန်းမှ အရှေ့အနောက် ၂၆ပေ၊ တောင်မြောက် ၄၂ ၁/၂ ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်-

### ကြမ်းခင်းဈေး ကျပ်သိန်း ၁၃၀၀
### ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း (သို့တည်းမဟုတ်) ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ခုနှစ် ဇွန် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

SUZUKI NEW SUPER CARRY TRUCK

" မိုးရာသီအထူးအရောင်းမြှင့်တင်ပွဲ "

လူကြိုက်များမင်းဘာကိုရွေးချယ်မလဲ ?



၀ % အတိုးဖြင့် အရစ်ကျပေးဝယ် စနစ်

စည်းမျဉ်းသတ်မှတ်ချက်နှင့်အညီ ၅၀% ပေးချေပြီးကျန် ငွေ ၅၀% အား ၁၂လ အရစ်ကျပေးချေခြင်း

အထူးငွေသား ခံစားခွင့်

၁၀၀% လက်ငင်းငွေပေးချေ၍ရယူခြင်း

၂၀၁၅ ဇူလိုင်(၃၁) ရက်အထိသာ



$ 5,777++ ကားသစ်

1 YEAR or 20,000 mile WARRANTY

ရောင်းချပြီးဝန်ဆောင်မှုပေးမည်ဖြစ်ပြီး အပိုပစ္စည်းများကိုလည်း အသင့်ရရှိနိုင်ပါပြီ။

ယာဉ်ပိုင်ရှင်အမည်ပေါက် အသင့်ဝယ်ယူသုံးစွဲနိုင်ပါပြီ။

အောက်ဖော်ပြပါအရောင်းကိုယ်စားလှယ်များထံတွင် လာရောက်ဝယ်ယူနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်၊

**လှိုင်နှင့်ဖွစ်မော်တော်**
ကန်တော်ကလေးလမ်းနှင့်ဗိုလ်မင်းခေါင်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၂၅၂၃၈၈၊ ၂၅၃၁၈၃၊ ၃၇၁၇၆၂၊ ၃၉၃၀၇၀

**အောင်မော်တော်**
အမှတ် - ၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၆၆၇၉၁၆၊ ၆၅၅၈၀၃၊ ၇၀၉၄၄၅၊ ၆၅၆၂၈၀

**မျိုးမော်တော်**
အမှတ် - ၁၉၂/၂၄၀ (၀)၊ အဝေးပြေးဖြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၄၀၀၁၂၃၊ ၄၀၀၇၉၉၊ ၅၅၆၆၈၅၊ ၅၅၆၃၅၅

**ရဲနဒီမော်တော်**
အမှတ် - ၅၀/၅၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၀၆၁၉ (Hot Line)၊ ၂၀၂၀၄၃၊ ၂၉၆၆၈၅၊ ၂၉၇၂၀၄

**အေဘိုင်ကျိုမော်တော်**
အမှတ် - ၆/၂ သိပ္ပံလမ်း၊ ၆၀ x ၆၁ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၇၃၀၄၀၃၈၆၊ ၇၃၀၄၀၃၇၇

SUZUKI Way of Life!

SUZUKI
Suzuki (Myanmar) Motor Co., LTD.
Plot 476 C, Moegoke St, Block 23, Industrial Zone, South Dagon Township, Yangon, Myanmar. Ph : 01-591304


## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

အေးသာယာမြို့သစ်၊ (၃၈/၄၁)နေ ဦးကျော်ဝင်း ၁၃/တကန(နိုင်)၀၇၉၇၅၂ (ဘ)ဦးသန်းအောင်နှင့် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ မဟာသုခလမ်း၊ အမှတ် ၂၂၉ နေ ဒေါ်ဝင်းဝင်းသန့် ၁၃/တကန(နိုင်)၀၈၅၄၁၉ (ဘ)ဦးသောင်းတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၅-၆-၂၀၁၀ ရက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် စီးပွားရေး၊ ငွေကြေးကိစ္စများလည်း ရှင်းလင်းပြီးဖြစ်ပါ၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စမဆို ပတ်သက်ခြင်း အလျှင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန့်ဇင် (ခ) ဒေါ်သဇင်တင့်ရှိန်**
**တရားလွှတ်တော်ရှေ့နေ**
**၂၄၆၊ အိမ်တော်လမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့**

## အမည်ပြောင်း

ဦးမိုးထွေး၏သား အောင်ပန်းမြို့၊ အလင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပထမတန်းမှ မောင်ချမ်းမြေ့သူရိန်အား မောင်ဟိန်းဒီပါဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းဒီပါဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးချင် ၁၃/မရန(နိုင်) ၀၁၈၇၃၈၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၂၈၉၆**

## ကြေညာချက်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ရွာမမြောက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၀ ဒသမ ၁၀၉ ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ ရွာမရပ်၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိ မြေကွက်တို့၏ မူရင်းဂရန် ပျောက်ဆုံးသွားပါ၍ ဂရန်အသစ်ထပ်မံပြုလုပ်မည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားများ ယူဆောင်လာ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဦးမဟာဂျာ ၁၃/တကန(နိုင်)၂၁၄၀၃၃**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ ညောင်အိုင် အထက(ခွဲ) Grade Nine မှ မောင်ဝေဇင်ဦးနှင့် Grade-Six မှ မောင်ဇင်မင်းဟန် တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင် ၅/ကဘလ(နိုင်)၁၄၇၄၆၇ ဖြစ်ပါသည်။

**ဦးတင်ထွန်းအောင်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးအောင်-ဒေါ်စန်းကြည်တို့၏သမီး မေဂျူလိုင်(ခ)မိုးမိုး ၁၃/တကန(နိုင်) ၁၈၃၅၉၉ သည် မိဘဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်-ဒေါ်စန်းကြည်**
**ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

## " ဆိုင်အမှတ်တံဆိပ်အသိပေးကြေညာခြင်း "

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ဗထူးကွင်းတိုက်တန်း၊ လမ်း၃၀၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ အမှတ်(အေ-၁၆+၁၇) တွင် နေထိုင်သော ဦးတင်ယု(ဘ)ဦးခင်မောင်၊(၉/မနမ(နိုင်)၀၁၆၉၄၁) ကိုင်ဆောင်သူ၏လွှဲအပ်ချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

NGUWAR ငွေဝါ ကားလက်မှတ်အရောင်းဌာန

**ငွေဝါ** ကားလက်မှတ်အရောင်းဌာန
မှတ်ပုံတင်အမှတ် (၉၁/၂၀၁၄)

NGUWAR ငွေဝါ ကားလက်မှတ်အရောင်းဌာန

အထက်ဖော်ပြပါ **ငွေဝါ** ကားလက်မှတ်အရောင်းဌာန ဆိုင်အမှတ်တံဆိပ် အမှတ်အသားဖြင့် (၂၈-၁-၂၀၁၄)ရက်နေ့တွင် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အမှတ်(၉၁/၂၀၁၄)ဖြင့်မှတ်ပုံတင်သွင်းပြီး မြန်မာနိုင်ငံတစ်ဝန်းသို့သွားသည့်ကားလက်မှတ်များ ရောင်းချဝန်ဆောင်မှုပေးလျက်ရှိရာ အများပြည်သူတို့ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးလျက်ရှိပါသည်။ အနာဂတ်တွင် မြို့အသီးသီး၌ အရောင်းဌာနခွဲများဖွင့်လှစ်ရောင်းချမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးတင်ယု မူပိုင် ဆိုင်အမှတ်တံဆိပ်ဖြစ်သော **ငွေဝါ** ကားလက်မှတ်အရောင်းဌာန ဆိုင်အမှတ်တံဆိပ်ပါ အဝေးပြေးကားဂိတ်ပေါင်းစုံမှ အဝေးပြေးခရီးသွားကားလက်မှတ်ရောင်းချခြင်း၊ စာအိတ်နှင့်ပါဆယ်ပစ္စည်းလက်ခံခြင်း/ပေးပို့ခြင်း နှင့်ခရီးသွားဝန်ဆောင်မှုဆိုင်ရာများကို အများပြည်သူထင်ယောင် ထင်မှားဖြစ်စေရန် ဆိုင်တံဆိပ်အမှတ်အသားကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ တုပ၍သုံးစွဲခြင်းမပြုပါရန်နှင့် တွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်နှင့် သတိပေးကြေညာအပ်ပါသည်။

ဦးတင်ယု၏လွှဲအပ်ညွှန်ကြားချက်အရ - ဦးမျိုးထက် (LL.B,D.B.L, D.I.L) အထက်တန်းရှေ့နေ(စဥ်-၄၀၈၄၄)
ထီးလှိုင်ရှင်စီးပွားရေးလုပ်ငန်းစု- အမှတ်(၂၀)၊ ၆၆လမ်း၊ ၂၉×၃၀လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၁၀၈၄၃၊ ၀၉-၄၂၀၂၂၆၉၉၈၊ ၀၉-၄၀၂၆၀၀၀၂၄

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထိပ်တင်ညွန့် (ဟသ်ာတ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ၉မိုင်၊ အမှတ် ၁၆၉ F နေ (သီရိပျံ့ချီ ဦးသာထွန်း၊ ရွှေနေချုပ်၊ ငြိမ်း)၏ဇနီး ဒေါ်ထိပ်တင်ညွန့် အသက်(၈၄)နှစ်သည် ၂၆-၆-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်လင်းနှင့် ဇနီးဒေါ်နုနုဝင်း**
**တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဌေးလွင်ဝင်းနှင့် ဥပဒေအရာရှိများ**
**စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီစီမောင်မောင်(ခ)ဒေါ်မြမြစမ်း (ခရမ်း)
### အထပြ(ငြိမ်း)၊ အထက(၁)ပန်းဘဲတန်း
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂လမ်း၊ အမှတ် ၁၃၂(မြေညီထပ်)နေ (ဦးမောင်မောင်-ဒေါ်သန်းသန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၁၉(က)၊ အခန်း ၇+၈နေ (ဦးမြင့်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဦးမြဘူး၏ချစ်လှစွာသောဇနီး၊ (ဦးကျော်တင့်)၏အစ်မ၊ မမြကေခိုင်(MNTV Channel)၏ချစ်လှစွာသောမိခင်သည် ၂၉-၆-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(ဒဂုံမြို့နယ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်လတ်
### (ကော့သောင်းမြို့)
### အသက်(၅၇)နှစ်

(ဦးအောင်သိန်း-ဒေါ်ခင်ထွေး)တို့၏သား၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ စပယ်ဦး-၁ မိုင်၊ အမှတ် ၁၂-၁၃နေ ဒေါ်ကြူကြူဝေ(ခ)ကြီးပင်း၏ခင်ပွန်း၊ မောင်တင်ကိုကို(ခ)ရှောင်ရန့်၏ဖခင်သည် ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက်နှိုးဆော်ချက်

၁။ မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သော ရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက် ဝမ်းလျှောနှင့် ကာလဝမ်းရောဂါ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါ ရောဂါနှင့် သံကောင်၊ တုပ်ကောင်ရောဂါများ
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ
- (ဂ) တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံအစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါ များခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင် ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။
- (ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကိုကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတုအပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သွင်
### အရာခံဗိုလ်(ငြိမ်း)၊ တပ်မတော်-ရေ
### (ရေ/၆၇၉၉)
### အသက်(၈၃)နှစ်

Supreme Trading Co.,Ltd.တွင် တာဝန်ထမ်းဆောင်နေသော ဦးအောင်လှိုင်ထွန်း(GM-TBU)၏ဖခင် ဦးမောင်မောင်သွင်သည် ၂၉-၆-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Management & Staffs (STCL)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ အသက်(၈၃)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နီနီ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ များစွာဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှအောင် (ဘကြီးအောင်)**
**ဒေါ်ထွေးစိန် မိသားစု**
**မြို့နယ်ပြည်သူ့ကောင်စီ၊ ဥက္ကဋ္ဌ(ငြိမ်း)**
**ရေစကြိုမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသာထွန်း (ဆ/မ၊ ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဆည်မြောင်းဝင်း၊ အမှတ် ဘီ(၂၇/က)နေ ဦးသက်နိုင်[တ·ဆ·ရ(၉)ဆည်မြောင်း]-ဒေါ်ညီညီတင်(အထက-၄၊ လှိုင်)တို့၏ဖခင် ဦးသာထွန်းသည် ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တ·ဆ·ရ(၉)၊ ဆည်မြောင်းဦးစီးဌာန**

---

## ကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း
### ဒါယကာကြီး
## U SAN MYINT
### CDC. 6753
### (BOSUN) M.V SILVER FORD
### Mariner Shipping Co.,
### အသက်(၇၃)နှစ်

၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပြီး ၂၉-၆-၂၀၁၅ရက်တွင် မီးသင်္ဂြိုဟ်ပြီးအချိန်ထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းအသင်းများကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## တစ်လပြည့်လွမ်းဆွတ်
## ဦးဘကျော်
### (ကညွတ်ကွင်း)
### B.Ag (၁၉၇၂)

နောင်ချိုမြို့နေ ဦးဘကျော် ကွယ်လွန်ပြီး တစ်လမြောက်သည့် ၃၀-၆-၂၀၁၅ရက်အား ရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရသော ကောင်းမှုကုသိုလ် အစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ

**ကျန်ရစ်သူ ဒေါ်နွဲ့နွဲ့နှင့်**
**သားသမီး၊ မြေးများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပန္န(ခ)ဦးထွန်းအောင်
### အသက်(၆၀)

ဆီဆိုင်မြို့၊ အောင်သပြေရပ်ကွက်နေ ဒေါ်နန်းနွတ်(စိန်မြင့်မိုရ်မိသားစု)၏ခင်ပွန်း ဦးပန္န(ခ)ဦးထွန်းအောင်သည် ၂၆-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Good Brother's Co., Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးကျော်ဆွေဦး(ငြိမ်း) (ကြည်း-၂၂၃၁၂)
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၀)၊ စည်သူတပ်ခွဲ
### အသက်(၅၃)နှစ်

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်နေ ဒေါ်ခင်လေးကြည်၏ခင်ပွန်း ဗိုလ်ကြီးကျော်ဆွေဦး(ငြိမ်း)၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၁၆၄)၏ ရိပ်သာမှူးသည် ၂၆-၆-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် သထုံမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စည်သူ(၈၀)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

---

## မောင်ကောင်းမြတ်ထူး
### အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ နဝဒေးလမ်း၊ အမှတ် ၂/၁၃၉နေ ဦးထူးကျော်-ဒေါ်ရတနာဦးတို့၏တစ်ဦးတည်းသောသားသည် ၂၉-၆-၂၀၁၅ရက်(တနင်္လာနေ့) ည ၉း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှကြီး (တူးချောင်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ အမှတ် ၁၀၄နေ (ဦးထွန်းရင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဒေါ်သောင်း)၏ခင်ပွန်း၊ Capt တင့်လွင်-ဒေါ်ခင်ခင်နွဲ့၊ (ဒေါ်ရီရီမြင့်-ဗိုလ်မှူးတင့်လွင်)၊ Capt. ကျော်ဌေး(Liz Star Co.,)-ဒေါ်သန်းသန်းနွယ်တို့၏ဖခင်ကြီး၊ မောင်သုတလွင်(M.C.C)၊ မဆုနှင်းလွင်(Grade-8, TTC)တို့၏ဘိုးဘိုးကြီး၊ (ဦးကြည်လှိုင် - ဒေါ်သိန်းရွှေ)တို့၏အစ်ကိုကြီးသည် ၂၉-၆-၂၀၁၅ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မြို့သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသာထွန်း (ဆ/မ-ငြိမ်း)
### အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ရေကျော်လမ်းနေ (ဦးကြယ်-ဒေါ်ဇင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဆည်မြောင်းဝင်း၊ အမှတ် ဘီ(၂၇/က)နေ (ဒေါ်ခင်ကြိုင်)၏ခင်ပွန်း၊ ဦးသက်နိုင်(တဆရ-၉၊ဆည်မြောင်း)-ဒေါ်ညီညီတင် (အထက-၄၊ လှိုင်)၊ (ဦးဝင်းနိုင်)တို့၏ဖခင်သည် ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒုအရာခံဗိုလ်
## မောင်သန်း(ငြိမ်း)
### ရေတပ်သင်္ဘောကျင်းဌာနချုပ်
### (ကိုယ်ပိုင်အမှတ်-၉၀၁၉)
### အသက်(၇၅)နှစ်

မိတ္ထီလာမြို့၊ သာစည်ရပ်နေ (ဦးဘိုကြီး-ဒေါ်သင်းမြိုင်)တို့၏သား၊စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ (ဦးစောလှ-ဒေါ်ငွေသာဘုံ)တို့၏ သားသမက်၊ ဗိုလ်တထောင်မြို့နယ်၊ ၆၃လမ်း၊အမှတ် ၂၄ (ပထမထပ်)နေ ဒေါ်သန်းထွေး၏ခင်ပွန်း၊ တကကနိုင်ဝင်းသန်း(တပ်မတော်-ရေ)-ဒေါ်စန်းစန်းမြင့်၊ တကနိုင်လင်းသန်း(တပ်မတော်-ရေ)၊ဦးဇော်မင်းထွန်း(ဘဏ်ခွဲ-၄)-ဒေါ်ဥမ္မာသန်း (GEB)၊ ဦးမိုးကိုကိုသန်း (Ex. Engr (MRTV), MEO I+II,3/2014Wise Wish METC)-ဒေါ်မျိုးကေသွယ်အေး(ဆမ)တို့၏ဖခင်၊ မမြတ်ချောဝင်းသန်း၊ မောင်ဇေမိုးသန်း၊ မချောချောစုသန်း၊ မောင်အောင်ကိုကိုဖြိုး၊ မောင်ဘုန်းမြတ်ကိုကိုတို့၏အဘိုးသည် ၂၇-၆-၂၀၁၅ရက်(စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၅ရက်(တနင်္လာနေ့)တွင်ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးနေအောင်(ခ)
## နောင်နောင်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၆၂နေ (ဦးမောင်မောင်-ဒေါ်ခင်ရီရီ)တို့၏သား၊ ဒေါ်ခင်ခင်ကြီး - Dr. Richard Limbim၊ ဦးစိမ့်ကြီး-ဒေါ်အေးအေးလွင်၊ ဒေါ်ခင်ခင်ကလေး-ဦးမျိုးသန့်၊ (ဦးကိုကို)-ဒေါ်စိုးစိုးသန့်တို့၏အစ်ကိုကြီး၊ ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း၊ စည်သူနေအောင်၊ စန္ဒီနေအောင်၊ ကျော်သူနေအောင်တို့၏ဖခင်၊ မအိသံသာ၊ Micheal, Nettle တို့၏အဘိုးသည် ၂၉-၆-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ဓမ္မာရုံ၊ ဆွမ်းစားကျောင်း၊ ရွှေထီးတော် ဒါယိကာမကြီး
## ဒေါ်ခင်ကြည် (ရေကြည်မြို့)
### အသက်(၉၃)နှစ်

ရေကြည်မြို့နေ (ဦးမောင်မြင့်-ဒေါ်စောတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၄၂နေ သြဃာရိကသုခမ တိုင်းရင်းသမားတော်ကြီး ဆရာကြီးဦးမောင်ကို၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ရွှေ-ဒေါ်ခင်မာမော်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မခင်ရွှေရည်ဝင်းသန့်(ပထမနှစ်၊ အင်္ဂလိပ်စာအထူးပြု၊ ဒဂုံတက္ကသိုလ်)၏အဘွား၊ ဒေါ်ထူးထူး၊ ဒေါ်စန်းစန်း၊ ဒေါ်ညိုတို့၏အဒေါ်၊ ရေကြည်မြို့နေ ဦးအောင်သိန်း-ဒေါ်အုံးကြည်တို့၏အစ်မသည် ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်သွင် အသက်(၈၃)နှစ်
### အရာခံဗိုလ်(ငြိမ်း)၊ တပ်မတော်-ရေ
### (ရေ/၆၇၉၉)
### အတွင်းရေးမှူး(ငြိမ်း)၊မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၊ကိုကိုးကျွန်းမြို့နယ်

မွန်ပြည်နယ်၊ပေါင်မြို့နေ(ဦးဘိုးခွေး-ဒေါ်အုန်းစိန်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၉၉/၃နေ ဒေါ်ထွေးရီ၏ခင်ပွန်း၊ ဦးမျိုးမြင့်ဦး(BSN-SR. Shipping)၊ ဦးဝင်းနိုင်(BSN-Moonsoon. Shipping)-ဒေါ်ခင်ညိုညိုဦး၊ ဦးဘုန်းမြင့်ဦး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်မင်းမင်းခိုင်၊ ဒေါ်ခင်ညိုညိုသွင်၊ဦးလှမျိုးအောင်(OPAL Co., Ltd.)-ဒေါ်နီနီသွင်(Myanmar Yes Co.,Ltd.)၊ ဦးအောင်လှိုင်ထွန်း(Supreme Trading Co.,Ltd.)-ဒေါ်လဲ့လဲ့ဝင်း(Alstom Grid Myanmar)တို့၏ဖခင်၊ ကိုရန်နိုင်ဦး(Asian A & S Marine)၊ မယုသဇ္ဈာ(TU-သန်လျင်)၊ မောင်လင်းသွင်ဘုန်း(Grade-VII)၊မောင်လကျာ်သွင်(Grade-V)၊မဘုန်းမြတ်သူ(Grade-III)တို့၏အဘိုးသည် ၂၉-၆-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုပို(ခ)လူလူဖွန်
### (ထားဝယ်မြို့၊ ချိုချိုမုန့်တိုက်)
### အသက်(၇၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ရွာနေ (ဦးအဝှ-ဒေါ်မချာ)တို့၏ချွေးမ၊ ထားဝယ်မြို့နေ (ဦးအကြည်-ဒေါ်ခင်ကြူ)တို့၏သမီး၊ ထားဝယ်မြို့၊ မြို့တွင်းလမ်း၊ မြို့တွင်းရပ်၊ (ချိုချိုမုန့်တိုက်)၊ အမှတ် ၇၃နေ (ဦးတင်သန်း)၏ဇနီး၊ ကိုတိတ်စင်-မအေးအေးမြင့်တို့၏မိခင်ကြီး၊ မောင်ရှိန်းပြည့်ဖြိုး(B.C.Sc)-ဒေါက်တာအိမ့်မြတ်မြတ်ဖွေး(M.B.,B.S, Ygn)၊ မစိမ့်စင်စင်ဖွေး(3rd Year M.B.,B.S, Ygn)၊ မသိမ့်စင်စင်ဖွေး (1st Year YTU COE Ygn)တို့၏အဘွားသည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၅ရက်တွင် ထားဝယ်မြို့ ကူးတို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### သိမ်၊ ရေနှင့် ရေစက် ဒါယိကာမကြီး
## ဒေါ်တင်မြင့်
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉လမ်း၊ အမှတ် ၄၄နေ (ဦးထွန်းဖေ-ဒေါ်ဝိုင်း)တို့၏သမီး၊ ဦးကိုလေး၏ဇနီး၊ ဦးဝင်းဌေး-ဒေါ်ဥမ္မာ(ကထိက၊ သမိုင်းဌာန၊ မအူပင်တက္ကသိုလ်)တို့၏မိခင်၊ မောင်ကောင်းမင်းသန့်(Grade-7၊ အလက-၁၊ ဗိုလ်တထောင်)၏အဘွားသည် ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးအထူးတင်ရှိခြင်း
## ဒေါ်နုနုသန်း (မာန်အောင်)
### ဦးစီးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန၊ ညွှန်ချုပ်ရုံး
### အသက်(၆၇)နှစ်

၂၅-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်နုနုသန်း၏ နာရေးကိစ္စအဝဝကို လိုလေသေးမရှိ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးပါသော ရွှေနရားကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဇော်နှင့်ဇနီး ဒေါ်အေးစန္ဒာမြိုင်၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ ရပ်မိရပ်ဖများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၂)မှ ပါမောက္ခဒေါက်တာဦးမြင့်မောင်၊ သမားတော်ကြီးများနှင့် ဆရာဝန်ဆရာမများ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးကူညီလှူဒါန်းပံ့ပိုးပေးကြသော ဆွေမျိုးများ၊ မိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအေးမင်းထွန်း(အောင်ပန်း)
### အသက်(၄၀)

အောင်ပန်းမြို့၊ရပ်ကွက်(၄)၊ အမှတ် ၅နေ ဦးထွန်းဝင်း - ဒေါ်ဝင်းကြည်တို့၏သား၊ ဒေါ်နွယ်နီအောင်၏မောင်၊ ဦးအောင်ကျော်ဇင်၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးနေဝင်း - ဒေါ်တင်တင်အေးတို့၏တူ/သား၊ ဒုတိယဗိုလ်မှူးကြီး ဘဏ်လင်းထက် - ဒေါ်ယဉ်အေးသွယ်၊ ဦးအောင်နေဦး၊ ဗိုလ်မှူးစိုးမင်းသူ-ဒေါ်မြနီလာဝင်းတို့၏အစ်ကို၊ ဒေါ်နှင်းယုအေး၏ခင်ပွန်း၊ မောင်ဘုန်းမြင့်သော်[Grade-7 (A) အလက-၁၊ ဒဂုံ]၏ဖခင်သည် ၂၉-၆-၂၀၁၅ရက်(တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးမင်းထွန်း(အောင်ပန်း)
### အသက်(၄၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၄၉-ခ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနေ ဦးသောင်းစိန် - ဒေါ်လှလှအေးတို့၏သားသမက်၊ ဦးမြတ်ကို-ဒေါ်မိမိအေး၊ ဦးထိန်လင်း-ဒေါ်ထွေးထွေး၊ ဦးမင်းကို-ဒေါ်သင်းသင်းအောင်၊ဦးနေလင်း-ဒေါ်သင်းသင်းစိန်၊ ဦးတင်မောင်ထွေး-ဒေါ်ယဉ်ယဉ်အေးတို့၏ညီ/မောင်၊ဦးစိုးမိုးဝင်း - ဒေါ်ရွှေဇင်ဖြိုးတို့၏အစ်ကို၊ ဒေါ်နှင်းယုအေး၏ခင်ပွန်း၊ မောင်ဘုန်းမြင့်သော်[Grade-7(A) အလက-၁၊ ဒဂုံ]၏ဖခင်သည် ၂၉-၆-၂၀၁၅ရက် (တနင်္လာနေ့)ည ၁၁း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာ - စင်ကာပူ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများဆွေးနွေး

စာမျက်နှာ-၈

# နိုင်ငံတွင်းဝင်ရောက်လာမည့် ပြည်ပကုမ္ပဏီများကို ပြည်တွင်းကုမ္ပဏီများက ပံ့ပိုးပေးရန်လိုအပ်


Photo-Vietnam News

**ရန်ကုန် ဇွန် ၃၀**

မြန်မာ့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခက်အခဲများရှိသည့်အားလျော်စွာ ပြည်တွင်းကုမ္ပဏီများသည် နိုင်ငံတွင်းဝင်ရောက်လာမည့် ပြည်ပထုတ်လုပ်ရေးကုမ္ပဏီများအတွက် ပြည်တွင်းပံ့ပိုးပေးသူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း မြန်မာ့စက်မှုလုပ်ငန်းရှင်များအသင်းက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

မြေအကျယ် ၂၄၀၀ ဟက်တာပေါ်၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရင်းနှီးမြှုပ်နှံထားသည့် သီလဝါအထူးစီးပွားရေးဇုန်တွင် စက်ရုံပေါင်း ၁၀၀ ခန့် ပါဝင်မည်ဖြစ်သည်။

ယင်းအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နေချိန်တွင် ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်နှစ်ခုကိုလည်း အကောင်အထည်ဖော်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

အဆိုပါ စီးပွားရေးဇုန်များ အကောင်အထည်ဖော်မှု ပြီးမြောက်ပါက ပြည်တွင်းကုမ္ပဏီများအတွက် လုပ်ငန်းလုပ်ကွက် ပို၍ပေါ်ပေါက်လာမည်ဖြစ်ရာ ပြည်ပကုမ္ပဏီများအတွက် အရည်အသွေးမြင့်မားသည့်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် အရည်အသွေးပြည့်မီရန် ကြိုးစားထားရမည်ဖြစ်ကြောင်း မြန်မာ့စက်မှုလုပ်ငန်းရှင်များအသင်းအမှုဆောင်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

*စာမျက်နှာ ၁၄ ကော်လံ ၄* ✻

## နေရာကွက်၍ မိုးကြီးနိုင်

၃၀-၆-၂၀၁၅

**ယနေ့ညနေအထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## အမေရိကန်ရှိ သမိုင်းဝင်ဘော့စ်ဘောအားကစားရုံ မီးလောင်ကျွမ်း

စာမျက်နှာ-၄

## တစ်ကမ္ဘာလုံးကိုခြိမ်းခြောက်နေသည့် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့

နိုင်ငံတကာရေးရာသုံးသပ်ချက် စာမျက်နှာ-၅

# ကိုပါအမေရိကဖလား အိမ်ရှင်ချီလီတို့ ဗိုလ်လုပွဲတက်

**ကိုပါအမေရိက ၂၀၁၅ ပြိုင်ပွဲများကို ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိရာ အင်္ဂါနေ့နံနက်ပိုင်းက ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်ချီလီအသင်းနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချီလီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။**

COPA AMÉRICA Chile 2015

ဗိုလ်လုပွဲ တက်နိုင်ဖို့အရေး နှစ်သင်းစလုံး ပွဲစစချင်း အားစိုက်ကစားခဲ့ရာ ပွဲချိန် ၇ မိနစ်တွင် ပီရူးနောက်ခံကစားသမား ဇမ်ဘရာနိုကြမ်းတမ်းစွာ ကစားသောကြောင့် အဝါကတ်ပြကာ သတိပေးခံခဲ့ရသည်။

ပွဲချိန် မိနစ် ၂၀ တွင် ဇမ်ဘရာနိုက ထပ်မံ၍ ဘောလုံးဖျက်ထုတ်ရင်း ချီလီကွင်းလယ်ကစားသမား အရန်ဂိုက်ဇ်၏ကျောကို ကန်မိခဲ့သဖြင့် အနီကတ်ပြထုတ်ပယ်ခဲ့သည်။ အိမ်ရှင်ချီလီအသင်းသည် တစ်ယောက်အသာဖြင့် ဖိကစားခဲ့ရာ ပွဲချိန် ၄၂ မိနစ်တွင် ချီလီတိုက်စစ်မှူး ဗားဂက်စ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ပီရူးအသင်း ချေပဂိုးရရန် တန်ပြန်တိုက်စစ်ဆင်ခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် ပီရူးအသင်း

*စာမျက်နှာ ၁၄ ကော်လံ ၄* ❍


ပီရူးတိုက်စစ်မှူး ချီလီနောက်တန်းကို ထိုးဖောက်ရန် ကြိုးစားစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း